# မြဝတီ

နေ့စဉ်

မှန်မည်ထူးမည်၊ မြန်မည်ဦးမည် အသွင်သစ်နှင့်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၃)၊ အမှတ်(၃၅၈)

၁၃၈၅ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်
၂၀၂၄ ခုနှစ်၊ ဧပြီ ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

မချွတ်မယွင်းတရားနှင့်အညီ သူတစ်ပါးတို့ကို အနိုင်အရှုံးဆုံးဖြတ်ပေးသော ပညာရှိကို တရားစောင့်သော၊ တရား၌တည်သော တရားသူကြီးဟုဆိုအပ်၏။

**ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဧပြီ ၉**

နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိရာ အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)တို့ ပူးပေါင်းစီစဉ်၍ ယနေ့တွင် MHM ဆိပ်ကမ်းမှ MV.MCL- 8 သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀ နှင့် MHM ဆိပ်ကမ်းမှ MV. MCL- 7 သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀ တို့ကို ထိုင်းနိုင်ငံသို့တင်ပို့သွားမည်ဖြစ်သည်။

စာမျက်နှာ ၆ ကော်လံ ၁ ♦


# မြန်မာနိုင်ငံအလယ်ပိုင်းနှင့်အထက်ပိုင်း ဒေသများတွင် လေပြင်းတိုက်ခြင်းနှင့် မိုးသီးကြွေခြင်းများဖြစ်ပေါ်နိုင်

**ရန်ကုန် ဧပြီ ၉**

မြန်မာနိုင်ငံအလယ်ပိုင်းနှင့်အထက်ပိုင်းဒေသများတွင် လေပြင်းတိုက်ခြင်းနှင့် မိုးသီးကြွေခြင်းများဖြစ်ပေါ်နိုင်သောကြောင့် သတိထားသင့်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလှထွန်းကပြောသည်။

ယင်းသို့မိုးသီးကြွေခြင်းနှင့်လေပြင်းတိုက်ခြင်းများသည် ဧပြီလအတွင်း သင်္ကြန်ကာလအကျော်နှင့် မေလ လဆန်းရက်များတွင်ဖြစ်ပေါ်လာနိုင်သဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းနှင့်အထက်ပိုင်းဒေသများတွင် နေထိုင်သူများသတိထားသင့်ကြောင်း ၎င်းက ဆိုသည်။

စာမျက်နှာ ၇ ကော်လံ ၁ ▸▸




ဧပြီလ ၁၂ ရက်တွင် ဖြစ်ပေါ်လာနိုင်သည့် နေ့အပူချိန်ပြ ခန့်မှန်းရုပ်ပုံကားချပ်။

**ဆောင်းပါး**

**မဟာသင်္ကြန်ကာလတွင် ပြည်သူအားလုံး သွားလမ်းသာလို့လာလမ်းဖြောင့်ပါစေ**

စာ- ၁၃ သို့

## ထူးခြားသည့်နေ့အပူချိန်များ

၉-၄-၂၀၂၄

| | | |
|---|---|---|
| ချောက် | ၄၅ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၄ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၄ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၄ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၄၄ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၄၃ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၃ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၄၃ | ဒီဂရီဆဲလ်စီးယပ် |
| တောင်တွင်းကြီး | ၄၃ | ဒီဂရီဆဲလ်စီးယပ် |
| ပြည် | ၄၃ | ဒီဂရီဆဲလ်စီးယပ် |




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဧပြီ ၁၀ ရက်)

# နိုင်ငံတော်ကာကွယ်ရေးတာဝန်

နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့်ကာကွယ်ရေးမောင်းနှင်အား ဟူသောမောင်းနှင်အားသုံးရပ် အားကောင်းနေရန်လိုအပ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စီးပွားရေးမောင်းနှင်အားတောင့်တင်းစေရေးအတွက် ပြည်တွင်းထုတ်ကုန်များကို အရည်အသွေးမြင့်မားစွာ ထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့တင်ပို့နိုင်ရေးကြိုးပမ်းလျက်ရှိသည်။ ထို့အတူ ကာကွယ်ရေးမောင်းနှင်အား ပြည့်ဝစေရေးအတွက်လည်း အရွယ်ရောက်သူလူငယ်မောင်မယ်တိုင်း စစ်မှုထမ်းကြရန်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတိုင်းအတွက် အဓိကအရေးပါသည်မှာ ကာကွယ်ရေးမောင်းနှင်အားဖြစ်သည်။ ကာကွယ်ရေးမောင်းနှင်အားခိုင်မာတောင့်တင်းနေမှသာ အခြားသောဖွံ့ဖြိုးတိုးတက်ရေးများကို အောင်မြင်စွာလုပ်ဆောင်နိုင်လိမ့်မည်ဖြစ်သည်။

တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ လွတ်လပ်ရေးရရှိအောင် ဦးဆောင်ကြိုးပမ်းခဲ့ရသလို ရရှိပြီးသားလွတ်လပ်ရေးကိုလည်း တည်တံ့ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်လျက်ရှိသည်။ ထိုသို့ကာကွယ်စောင့်ရှောက်သောတပ်မတော်သားများမှာ မိမိတို့၏သဘောဆန္ဒအလျောက် တပ်မတော်သို့ ဝင်ရောက်စစ်မှုထမ်းကြသူများဖြစ်သည်။ တပ်မတော်တစ်ရပ်ခိုင်ခိုင်မာမာရှိနေ၍လည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး မပြိုမကွဲတည်ရှိနေခြင်းဖြစ်သည်။ တပ်မတော်တစ်ရပ်ခိုင်ခိုင်မာမာရှိနေစေရေးမှာ မျိုးဆက်သစ်အဆက်ဆက်က ထမ်းဆောင်ရမည့်တာဝန်ဖြစ်သည်။ ထိုတာဝန်ကိုထမ်းဆောင်နိုင်ရန်အတွက် အခြေအနေတစ်ရပ်ကို ဖန်တီးပေးရမည်ဖြစ်သည်။ ထိုအခြေအနေမှာ ပြည်သူ့စစ်မှုထမ်းဥပဒေဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေဆိုသည်မှာ ၁၉၅၉ ခုနှစ်ကတည်းကရှိခဲ့ပြီး ၁၉၆၂ ခုနှစ် ဇူလိုင်လ ၁ ရက်တွင် စတင်အာဏာသက်ဝင်ခဲ့သည့်ဥပဒေဖြစ်သည်။ ၁၉၅၉ ခုနှစ်ဥပဒေမှာ သတ်မှတ်ထားသည့်အသက်အရွယ်ရှိသူ နိုင်ငံသားအားလုံးနှင့်သက်ဆိုင်သော်လည်း ဆရာဝန်များအတွက်သာ အဓိကအသုံးချခဲ့ကြောင်းသိရှိရသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ပြည်သူ့စစ်မှုထမ်းဥပဒေကိုပြဋ္ဌာန်းခဲ့သည်။ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့်ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်ကိုထမ်းဆောင်နိုင်ရေးအလို့ငှာ စစ်ပညာသင်ကြားရေးနှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန်ပြဋ္ဌာန်းခြင်းဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အဆိုပါဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာသက်ဝင်ကြောင်း ကြေညာခဲ့သည်။

နိုင်ငံသားတိုင်းသည် မိမိနိုင်ငံ၊ မိမိလူမျိုးကို ကာကွယ်စောင့်ရှောက်ရမည်မှာ မွေးရာပါတာဝန်ဖြစ်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း ပုဒ်မ ၃၈၅ တွင် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့်နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်"ဟူ၍လည်းကောင်း၊ ပုဒ်မ ၃၈၆ တွင် "နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့်နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်"ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားသည်။ တပ်မတော်တွင်တာဝန်ထမ်းဆောင်နေသူအဆက်ဆက်တို့သည် မည်သူတစ်ဦးတစ်ယောက်၏အတင်းအကျပ်တိုက်တွန်းမှုမပါဘဲ တာဝန်ထမ်းဆောင်နေကြခြင်းဖြစ်သော်လည်း အနာဂတ်မျိုးဆက်များအတွက် မိမိနိုင်ငံကို မိမိတို့ကာကွယ်ရန်တာဝန်ရှိသည်ဟူသော အသိအမြင်ကိုသိစေ၊ မြင်စေချင်သည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း နိုင်ငံတော်၏ကာကွယ်ရေးမောင်းနှင်အားတို့ စဉ်ဆက်မပြတ်အင်အားတောင့်တင်းစေချင်သည်။

ဤဥပဒေထုတ်ပြန်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံပျက်စီးရေးကို ဦးတည်လုပ်ဆောင်နေသည့်နိုင်ငံများ၊ ပြည်ပတွင်နေထိုင်သူများ၊ တရားမဝင်မီဒီယာများက မြန်မာတို့၏ကာကွယ်ရေးအင်အားတောင့်တင်းသွားမည်ကို လွန်စွာစိုးရိမ်သည့်အတွက် သတင်းအမှားများ၊ ကောလာဟလများ၊ လုပ်ကြံသည့်ဖြစ်ရပ်များဖြင့် ပြည်သူလူထုကိုတွေဝေအောင်၊ လူငယ်များကိုလမ်းမှားရောက်အောင်လုပ်ဆောင်လျက်ရှိသည်။ မည်သို့သောအနှောင့်အယှက်တို့ရှိနေပါစေ၊ နိုင်ငံနှင့်လူမျိုးကိုချစ်သောလူငယ်များ များစွာရှိနေသည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် ကိုယ်တိုင်ဆန္ဒပြုသူလူငယ်အရေအတွက်များနေ၍ ဦးစားပေးအလိုက် ရွေးချယ်ခဲ့ရကြောင်းကိုလည်း မတ်လ ၂၉ ရက်နေ့ည ရုပ်မြင်သံကြားတွင်တွေ့မြင်လိုက်ရသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ မိမိသဘောဆန္ဒအရ စစ်မှုထမ်းဆောင်မည့်သူများအား လှိုက်လှဲစွာကြိုဆိုကြောင်းသတင်းတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့၏စကားသံများ၊ စစ်မှုထမ်းမည့်လူငယ်များ၏စကားသံများကို ကြားသိမြင်တွေ့ကြရပြီးဖြစ်သည်။ အလားတူ အခြားသောတိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်လည်း မိမိသဘောဆန္ဒအရ စစ်မှုထမ်းဆောင်မည့်သူများ များစွာရှိနေသည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)တွင် တက်ရောက်ရန် မိမိသဘောဆန္ဒအလျောက် စာရင်းပေးသွင်းလာကြသူများအနက် အရည်အချင်းကိုက်ညီသူများအား ဧပြီလ ၈ ရက်တွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းများတွင် သင်တန်းဖွင့်ပွဲများပြုလုပ်ကြသည်။ အနှစ်ချုပ်ဆိုရသော် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်မည့်လူငယ်များကို ကြိုဆိုဂုဏ်ပြုပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ရှာင်၊ အသိပညာပေး

# ရှာင်မြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အကြောင်းအရာများရှင်းလင်း

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာင်မြို့နယ်၌ ကျောက္ကူပြင်ဘုန်းတော်ကြီးကျောင်း၌ ပြည်သူ့စစ်မှုထမ်းဥပဒေချပြရှင်းလင်းခြင်း အခမ်းအနားကို ဧပြီလ ၈ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးက စစ်မှုထမ်းဥပဒေကြောင့် ပြည်သူများစိုးရိမ်လျက်ရှိသော ကောလာဟလများနှင့်ပတ်သက်၍ ယုံကြည်လွဲမှားမှုများမဖြစ်ပေါ်စေရေးကို ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးကျော်ကျော်ဝင်းက ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် အသက်အပိုင်းအခြားနှင့် ထမ်းဆောင်ရမည့်ကာလများ၊ စစ်မှုထမ်းခြင်းအတွက် ယာယီကင်းလွတ်ခွင့်ရှိသူများနှင့် ဆင့်ခေါ်စာရရှိပါက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ပြစ်မှုပြစ်ဒဏ်နှင့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများ စိုးရိမ်ပူပင်သောက မဖြစ်ကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၃) ဦးတင်ဇော်လင်းက နိုင်ငံသားတိုင်းထမ်းဆောင်ရမည်ဖြစ်သောကြောင့် ပူပင်သောကမရှိဘဲ ဥပဒေ၊ နည်းဥပဒေများလိုက်နာပြီး အလှည့်ကျစနစ်ဖြင့် ထမ်းဆောင်ကြရန်ဆွေးနွေးပြီး တက်ရောက်လာသူများက သိလိုသည်များမေးမြန်းကြရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြကြောင်း သိရသည်။

(၄၀၅)

မိတ္ထီလာ၊ လှူမှုရေး

# မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေ ဆဋ္ဌမအကြိမ်မြောက် ထုတ်ချေး

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် တောင်ဖီလာကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းလည်ပတ်ရန်ပုံငွေ ဆဋ္ဌမအကြိမ်မြောက် ထုတ်ချေးပေးခြင်းကို ဧပြီလ ၈ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက ခင်တဲကျေးရွာအုပ်စု တောင်ဖီလာကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားစေရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာအတွက် အမှန်တကယ်လိုအပ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကို ဆဋ္ဌမအကြိမ်မြောက် ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကိုရှင်းလင်းပြောကြားပြီး ကျေးရွာစီမံကိန်းအဖွဲ့ဝင်များထံ လည်ပတ်ရန်ပုံငွေကျပ် ၅၀၅ သိန်းအား ပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တောင်ဖီလာကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးအား စီမံကိန်းရန်ပုံငွေကျပ် ၁၆၁ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် အသင်းသား၊ အသင်းသူ ၆၄ ဦးတို့အား စီမံကိန်းရန်ပုံငွေကျပ် ၃၄၄ သိန်းအား အသီးသီးထုတ်ချေးပေးကြောင်း သိရသည်။

(၆၀၂)

## ♫♫ သဇင်(FM) အသံလွှင့်အစီအစဉ် ♫♫

၁၀-၄-၂၀၂၄(ဗုဒ္ဓဟူးနေ့)

၁။ ၀၈း၀၀ ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင်

၂။ ၁၂း၁၅ Special Music Time

၃။ ၁၃း၀၀ ပြည်သူ့ကြားက ပြည်သူ့စကား

၄။ ၁၆း၂၀ K Pop

၅။ ၂၁း၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်) အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးအောင်မျိုးအေး၊ ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

ရန်ကုန်၊ လူမှုရေး

# လှိုင်မြို့နယ်ရှိ သီရိမင်္ဂလာဈေးကို သင်္ကြန်ပွဲတော်ကာလအတွင်း ပိတ်ရက်မရှိ နေ့စဉ်ဖွင့်လှစ်ရောင်းချမည်



ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ သီရိမင်္ဂလာဈေးကို သင်္ကြန်ပွဲတော်ကာလအတွင်း ပိတ်ရက်မရှိ နေ့စဉ်ဖွင့်လှစ်ရောင်းချမည်ဖြစ်ကြောင်း သီရိမင်္ဂလာဈေးမှ ဈေးတာဝန်ခံ ဦးအောင်လင်းဦး၏ပြောဆိုချက်အရ သိရသည်။

သီရိမင်္ဂလာဈေးသည် ကုန်စိမ်းလက်ကားဈေးဖြစ်သည့်အတွက် မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှထွက်ရှိသော သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စသည့် ကုန်စိမ်းများဝင်ရောက်ကာ အဆိုပါဈေးမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဈေးများ၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ် စသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပြန်လည်ဖြန့်ဖြူး ရောင်းချပေးလျက်ရှိသည်။

"သီရိမင်္ဂလာဈေးကို သင်္ကြန်ပွဲတော်ကာလဖြစ်တဲ့ ဧပြီလ ၁၃ ရက် (သင်္ကြန်အကြိုနေ့)ကနေ ဧပြီလ ၁၇ ရက်(မြန်မာနှစ်ဆန်းတစ်ရက်နေ့)အထိ ပိတ်ရက်မရှိဘဲ နေ့စဉ် နံနက် ၄ နာရီကနေ ည ၇ နာရီအထိ ဖွင့်လှစ်ရောင်းချပေးမှာဖြစ်ပါတယ်။ လက်ရှိမှာ ပူပြင်းတဲ့နွေရာသီကို ရောက်ရှိလာတာကြောင့် သီရိမင်္ဂလာဈေးအတွင်းမှာ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဈေးသူ၊ ဈေးသားတွေကို အသိပညာပေး လှည့်လည်နှိုးဆော်နေပါတယ်။ ဈေးနေရာအနှံ့အပြားမှာ တပ်ဆင်ထားတဲ့ CCTV ကင်မရာတွေကလည်း ဂရုတစိုက်စောင့်ကြည့်ပြီး ကြပ်မတ်ဆောင်ရွက်နေပါတယ်။ မီးဘေးကာကွယ်ရေးပစ္စည်းတွေ၊ ရေလှောင်ကန်တွေကိုလည်း လိုအပ်လာရင် အသုံးပြုနိုင်အောင် အသင့်ပြင်ဆင်ဆောင်ရွက်ထားပါတယ်" ဟု ဦးအောင်လင်းဦးကပြောသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများနှင့် ကုန်စည်ပွဲရုံများဌာနမှ သီရိမင်္ဂလာဈေးကို လှိုင်မြို့နယ် အမှတ်(၄) ရပ်ကွက်၌ ၂၀၁၀ ပြည့်နှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး လက်ရှိတွင် မှတ်ပုံတင်ဆိုင်ခန်းပေါင်း ၂၀၉၈ ခန်းနှင့် ပျံကျဆိုင်ခန်းပေါင်း ၂၄၀၀ ကျော် စုစုပေါင်း ဆိုင်ခန်း ၄၄၀၀ ကျော် ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း၊ ယခုအခါ သီရိမင်္ဂလာဈေးသို့ အနယ်နယ်အရပ်ရပ်မှ စိုက်ပျိုးထွက်ရှိသော ဖရဲ၊ သခွားမွှေး၊ သင်္ဘောနှင့်နာနတ် စသည့် ရာသီပေါ်သီးနှံများ လှိုင်လှိုင်ဝင်ရောက်ကာ အရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရသည်။

သီရိမင်္ဂလာဈေး၌ ရောင်းဝယ်ဖောက်ကားသောအချိန်မှာ နံနက် ၄ နာရီမှ ည ၇ နာရီအထိဖြစ်သော်လည်း ထိုအချိန်ထက် နောက်ကျ၍ ကုန်တင်ကားများ ရောက်ရှိလာလျှင် ရောင်းဝယ်ရေးအဆင်ပြေစေရန် ညဘက်တွင် ကုန်များပြင်ဆင်ဆောင်ရွက်ခြင်းကိုလည်း ခွင့်ပြုပေးထားကြောင်း သိရသည်။

**ဆောင်းဦး**

ရန်ကုန်၊ သဘာဝဘေးအန္တရာယ်

# ပြီးခဲ့သည့်ဘဏ္ဍာနှစ်က နိုင်ငံတစ်ဝန်း၌ ဘေးအန္တရာယ်ဖြစ်ပွားမှု ၁၈၅၇ ကြိမ်ရှိပြီး ငွေကျပ် ၃ ဒသမ ၂၈၉ ဘီလီယံကျော်ပံ့ပိုးပေးနိုင်ခဲ့

ပြီးခဲ့သည့်ဘဏ္ဍာနှစ်က နိုင်ငံတစ်ဝန်း၌ လေပြင်းဘေးအပါအဝင် ဘေးအန္တရာယ်ဖြစ်ပွားမှုစုစုပေါင်း အကြိမ်ရေ ၁၈၅၇ ကြိမ်ဖြစ်ပွားခဲ့ပြီး ဘာသာရေးကျောင်း ၁၁၀၀ ကျော်၊ အိမ်ခြေပေါင်း ၂၄၀၀၀ ကျော် ထိခိုက်ပျက်စီးကာ အိမ်ထောင်စုပေါင်း ၆၈၀၀၀ ကျော် ဘေးအန္တရာယ်ဖြစ်ပွားခဲ့ရာ နိုင်ငံတော်မှ ငွေကျပ် ၃ ဒသမ ၂၈၉ ဘီလီယံကျော် ပံ့ပိုးကူညီပေးခဲ့ကြောင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

အဆိုပါ ဘေးအန္တရာယ်ဖြစ်ပွားခြင်းများအတွက် ပံ့ပိုးကူညီမှုများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှတစ်ဆင့် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး သဘာဝဘေးအန္တရာယ်ဖြစ်ပွားနိုင်ခြေများသော အရပ်ဒေသများ၌လည်း ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

"ပြီးခဲ့တဲ့ဘဏ္ဍာနှစ်က လေပြင်းဘေး ၆၅၃ ကြိမ်ဖြစ်ပွားခဲ့ပြီး လေပြင်းဘေးအပါအဝင် သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုစုစုပေါင်း ၁၈၅၇ ကြိမ်ဖြစ်ပွားခဲ့ပါတယ်။ ဘာသာရေးကျောင်း ၁၁၀၀ ကျော်၊ အိမ်ခြေပေါင်း ၂၄၀၀၀ ကျော်ထိခိုက်ပျက်စီးခဲ့ပြီး အိမ်ထောင်စုပေါင်း ၆၈၀၀၀ ကျော် ဘေးအန္တရာယ်တွေ့ကြုံခဲ့ပြီး နိုင်ငံတော်အနေနဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကနေ ငွေကျပ် ၃ ဒသမ ၂၈၉ ဘီလီယံကျော် ပံ့ပိုးပေးခဲ့ပါတယ်" ဟု ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်လွဲ့လွဲ့အေးကပြောသည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ မတ်လ ၂၅ ရက်အထိ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် စသည့်တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်ခဲ့ပြီး ပြိုကျပျက်စီးသောအိမ် ၁၈ လုံး၊ တစ်စိတ်တစ်ပိုင်းပျက်စီးသောအိမ် ၁၇၄ လုံးနှင့် ဘေးသင့်လူဦးရေ ၇၂၁ ဦးရှိခဲ့ကာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပံ့ပိုးကူညီမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဆောင်းဦး**

မြောင်းမြ၊ စိုက်ပျိုးရေး

# မြောင်းမြခရိုင်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲတီစိမ်း ၄၈၃၃၁ ဧက ရိတ်သိမ်းပြီးစီး

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲတီစိမ်း ၄၈၃၃၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်း၏ပြောပြချက်အရ သိရသည်။

မြောင်းမြခရိုင်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲတီစိမ်း ၈၄၆၁၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးခဲ့သော ပဲတီစိမ်းများကို ဖေဖော်ဝါရီလဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ၄၈၃၃၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ရိတ်သိမ်းပြီးဖြစ်သော ပဲတီစိမ်း တစ်ဧကလျှင် ၂၁ ဒသမ ၀၁ တင်းအထိ ထွက်ရှိကြောင်း သိရသည်။

"မြောင်းမြခရိုင်မှာ ပဲတီစိမ်းဧက ၈၄၀၀၀ ကျော်အထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ ရိတ်သိမ်းနေတဲ့ ပဲတီစိမ်းတွေကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေကို လိုအပ်တဲ့ သွင်းအားစုတွေနဲ့ စိုက်ပျိုးရေးနည်းပညာတွေကို အားဖြည့်ကူညီလုပ်ဆောင်ပေးခဲ့ပါတယ်။ လက်ရှိ ပဲတီစိမ်းဧက ၄၈၀၀၀ ကျော်အထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ရိတ်သိမ်းဖို့ကျန်တဲ့ ပဲတီစိမ်းတွေကို ဆက်လက်ရိတ်သိမ်းနေပါတယ်။ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဓာတ်မြေဩဇာတွေ စနစ်တကျအသုံးပြုစေဖို့ အကုန်အကျသက်သာစေဖို့ ဓာတ်မြေဩဇာ အစားထိုးမြေဩဇာတွေ ပြုလုပ်အသုံးပြုနိုင်ဖို့ နည်းပညာပေးလုပ်ငန်းတွေကိုလည်း တခြားစိုက်ပျိုးရေးနဲ့ဆက်စပ်တဲ့ဌာနတွေ ပူးပေါင်းကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ဦးကျော်မိုးဝင်းကပြောသည်။

မြောင်းမြခရိုင်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲတီစိမ်း ၈၄၆၁၉ ဧကစိုက်ပျိုးခဲ့ရာ မြောင်းမြမြို့နယ်၌ ဧက ၈၂၂၀၊ အိမ်မဲမြို့နယ်၌ ၃၂၉၆၅ ဧက၊ ဝါးခယ်မမြို့နယ်၌ ၄၃၄၃၄ ဧက စိုက်ပျိုးခဲ့ပြီး လက်ရှိ ပဲတီစိမ်းရိတ်သိမ်းပြီးစီးမှုအနေဖြင့် မြောင်းမြမြို့နယ်၌ ဧက ၁၄၅၀၊ အိမ်မဲမြို့နယ်၌ ၃၁၈၉၄ ဧက၊ ဝါးခယ်မမြို့နယ်၌ ၁၄၉၈၇ ဧက စုစုပေါင်း ၄၈၃၃၁ ဧကဖြစ်ကြောင်း သိရသည်။

**သုတကျော်**

## ကာတွန်း



# အောင်ရဲ့အောင်

ခင်ဆွေဦး

**ယမန်နေ့မှအဆက်**

"ကိုင်း . . . ဒီလိုဆိုရင် အဲဒီနောက်တစ်ခုကို ဖတ်ပြီး အောင့်ကိုပြန်ပေးမယ်"

"ကိုလတ် သိပ်ဆိုးတာပဲ၊ တကယ်မတရားဘူး၊ ကျွန်တော့်ကို သိပ်နိုင်တာပဲ၊ ပေး ပြန်ပေး"

စာအုပ်ကို ပြန်လုသော အောင်၏လက်ကို ကိုလတ်သည် ဆွဲဖယ်ပစ်လိုက်ပြီး . . .

"ဘာဖြစ်လဲ အောင်ရဲ့၊ ဖတ်လို့ကောင်းပါတယ်"

"ကိုလတ် . . . ကျွန်တော့်ကို အရှက်ရအောင်လုပ်တာပေါ့၊ နည်းနည်းမှ ကျွန်တော့်ကို မညှာတော့ဘူးလား"

အောင်သည် ပြောရင်းဆိုရင်း မျက်ရည်တွေ လည်လာလေသည်။

ကိုလတ် အောင့်မျက်လုံးတွေကို တစ်အောင့်မျှ စိုက်ငေးနေသည်။

အောင် ဝမ်းနည်းထိခိုက်နေတာမြင်လျှင် ကိုလတ် အလျှော့ပေးလိုက်လိမ့်မည်ဟု အောင်သည် မျှော်လင့်မိသေးသည်။

ထင်သည့်အတိုင်း ဖြစ်မလာ။

ကိုလတ်က စာအုပ်ကို ပြန်မပေးတော့။

"ကိုယ်တို့မှာ တစ်ယောက်နဲ့တစ်ယောက် လျှို့ဝှက်ချက်ဆိုတာမရှိဘူး၊ အထူးသဖြင့် ကိုယ်နဲ့ကိုအောင်မှာပေါ့၊ ကိုအောင်နဲ့ ကိုယ်နဲ့ဆက်ဆံရေးကို အတွင်းကျကျသိရရင် အောင် ဒီထက် ပိုအုံ့ဩလိမ့်မယ်၊ ဒါကြောင့် အောင့်ရဲ့လျှို့ဝှက်ချက်ကိုလည်း ကိုယ်တူးဖော်ရတာ ဝမ်းနည်းပါတယ်"

သူဖတ်နေတာ အောင် ရှက်နေရင် စာအုပ်တစ်အုပ်ကို ယူဖတ်နေတဲ့။ သူ အော်မဖတ်ပါဘူး၊ စိတ်ထဲက တိတ်တိတ်လေးဖတ်မှာပါတဲ့။ ကိုလတ်၏စရိုက်နှင့် ပတ်သက်၍ ဗလတို့ တစ်ခါက အကဲဖြတ်တာ မှန်တာပေါ့။

တစ်ခါတုန်းက ဗလပြောခဲ့ဖူးသည်။

"သူတို့ပုံကို ကြည့်ပါလား၊ ဟိုလူက လူပုံက ချောချောပေမယ့် သွေးအေးအေးနဲ့ ဘာမှအလျှော့ပေးမှာမဟုတ်ဘူး၊ ဒီလူကတော့ လူပုံက စပ်ပဲ၊ စိတ်နေသဘောထားကတော့ ကိုလတ်ကြီးထက် ပိုပျော့ပျောင်းတယ်၊ နင်တို့က သူ့ကိုသာကြောက်တာ၊ သူက နည်းနည်းမှ ကြောက်စရာမကောင်းဘူး၊ ကိုလတ်နဲ့ကျ သူကချည်းခံနေရတာ၊ သူကချည်း အလျှော့ပေးတာ"တဲ့လေ။

သည်တော့ အောင်သည် မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို ကောက်ကိုင်ကာ စိတ်မပါ့တပါနှင့် ဖတ်ရင်း မျက်ရည်တွေကျလာလေသည်။

အပြင်တွင် မိုးတွေ ဖြိုင်ဖြိုင်ရွာချနေသည်။

မိုးရေစက်တို့သည် မှန်ပြတင်းပေါက်ကို မှုန်သွားအောင် ပက်လိုက်ကြသည်။

ဝင်းလက်သော လျှပ်ရောင်သည် တံခါးကြားထဲမှ တိုးဝင်လာခဲ့လေသည်။

မိုးမှောင်ကြီးကျလာသဖြင့် ကိုလတ်သည် မီးခလုတ်ကို ထဖွင့်လေသည်။

မီးချောင်းအရောင်သည် တစ်ဖျပ်နှစ်ဖျပ် မျက်တောင်ခတ်ပြီးနောက် ပြာ၍ လင်းလာနေသည်။

ကိုလတ်သည် အောင့်ကို လုံးဝဥပေက္ခာပြုလျက် အောင်ရေးထားသော စာပုဒ်တွေကိုသာ တစ်ကြောင်းပြီးတစ်ကြောင်း စိတ်ဝင်စားစွာ ဖတ်နေသည်။

**အခန်း(၂၆)**

**ဝိညာဉ်အရိပ်**

မထင်မှတ်ဘဲ
ဝိညာဉ်နှစ်ခုက
တစ်သားတည်းဖြစ်ခဲ့တယ်။
ဝိညာဉ်နှစ်ခုက တစ်ခုနဲ့တစ်ခု
တပေါင်းတည်း စုလာတဲ့အခါမှာ
စာနာမှုတွေနဲ့
တစ်ဦးကိုတစ်ဦး နားလည်လာတယ်။
လူ့ဘဝအတွက်
အကောင်းဆုံးရည်ရွယ်ချက်ရောက်အောင်
ဒီဝိညာဉ်နှစ်ခုက
တွန်းအားနဲ့ ပို့ပေးလိမ့်မယ်။
အပေါင်းအပေါင်းသာဖြစ်တဲ့ ဝိညာဉ်နှစ်ခုဖြစ်တယ်။
စကတည်းက ဝိညာဉ်တစ်ခုတည်းပါပဲ။
မွေးဖွားလာကာ ဖြစ်တည်လာပြီး
ကျန်တာက အရိပ်
မူလဝိညာဉ်ရဲ့အရိပ်ပါ။
လက်စသတ်တော့
ကိုယ်ဟာ သူ့ဝိညာဉ်ရဲ့အရိပ် ဖြစ်နေပါကောလား။
"နယုန်လပြည့်နေ့ည"
"နယုန်လပြည့်နေ့ညတဲ့"

ကိုလတ်၏ရင်ထဲတွင် တီးတိုးခွန်းဆင့် ရေရွတ်လိုက်မိ၏။



အပေါင်းအနုတ် (ဝါ) အနုတ်အပေါင်းလည်း
မဟုတ်ပါဘူး။
ဖြူစင်တဲ့၊ ရိုးသားတဲ့၊ နိုးကြားတဲ့
တက်ကြွတဲ့ ဝိညာဉ်နှစ်ခုပါ။
အို သေသေချာချာတွေးကြည့်တော့လည်း
ဝိညာဉ်ဟာ နှစ်ခုမဟုတ်ပါလား။

အောင့်ကို လှမ်းကြည့်ပြီး သူ့ရင်ထဲမှာ တုန်ယင်လှုပ်ရှားသွားသောစိတ်ကို ထိန်းကာ တည်ငြိမ်စွာ ပြုံးလိုက်သည်။

ဇောက်ထိုးထောင်လျက် ကြည့်နေသောမဂ္ဂဇင်းကို အသာဆွဲယူလိုက်သည်။

ဆက်လက်ဖော်ပြပါမည်။

---

ကျောက်ဆည်၊ ပညာရေး

## ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ ပုံနှိပ်စာအုပ်များနှင့် သင်ထောက်ကူပစ္စည်းများ စတင်ထုတ်ပေး

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးငယ်များအား ကျောင်းသုံးဗလာစာအုပ်များ၊ ပုံနှိပ်စာအုပ်များနှင့် သင်ထောက်ကူပစ္စည်းများ အခမဲ့ပံ့ပိုးပေးနိုင်ရေး ဧပြီ ၉ ရက်တွင် ကျောက်ဆည်မြို့နယ်ပညာရေးမှူးရုံး၌ စတင်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ထို့သို့ ကျောင်းသုံးဗလာစာအုပ်များ၊ ပုံနှိပ်စာအုပ်များနှင့် သင်ထောက်ကူပစ္စည်းများထုတ်ပေးရာတွင် ကျောက်ဆည်မြို့နယ် ပညာရေးမှူးရုံးမှ တာဝန်ရှိသူများက သက်ဆိုင်ရာအခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများအား ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် KG မှ Grade-12 အထိ ပညာသင်ယူမည့် ကျောင်းသား၊ ကျောင်းသူအရေအတွက်နှင့်အညီ ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ခဲတံများ၊ ဘောပင်များထုတ်ပေးလျက်ရှိသည်။



ထို့ပြင် Grade-2 မှ Grade-4 ကျောင်းသား၊ ကျောင်းသူများအား သင်ထောက်ကူပစ္စည်းများဖြစ်သည့် ရုပ်ကတ်၊ A-4 စာရွက်၊ စည်းဝါးအစုံ၊ နာရီအကြီး၊ အသေး၊ အလီဇယား၊ Square Paper၊ Dot Paper၊ အတွဲ(၁) ကာယဗီဇိုင်း၊ အတွဲ(၂) ကာယဗီဇိုင်းများကို စနစ်တကျထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်၌ အခြေခံပညာကျောင်း ၁၈၆ ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၁၈ ကျောင်းရှိကြောင်း သိရသည်။

**ချမ်းမြေ့**

---

သဲကုန်း၊ အသိပညာပေး

## သဲကုန်းမြို့နယ်၌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်ပြပွဲကျင်းပ

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ ဗဟုသုတပြည့်စုံစေရန်ရည်ရွယ်၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ဧပြီ ၈ ရက်က အခြေခံပညာအထက်တန်းကျောင်း (သဲကုန်း)၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာဦးစီးဌာန ဒုတိယ လက်ထောက်ကြီးကြပ်ရေးမှူး ဒေါ်ခင်မိုးဆွေက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပြည့်ဖြိုးသူက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်၊ ရည်မှန်းချက်၊ Social Media ၏ ကောင်းကျိုး၊ ဆိုးကျိုးများ၊ အားလပ်ချိန် စာပေဖတ်ရှုလေ့လာရန်၊ လူငယ်များ သိသင့်သိထိုက်သည့် ဗဟုသုတအကြောင်းအရာများ၊ ပညာ၏တန်ဖိုးများ၊ လူငယ်များ အကျင့်စာရိတ္တကောင်းမွန်စေရေး အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားမှူး ဦးကျော်ဝင်းက အားကစားကို ချစ်မြတ်နိုးတတ်စေရန်၊ မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ပေါ်ထွက်လာစေရန် ယခုကဲ့သို့ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များ၊ သုတ၊ ရသ စာအုပ်၊ စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ကိုကျော်(ပြန်/ဆက်)**

ကျောက်ပန်းတောင်း၊ စိုက်ပျိုးရေး

# ကျောက်ပန်းတောင်းမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးသော ကြက်သွန်နီများ စတင်နုတ်သိမ်း


မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်၌ ပြီးခဲ့သည့် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးသော ကြက်သွန်နီများ စတင်နုတ်သိမ်းနေပြီဖြစ်ရာ ရောင်းချချိန်တွင် ဈေးကောင်းရရှိနေခြင်းကြောင့် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကြက်သွန်နီစိုက်ပျိုးမည့်တောင်သူ များပြားလာနိုင်ကြောင်း ကန်ပတ်လည်အုပ်စု လဲဂွကျေးရွာမှ ဆောင်းကြက်သွန်နီစိုက်ပျိုးတောင်သူ ဦးတင်ထွန်း၏ပြောဆိုချက်အရ သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်၌ ကျေးရွာအုပ်စု ၁၀၉ စု ကျေးရွာပေါင်း ၃၃၉ ရွာရှိပြီး ဆောင်းကြက်သွန်နီစိုက်ပျိုးသည့် ကြက်မောက်တောင်ဆည် ပတ်ဝန်းကျင် ကျေးရွာများဖြစ်သော လက်ပံအိုင့်၊ လဲဂွ၊ ညောင်ဖြူပင်၊ ကုန်းတဲ၊ ဆပ်ပြာကျင်း၊ မုန့်ကုန်း၊ ညောင်ချိုင်းတောင်၊ ညောင်ချိုင်းမြောက်၊ ကင်မွန်းခြုံ၊ ကျောက်တံခါး၊ ညောင်ပင်သာ၊ ကိုင်း၊ မြိုင်သာယာ၊ စည်ပင်သာ၊ မကြီးတိုင်း၊ အိုးအိုင်၊ ဖိုကုန်း၊ စန်းပွင့်ကျေးရွာများနှင့် ကျောက်ပန်းတောင်း-နတ်မောက်အစပ် ရေဆုံးကျေးရွာအုပ်စု ကျေးရွာများ၊ ပုပ္ပားဒေသမြောက်ဘက် ကမ်းဖြူ၊ စိတ္တိန်းကျေးရွာများသည် ဆောင်းကြက်သွန်နီ အမြောက်အမြားစိုက်ပျိုးကြသည်။

ဆောင်းကြက်သွန်နီစိုက်ပျိုးရန် ကြက်သွန်နီပျိုး(မျိုးစေ့)ကို သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလတို့တွင် စတင်ပျိုးထောင်ကြပြီး ပျိုးသက် ၄၅ ရက်ရှိလျှင် ကြက်သွန်စိုက်မည့်စိုက်ခင်းသို့ ရွှေ့ပြောင်းစိုက်ပျိုးကြကြောင်း၊ ကြက်သွန်စိုက်ခင်းသို့ ရွှေ့ပြောင်းမစိုက်ပျိုးမီ စိုက်ခင်းကို မြေဆီ၊ မြေနှစ်များဖြစ်သည့် နွားချေး၊ ဆိတ်ချေး၊ ငုံးချေး၊ ကြက်ချေး၊ နှမ်းဖတ်၊ ပဲဖတ်တို့ ကြဲပက်ကာ အပူဓာတ်ကင်းသည်အထိ ထွန်ယက်ထားရကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်၌ ဆောင်းကြက်သွန်နီစိုက်ပျိုးရာတွင် ကုန်းကြက်သွန်နီနှင့် ချောင်းကြက်သွန်နီနှစ်မျိုးရှိကြောင်း၊ ချောင်းကြက်သွန်နီစိုက်ပျိုးရာတွင် ရေသွင်းခြင်း၊ ဖျန်းပေးခြင်းများကို ပိုမိုပြုလုပ်ပေးရကြောင်း၊ ထွန်စက်၊ နွားရှည်း၊ မြေဆီ၊ အလုပ်သမားခများအပါအဝင် ဆောင်းကြက်သွန်နီတစ်ဧကလျှင် စိုက်ပျိုးစရိတ် ငွေကျပ် သိန်း ၂၀ ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးပြီး ရက် ၉၀ ကြာလျှင် အပြီးနုတ်သိမ်းကြကြောင်း သိရသည်။

**ဒီပါလင်း**




ရန်ကုန်၊ လူမှုရေး

# တွံတေးမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ နွေရာသီ အခြေခံပုံရေးဆွဲနည်း သင်တန်းဖွင့်ပွဲကျင်းပ




ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးငယ်များ နွေရာသီကျောင်းပိတ်ရက် အားလပ်ချိန်အတွင်း အသိပညာဗဟုသုတရရှိစေရန်နှင့် အခြေခံပုံရေးဆွဲနည်းများကို တတ်မြောက်ပြီး ကျောင်းစာတွင် အသုံးချတတ်စေရန် ရည်ရွယ်၍ ဧပြီလ ၈ ရက်က မြို့နယ်ပြည်သူ့စာကြည့်တိုက်ရှိ လူထုအခြေပြုဗဟိုဌာန (Community Centre) ၌ နွေရာသီ အခြေခံပုံရေးဆွဲနည်းသင်တန်း ဖွင့်ပွဲ ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူဖြူဝင်းက သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်ကို ပြောကြားပြီး သင်တန်းနည်းပြ ဦးဝင်းထွဋ်က ကျောင်းသား၊ ကျောင်းသူများအား အခြေခံပုံရေးဆွဲနည်းပညာ၊ မျဉ်းဖြောင့်၊ မျဉ်းကွေး၏သဘောသဘာဝများ၊ အခြေခံပုံရေးဆွဲရာတွင် လိုက်နာရမည့်အချက်များကိုပြောကြားကာ ပုံရေးဆွဲနည်းကို သင်ကြားပေးသည်။

ယင်းသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၈ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကို ဧပြီလ ၈ ရက်မှ ၁၂ ရက်အထိ နေ့စဉ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**တွံတေးသား**

ရန်ကုန်၊ ကုန်သွယ်ရေး

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တစ်နှစ်တာကာလအတွင်း ပြည်ပသို့ စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၈၀၀၀ ကျော်ရရှိ

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံမှ ပြည်ပသို့ စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၈၀၀၀ ကျော်ရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်စ ၂၀၂၃ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက်အထိ ပြည်ပသို့ စက်မှုကုန်ချောတင်ပို့မှုအနေဖြင့် နိုင်ငံပိုင်မှ အမေရိကန်ဒေါ်လာ ၃၃၃၅ ဒသမ ၅၂၅ သန်းရရှိပြီး ပုဂ္ဂလိကပိုင်မှ အမေရိကန်ဒေါ်လာ ၅၅၁၂ ဒသမ ၅၄၂ သန်းရရှိသည့်အတွက် စုစုပေါင်းအမေရိကန်ဒေါ်လာ ၈၈၄၈ ဒသမ ၀၆၇ သန်းရရှိကြောင်း သိရသည်။

ပြီးခဲ့သည့်ဘဏ္ဍာနှစ်တစ်နှစ်တာကာလအတွင်း ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချောနှင့် တခြားပို့ကုန်များတင်ပို့ရာ ပို့ကုန်တင်ပို့မှုမှ စုစုပေါင်း အမေရိကန် ဒေါ်လာ ၁၄၆၁၈ ဒသမ ၄၅၉ သန်းရရှိခဲ့ရာ ယင်းပို့ကုန်များထဲတွင် စက်မှုကုန်ချောတင်ပို့မှုမှ အများဆုံးရရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ အဓိကပြည်ပပို့ကုန်တွင် စက်မှုကုန်ချောတစ်ခုဖြစ်သည့် ချုပ်ပြီးအထည်တင်ပို့မှုသည် ပထမနေရာတွင်ရှိနေပြီး စက်မှုကုန်ချောပစ္စည်းများထဲတွင် ချုပ်ပြီးအထည်များအပြင် သကြား၊ လက်ဝတ်ရတနာ၊ သဘာဝဓာတ်ငွေ့ စသည့်ပစ္စည်းများတင်ပို့လျက်ရှိကြောင်း သိရသည်။

**စောယု**

မိုးညှင်း၊ သက်မွေးသင်တန်း

# မိုးညှင်းခရိုင်၌ ယခုဘဏ္ဍာနှစ်အတွင်း အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်း ၁၁ ကြိမ် ဖွင့်လှစ်မည်

ကချင်ပြည်နယ် မိုးညှင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် ဒေသနှင့်လိုက်လျောညီထွေမှုရှိသော အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း ၁၁ ကြိမ်ဖွင့်လှစ်မည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနရုံးမှ သိရသည်။

မိုးညှင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်က အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းခြောက်ကြိမ်၊ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် မိသားစုဝင်ငွေတိုးရေးစီမံကိန်းသင်တန်းနှစ်ကြိမ် စုစုပေါင်းသင်တန်းရှစ်ကြိမ်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်း တစ်ကြိမ်၊ အခြေခံအိမ်တွင်းလျှပ်စစ်သွယ်တန်းနည်းသင်တန်းတစ်ကြိမ်နှင့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းသုံးကြိမ်၊ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် မိသားစုဝင်ငွေတိုးရေးစီမံကိန်းသင်တန်းသုံးကြိမ်၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာသင်တန်းသုံးကြိမ် စုစုပေါင်းသင်တန်း ၁၁ ကြိမ် ဖွင့်လှစ်မည်ဖြစ်သည်။

ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများနှင့် မြို့ပြနေအခြေခံပြည်သူများ အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာများ ရရှိခြင်းဖြင့် ကိုယ်ပိုင်စီးပွားရေးနှင့်မိသားစုတစ်နိုင်တစ်ပိုင်လုပ်ငန်းငယ်များ ပေါ်ထွက်လာစေခြင်း၊ သွင်းကုန်အစားထိုးတန်ဖိုးမြှင့်စားသောက်ကုန်များ ထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်ပမှဝယ်ယူရသော စားသောက်ကုန်များ တင်သွင်းမှုလျော့နည်းလာစေခြင်းနှင့် သင်တန်းတက်ရောက်ပြီးသည့် သင်တန်းသား၊ သင်တန်းသူများအနေဖြင့် အစားအသောက်ဆိုင်ရာများကို ဥပဒေနှင့်အညီ ဘေးအန္တရာယ်ကင်းရှင်းစွာ ကိုယ်ပိုင်လုပ်ငန်းများ တည်ထောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ရွှေမိုးညှင်း**

နေပြည်တော်    ဧပြီ    ၉

# မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား လက်မှတ်ရေးထိုးခဲ့သော ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာအား အကောင်အထည်ဖော်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးကျင်းပ



မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင် (အီးအီးစီ) တို့အကြား ၂၀၂၃ ခုနှစ် ဇွန်လ ၁၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့သော ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာအား အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးနှင့် ဆက်စပ်အစီအစဉ်များကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ အပိုင်းနှစ်ပိုင်းခွဲ၍ ကျင်းပသည်။

ဦးစွာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ မစ္စတာ ကလာဘူကော့ဗ် ပါဗယ်လ်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် ဥရောပအာရှစီးပွားရေးကော်မရှင် မေခရိုစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာဆာဂေးဂလေးဇီးယပ်က ဥရောပအာရှစီးပွားရေးကော်မရှင်၏ ပေါင်းစည်းရေးလုပ်ငန်းဆောင်ရွက်ချက်များနှင့် နည်းပညာ၊ စီးပွားရေး၊ အဖွဲ့အစည်းဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာရှုထောင့်များမှ မဟာဥရောပအာရှ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး ဥရောပအာရှစီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များက မိမိတို့၏ ကုမ္ပဏီများအကြောင်းကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား လက်မှတ်ရေးထိုးခဲ့သော ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာအရ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးကို ကျင်းပသည်။ အစည်းအဝေးသို့ ဥရောပအာရှစီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဝင် အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာဆာဂေးဂလေးဇီးယပ်နှင့် ကိုယ်စားလှယ်အဖွဲ့က လူကိုယ်တိုင်တက်ရောက်ခဲ့ပြီး ဥရောပအာရှစီးပွားရေးကော်မရှင်၊ စိုက်ပျိုးရေးဆိုင်ရာမူဝါဒဌာန၊ စက်မှုရေးရာမူဝါဒဌာန၊ ပို့ဆောင်ရေးနှင့် အခြေခံအဆောက်အအုံဌာန၊ စွမ်းအင်ကုန်သွယ်ရေးဖွံ့ဖြိုးမှုဌာန၊ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးမှုဌာန၊ သတင်းအချက်အလက်နည်းပညာဌာနနှင့် စီးပွားရေးကောင်စီတို့မှ ကိုယ်စားလှယ်များက ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် တက်ရောက်သည်။

ပူးတွဲလုပ်ငန်းအဖွဲ့၏ ပူးတွဲဥက္ကဋ္ဌများဖြစ်သည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် မစ္စတာဆာဂေးဂလေးဇီးယပ်တို့က အဖွင့်အမှာစကားပြောကြားကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ် အစည်းအဝေးကို မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ပိုမိုထိရောက်မှုရှိစေရန်နှင့် နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေးပူးပေါင်းမှုများကို ဖော်ထုတ်သတ်မှတ်ရန် ရည်ရွယ်၍ကျင်းပခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာကို ၂၀၂၃ ခုနှစ် ဇွန်လအတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် ကျင်းပခဲ့သည့် ၂၆ ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း။

ဒေသဆိုင်ရာ စီးပွားရေး ပူးပေါင်းမှုအခက်အခဲများကို ပေါင်းစည်းညီညွတ်မှုနှင့် ဆက်သွယ်ချိတ်ဆက်မှုတို့ဖြင့် ရင်ဆိုင်ကျော်လွှား၍ စီးပွားရေးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးသမဂ္ဂ (အီးအေအီးယူ) အဖွဲ့ဝင်နိုင်ငံဖြစ်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား တိုက်ရိုက်လေကြောင်းလိုင်း ပြေးဆွဲနေပြီဖြစ်သည့်အတွက် ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်အဖွဲ့ဝင်နိုင်ငံများနှင့်လည်း ယခုကဲ့သို့ဆောင်ရွက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အစည်းအဝေးတွင် ကဏ္ဍအလိုက် အပြန်အလှန်ဆွေးနွေးမှုများသည် အီးအေအီးယူ အဖွဲ့ဝင်နိုင်ငံများနှင့် မြန်မာနိုင်ငံတို့အကြား အစိုးရအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများ တည်ဆောက်နိုင်ရုံသာမက စီးပွားရေးအဆက်အသွယ်ကောင်းများ ထူထောင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများလည်း တိုးတက်ရရှိလာမည်ဟု ယုံကြည်ကြောင်း၊ အစိုးရအနေဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စိုက်ပျိုးရေး၊ ဘိလပ်မြေနှင့် ဓာတ်မြေသြဇာထုတ်လုပ်ရေး၊ သံနှင့် သံမဏိ၊ တန်ဖိုးမြင့်စားသောက်ကုန်များ၊ လျှပ်စစ်ကားနှင့် အခြားထုတ်လုပ်မှုများကို အဓိက ဦးစားပေးနယ်ပယ်များအဖြစ်သတ်မှတ်၍ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့အစည်းအဝေးသည် မြန်မာနိုင်ငံနှင့် အီးအေအီးယူ အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပိုမိုအားကောင်းလာစေရန် အထောက်အကူဖြစ်စေနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မစ္စတာဆာဂေးဂလေးဇီးယပ်က ဥရောပအာရှစီးပွားရေးကော်မရှင်နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီး တစ်နှစ်ကျော်အတွင်း အပြုသဘောဆောင်သော အပြန်အလှန်ဆက်ဆံရေးများ ရရှိခဲ့ကြောင်း၊ ယနေ့ ကျင်းပသည့် ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ် အစည်းအဝေးသည် ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာတွင်ပါရှိသော ဦးစားပေးကဏ္ဍများကို အကောင်အထည်ဖော် ဆောင်ရွက်ရန် လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုတစ်ခုဖြစ်ကြောင်း၊ ဥရောပအာရှစီးပွားရေးသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများနှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွင် အပြုသဘောဆောင်သည့် လမ်းကြောင်းများ ပေါ်ထွက်လာသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံမှအစိုးရကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးကျွမ်းကျင်သူများနှင့် လုပ်ငန်းရှင်များကို အတူတကွ ပူးပေါင်းဆောင်ရွက်ရန်အတွက် ဖိတ်ခေါ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသည့် ဥရောပအာရှစီးပွားရေးကော်မရှင်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှကိုယ်စားလှယ်များက ကဏ္ဍအလိုက် ဆွေးနွေးကြသည်။ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်နှစ်ဦးနှင့် အီးအီးစီမှ ကိုယ်စားလှယ်နှစ်ဦးတို့က စက်မှုနှင့် စိုက်ပျိုးရေးဆိုင်ရာစက်မှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံနှင့် အီးအီးစီတို့မှ ကိုယ်စားလှယ်တစ်ဦးစီတို့က ဘဏ္ဍာရေးနှင့် ငွေပေးချေမှုပူးပေါင်းဆောင်ရွက်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံနှင့် အီးအီးစီတို့မှ ကိုယ်စားလှယ်တစ်ဦးစီတို့က ပို့ဆောင်ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်နှစ်ဦးနှင့် အီးအီးစီမှ ကိုယ်စားလှယ်တစ်ဦးတို့က စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံနှင့် အီးအီးစီတို့မှ ကိုယ်စားလှယ်တစ်ဦးစီတို့က ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်နှစ်ဦးနှင့် အီးအီးစီမှ ကိုယ်စားလှယ်တစ်ဦးတို့က ဒစ်ဂျစ်တယ်အသွင် ကူးပြောင်းရေးပူးပေါင်းဆောင်ရွက်မှုခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်တစ်ဦးနှင့် အီးအီးစီမှ ကိုယ်စားလှယ်နှစ်ဦးတို့က ပုဂ္ဂလိကစီးပွားရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း အပြန်အလှန်ဆွေးနွေးကြသည်။

ထို့နောက် ပူးတွဲဥက္ကဋ္ဌများက ပထမအကြိမ် အစည်းအဝေး၏ ပူးတွဲထုတ်ပြန်ချက်နှင့် ပူးတွဲလုပ်ငန်းအဖွဲ့၏ဒုတိယအကြိမ်အစည်းအဝေးကျင်းပမည့် နေ့ရက်နှင့် နေရာတို့ကိုအတည်ပြုသည်။

အဆိုပါ အစည်းအဝေးသို့ ကဏ္ဍအလိုက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ စီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်း နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် ကိုယ်စားလှယ်များ၊ ဥရောပအာရှစီးပွားရေးကော်မရှင်မှ ကိုယ်စားလှယ်များနှင့် ဥရောပအာရှစီးပွားရေးသမဂ္ဂမှ စီးပွားရေးလုပ်ငန်းရှင် ၁၀၀ ကျော်တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်က ဥရောပအာရှ စီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာဆာဂေးဂလေးဇီးယပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယမန်နေ့ညက MGallery Hotel ၌ ကြိုဆိုတည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ ဘာသာရပ်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

**♦ ရှေ့ဖုံးမှအဆက်**

ထို့ပြင် AWPT 1 ဆိပ်ကမ်းမှ MV. CONTRIVIA သင်္ဘောသည် ရေထွက်ကုန်ပစ္စည်းများ၊ ဆန်၊ ပဲ၊ အဝတ်အထည်၊ သစ်တောထွက်ပစ္စည်း၊ သကြား၊ နှမ်း၊ ပြောင်း၊ ရော်ဘာနှင့် အထွေထွေကုန်ပစ္စည်းများကို စင်္ကာပူနိုင်ငံသို့လည်းကောင်း၊ AWPT 3 ဆိပ်ကမ်းမှ MV. ISEACO FORUTNE သင်္ဘောသည် ရေထွက်ကုန်ပစ္စည်းများ၊ ဆန်၊ ပဲ၊ ချုပ်ပြီးအဝတ်အထည်၊ သစ်တောထွက်ပစ္စည်း၊ သကြား၊ ပြောင်း၊ နှမ်း၊ ရော်ဘာနှင့် အထွေထွေကုန်ပစ္စည်းများကို မလေးရှားနိုင်ငံသို့လည်းကောင်း တင်ဆောင်ပြီး ထွက်ခွာမည်ဖြစ်သည်။

အလားတူ ဧပြီလ၁၀ ရက်တွင် SPW 6 ဆိပ်ကမ်းမှ MV. MANTA HATICE သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၂၅၀၀၀ ကို ဖိလစ်ပိုင်နိုင်ငံသို့လည်းကောင်း၊ TMT ဆိပ်ကမ်းမှ MV. TAY SON 4 သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၁၂၇၀၀ ကို ထိုင်းနိုင်ငံသို့လည်းကောင်း၊ MIP 2 ဆိပ်ကမ်းမှ MV. SEIYO HARMONY သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၂၇၅၀၀ ကို အိန္ဒိယနိုင်ငံသို့လည်းကောင်း၊ MHM ဆိပ်ကမ်းမှ MV. MCL 20 သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀ ကို ထိုင်းနိုင်ငံသို့လည်းကောင်း၊ ဧပြီလ ၁၅ ရက်တွင်လည်း YIGT ဆိပ်ကမ်းမှ MV. DDS MARINA သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၁၄၅၀၀ ကို ထိုင်းနိုင်ငံသို့လည်းကောင်း ဆက်လက်တင်ပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

THE SUPREME COURT Of THE UNION

သတင်းထုတ်ပြန်ချက်

နေပြည်တော် ဧပြီ ၁၀

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၃ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ပြန်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၃ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာကို (အင်္ဂလိပ်/မြန်မာ) နှစ်ဘာသာဖြင့် ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ထုတ်ပြန်သည်။ ယင်းအစီရင်ခံစာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ website ဖြစ်သည့် www.unionsupremecourt.gov.mm တွင်လည်း လွှင့်တင်ဖော်ပြထားပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ် အပါအဝင် တရားရုံးအဆင့်ဆင့်၏ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အများပြည်သူ သိရှိစေရန် တရားရုံးနှစ်စဉ်အစီရင်ခံစာများကို ၂၀၁၆ ခုနှစ်မှစတင်၍ နှစ်စဉ် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

တရားရုံးနှစ်စဉ် အစီရင်ခံစာထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်များမှာ တရားစီရင်ရေးလုပ်ငန်းများပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်၊ တရားရုံးများ၏လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်၊ တရားရုံးများအနေဖြင့် စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်နှင့် တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိစေရန်ဖြစ်သည်။

၂၀၂၃ ခုနှစ်၊ တရားရုံးနှစ်စဉ်အစီရင်ခံစာကို ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ၊ တရားရုံးအသုံးပြုသူများသာမက အများပြည်သူအလွယ်တကူဖတ်ရှုလေ့လာနိုင်စေရန် တရားရုံးစနစ်နှင့်စီမံခန့်ခွဲမှု၊ ၂၀၂၃ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြီးပမ်းဆောင်ရွက်မှုများ၊ တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်မှုများနှင့် မဟာဗျူဟာစီမံကိန်း ပထမနှစ်လုပ်ငန်းအစီအစဉ် (၂၀၂၃) အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် ဒုတိယနှစ်လုပ်ငန်းအစီအစဉ်(၂၀၂၄) တွင် ဆောင်ရွက်ရန် လျာထားချက်များဟူ၍ အပိုင်း(၄) ပိုင်းခွဲခြား၍လည်းကောင်း၊ နောက်ဆက်တွဲများ၊ ပုံပြကားချပ်များဖြင့်လည်းကောင်း ပြုစုထားပါသည်။ တရားရုံးနှစ်စဉ်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်အကြံပြုလိုပါက တရားရုံးနှစ်စဉ်အစီရင်ခံစာပြုစုရေးလုပ်ငန်းအဖွဲ့၏ အီးမေးလ် annualreport@usc.gov.mm သို့ ပေးပို့နိုင်ပါသည်။

နေပြည်တော် ဧပြီ ၉

# နေပြည်တော်လမ်းလျှောက်သင်္ကြန်တွင် ပါဝင်ဆင်နွှဲကြမည့် ကိုရီးယားအနုပညာရှင်များ ရန်ကုန်မြို့သို့ရောက်ရှိ



၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် မြန်မာ-ကိုရီးယား နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်နိုင်ရန်နှင့် ပြည်သူများအား ဖျော်ဖြေတင်ဆက်နိုင်ရန်အတွက် နေပြည်တော်လမ်းလျှောက်သင်္ကြန်တွင် ပါဝင်ဆင်နွှဲကြမည့် ကိုရီးယား K-pop အနုပညာရှင်များ ပထမအဖွဲ့သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

အဆိုပါကိုရီးယား K-pop အနုပညာရှင်များ ပထမအဖွဲ့တွင် (ရုပ်ရှင်/ရုပ်သံဇာတ်လမ်းတွဲ ပေါင်းများစွာရိုက်ကူးထားသည့် သရုပ်ဆောင်တစ်ဦးဖြစ်သော ဘတ်အွန်းဟီး၊ K-pop အဆိုတော်များဖြစ်သည့် Rejen၊ Henny နှင့် 7 Kids Doll Group၊ Astel Dance Group နှင့် DJ-Saemi တို့ အပါအဝင် အနုပညာရှင် ၂၄ ဦးပါဝင်ပြီး ယနေ့ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့်အတူ နိုင်ငံခြားဘာသာတက္ကသိုလ်(ရန်ကုန်)မှ ကိုရီးယားဘာသာစကားသင်ယူနေကြသည့် ကျောင်းသား၊ ကျောင်းသူများက နှစ်နိုင်ငံအလံများဝှေ့ယမ်း၍လည်းကောင်း၊ အနုပညာရှင်များ၏ ဓာတ်ပုံနှင့် အမည်စာတန်းများကိုင်ဆောင်၍လည်းကောင်း၊ ရန်ကုန်အနုပညာ အထက်တန်းကျောင်း (ပန်တျာကျောင်း)မှ အိုးစည်/ဒိုးပတ်အဖွဲ့ဖြင့်လည်းကောင်း လှိုက်လှဲနွေးထွေးစွာကြိုဆိုကြသည်။

အဆိုပါအဖွဲ့သည် ရန်ကုန်မြို့ သမ္မတဟိုတယ်တွင် တည်းခိုကြမည်ဖြစ်ပြီး ဧပြီလ ၁၀ ရက်တွင် နေပြည်တော်သို့လာရောက်ကြမည်ဖြစ်ကြောင်း၊ ကိုရီးယား K-pop အနုပညာရှင်ငါးဦးပါအဖွဲ့သည် ဧပြီလ ၁၁ ရက်တွင်လည်းကောင်း၊ ၁၉ ဦးပါအဖွဲ့သည် ဧပြီလ ၁၄ ရက်တွင်လည်းကောင်း အသီးသီး ထပ်မံရောက်ရှိကြမည်ဖြစ်ကြောင်းနှင့် ဧပြီလ ၁၂ ရက်ညတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှတင်ဆက်မည့် Friday Night Live Show တွင်လည်း ကိုရီးယားနာမည်ကျော်တေးသံရှင်များ ပါဝင်ဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

▸▸ ရှေ့ဖုံးမှအဆက်

ယခုလပိုင်းအတွက်လည်း အချို့နေရာများတွင် လေပြင်းတိုက်ခြင်းနှင့် မိုးသီးကြွေခြင်းအချို့ဖြစ်ပေါ်ကာ ပျက်စီးမှုအချို့ရှိခဲ့သည်။

"သတိထားရမယ့်နေရာကတော့ တစ်နိုင်ငံလုံးပေါ့။ ပိုပြီးသတိထားရမှာက မြန်မာနိုင်ငံအလယ်ပိုင်း၊ အထက်ပိုင်းပေါ့။ ဘယ်ချိန်ကာလဖြစ်မလဲဆိုတော့ သူက မိုးတိမ်တောင်တွေ အားကောင်းတဲ့အချိန်ဖြစ်တယ်။ တစ်နေကုန်ပူလာပြီးတော့မှ အပူပုံ့တက်တိမ်တွေကနေတစ်ဆင့် မိုးတိမ်တောင်တွေဖြစ်ကြတယ်။အပူလွန်မှုကြောင့်ဖြစ်တာဆိုတော့ ညနေပိုင်းတွေမှာ ဖြစ်ဖို့များတယ်။ ဧပြီလ၊ မေလပေါ့။ လေထုထဲမှာ ရေခိုးငွေ့တွေ ပါဝင်မှုများတဲ့အချိန်က မိုးတိမ်တောင်တွေ ပိုအားကောင်းတဲ့အချိန် သင်္ကြန်ပြီးနောက် မေလဆန်းပေါ့ " ဟု ဦးလှထွန်းကပြောသည်။

မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကာလဖြစ်သည့် မတ်လ၊ ဧပြီလနှင့် မေလတို့အတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်နိုင်ကြောင်း သိရသည်။ ထို့ပြင် အယ်နီညို ဖြစ်စဉ်ကြောင့်လည်း အပူချိန်မြင့်တက်နိုင်ပြီး အပူပုံ့တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းတိုက်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းရွာခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

အယ်နီညိုသက်ရောက်မှုကြောင့် ရာသီဥတုပူပြင်းမှုနှင့်အတူ စိုက်ပျိုးရေနှင့် သောက်သုံးရေအခက်အခဲများ ဖြစ်ပေါ်လာနိုင်ရာ စိုက်ပျိုးရေများ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရန်၊ သက်တမ်းတို အထွက်ကောင်းစပါးမျိုးများအသုံးပြုရန်၊ ဒေသနှင့်ကိုက်ညီပြီး ရေလိုအပ်ချက်နည်းသောအထွက်ကောင်း စပါးမျိုးကို ရွေးချယ်စိုက်ပျိုးရန် သက်ဆိုင်ရာက သတိပေးနှိုးဆော်မှုများကိုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ကြောင်း သိရသည်။

*Thit Taw*

နေပြည်တော် ဧပြီ ၉

# ဟိုပန်မြို့နယ် မန်မိုင်ရပ်ကွက်မှ ရွှေဝါကျေးရွာသို့ ဆက်သွယ်သည့်ကျောက်ချောလမ်း ဆောင်ရွက်ပြီးစီး

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ဟိုပန်မြို့နယ် မန်မိုင်ရပ်ကွက်မှ ရွှေဝါကျေးရွာသို့ဆက်သွယ်သည့် ကျောက်ချောလမ်း ၁ မိုင်ခင်းခြင်းလုပ်ငန်းနှင့် Box Culvert ၁ စင်း တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၈၅ ဒသမ ၂၇၉ သန်းဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ(လားရှိုး)မှ သိရသည်။

အဆိုပါကျောက်ချောလမ်း ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ဟိုပန်မြို့ပေါ် ရပ်ကွက် ၁၀ ရပ်ကွက်နှင့် ကျေးရွာတစ်ရွာ၊ အိမ်ခြေ ၁၃၆၆၊ လူဦးရေ ၈၉၆၇ ဦးတို့၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အတွက် များစွာအကျိုးပြုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

၉-၄-၂၀၂၄

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ဧည့်မထ | ဧစိန် | ပဲဆီ | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ရှောက်ခြောက် | ကြက် | ဝက် | ငါးမြစ်ချင်း | အာပုံခြောက် | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| ၁ | နေပြည်တော် | ၇၈၀၀ | ၃၅၀၀ | ၂၆၀၀ | ၁၄၉၀၀-၁၅၂၀၀ | ၃၀၀၀ | ၁၂၀၀၀-၁၃၀၀၀ | ၃၂၀၀ | ၁၇၀၀၀ | ၁၂၀၀၀ | ၁၃၀၀၀-၁၄၀၀၀ | ၁၀၀၀၀ | ၂၉၀၀၀ | ၂၅၀ | ၃၅၀ |
| ၂ | ရန်ကုန် | ၈၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၁၆၀၀၀-၁၇၀၀၀ | ၃၈၀၀-၄၃၀၀ | ၁၅၀၀၀-၁၇၀၀၀ | ၂၈၀၀-၃၅၀၀ | ၁၇၀၀၀-၁၉၀၀၀ | ၁၁၀၀၀-၁၂၀၀၀ | ၁၄၀၀၀-၁၅၀၀၀ | ၉၀၀၀-၁၀၀၀၀ | ၂၄၀၀၀-၃၀၀၀၀ | ၂၅၀-၃၀၀ | ၃၂၀-၃၅၀ |
| ၃ | မန္တလေး | ၇၂၀၀ | ၄၃၀၀ | - | ၁၈၀၀၀ | ၂၈၀၀ | ၁၀၀၀၀-၁၁၀၀၀ | ၄၀၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၁၃၀၀၀ | ၁၇၀၀၀-၁၈၀၀၀ | - | ၁၆၀၀၀ | ၂၅၀ | ၃၅၀ |
| ၄ | တောင်ကြီး | ၇၃၀၀ | ၃၅၀၀ | ၂၇၀၀ | ၁၄၀၀၀-၁၅၀၀၀ | ၃၀၀၀ | ၁၄၀၀၀-၁၅၀၀၀ | ၂၅၀၀ | ၁၄၀၀၀-၁၅၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀-၁၈၀၀၀ | ၁၆၀၀၀ | ၃၀၀၀၀ | ၂၅၀ | ၃၅၀ |
| ၅ | မုံရွာ | ၇၀၀၀ | ၄၅၀၀ | - | ၁၆၀၀၀-၁၇၀၀၀ | ၂၅၀၀ | ၁၁၀၀၀-၁၃၀၀၀ | ၃၀၀၀ | ၁၀၀၀၀-၁၁၀၀၀ | ၈၅၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၅၅၀၀ | ၂၁၀၀၀ | ၂၅၀ | ၃၅၀ |
| ၆ | မြိတ် | ၆၂၅၀ | ၃၅၅၀ | ၃၁၂၅ | ၁၆၅၀၀-၁၇၀၀၀ | ၃၀၀၀ | ၁၃၀၀၀-၁၅၀၀၀ | ၃၅၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၁၂၀၀၀ | ၁၄၅၀၀-၁၅၀၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၃၀၀ | ၃၅၀ |
| ၇ | ခိုလမ် | ၇၈၀၀ | - | - | ၁၆၀၀၀-၁၇၀၀၀ | ၄၀၀၀ | ၁၃၀၀၀-၁၄၀၀၀ | ၄၀၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၁၂၀၀၀ | ၃၂၀၀၀ | ၂၅၀ | ၄၀၀ |

မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။

# အဆီကျပိန်လိုသူများအတွက် စားသုံးသင့်သောအစားအစာများ

စာရေးသူ၏ မိတ်ဆွေတစ်ဦးသည် အသက် ၅၀ ကျော်သောအခါ အတန်အသင့်ဝလာသဖြင့် ဆေးစစ်ကြည့်ရာ အဆီဓာတ်(Cholesterol) တက်နေကြောင်းသိရသဖြင့် အဆီကိုလျှော့စားသည်။ သို့သော် အဆီကမကျ။ ထို့နောက် သူသည် ကျန်းမာရေးဆေးပညာဂျာနယ်များကို ဝယ်ယူဖတ်ရှုခဲ့သည်။

ဂျာနယ်တစ်စောင်တွင် ထူးထူးခြားခြား အဆီကျစေသောအစားအစာ ၁၀ မျိုးကို ဖော်ပြထားသည်။ ထိုအစားအစာ ၁၀ မျိုးမှာ တူနာငါး၊ ဂေါ်ဖီထုပ်၊ မုန်လာဥနီ၊ ပန်းသီး၊ ဆန်းကစ်သီး၊ ဂျုံကြမ်း၊ တရုတ်နံနံ၊ ပဲတောင့်ရှည်၊ ပန်းဂေါ်ဖီစိမ်းနှင့် Green Tea တို့ဖြစ်သည်။



အထက်ပါအစားအစာများမှာ အဆီကျစေရန် တစ်နည်းအားဖြင့် ကိုလက်စထရောမတက်စေရန် စားသင့်သည့် အစားအစာများဖြစ်သော်လည်း အနောက်တိုင်းအစားအစာနှင့် တရုတ်အစားအစာများရောနှောဖော်ပြထားသည်ကို တွေ့ရသည်။

မြန်မာအစားအစာနှင့် နီးစပ်သော အစားအစာများမှာ ငါးကြင်းဖြူ၊ ငါးခူ၊ ငါးမျက်ဆန်နီ၊ ဆန်ကြမ်း (ငစိန်၊ ရွှေဝါထွန်း)၊ ကျွဲကောသီး၊ ရှောက်သီး၊ ဖီးကြမ်းငှက်ပျောသီး၊ ပဲရာဇာ(ပဲနီလေး)၊ ဂေါ်ဖီထုပ်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ကန်စွန်းရွက်၊ မှိုနားတို၊ လယ်ပတူ၊ ကညွတ်၊ ပုစွန်စာရွက်၊ မြင်းခွာရွက် စသည့်အသီးအရွက်များ၊ ထမင်းရည်၊ ရေနွေးကြမ်း စသည့် ဓာတ်စာများမှာ မြန်မာလူမျိုးများနှင့် ပို၍အဆင်ပြေမည်ဟုထင်မြင်မိပါသည်။ အဆိုပါအသီးအရွက်များမှာ ဈေးများတွင် အလွယ်တကူဝယ်ယူနိုင်သည့်အစားအစာများဖြစ်သည်။

အထက်ပါဓာတ်စာများတွင်ပါဝင်သော ငါးကြင်းဖြူ၊ ငါးမျက်ဆန်နီ၊ ငါးခူ စသည်တို့မှာ အဆီမတက်စေသည့်အပြင် ကောင်းသောအဆီကိုတိုးစေသည့် ငါးအမျိုးအစားများဖြစ်သည်။

ဆန်ကြမ်းမှာ မြန်မာတောသူတောင်သားများအကြိုက်ဖြစ်သည်။ အားဖြစ်စေသည်။ အစာကြေလွယ်သည်။အဆီချလိုသူများအနေဖြင့် ဇည့်မထ၊ ပေါ်ဆန်းမွှေး၊ တောင်ပျံ စသည့်ဆန်များကို ရှောင်သင့်သည်။

ရှောက်သီး၊ ကျွဲကောသီးတို့မှာ အဆီပိုကျစေသော သီးနှံများဖြစ်သည့်အပြင် ဆန်းကစ်သီးလောက် ဈေးကြီးပေးဝယ်ရန်မလိုပေ။ ဖီးကြမ်းငှက်ပျောသီးမှာလည်း အလွယ်တကူ ဝယ်ယူရရှိနိုင်သည့်အပြင် အာဟာရဓာတ်လည်းပြည့်ဝသည်။

ပဲရာဇာ (ပဲနီလေး)မှာ အဆီကျစေသောပဲမျိုးဖြစ်သည်။ နေ့စဉ်စားနိုင်လေကောင်းလေဖြစ်သည်။ ပဲရာဇာသည် ပေါ့ပါးသောဂုဏ်သတ္တိရှိသည်။ ဟင်းချိုချက်လျှင်လည်း အလွန်နူးလွယ်၊ ကျက်လွယ်သည်။ အလျင်အမြန်ချက်စားနိုင်သောပဲမျိုးဖြစ်သည်။

ဂေါ်ဖီထုပ်မှာ အဆီချလိုသူများအတွက် အသုံးဝင်သော ဓာတ်စာဖြစ်သည့်အပြင် အသားအရေကိုလည်း လှပစေသည်။ အနောက်တိုင်းဆေးပညာအရ ဂေါ်ဖီထုပ်သည် အင်တီအောက်စီးဒင့် ခေါ် ဓာတ်တိုးဆန့်ကျင်သော အစားအစာဖြစ်ပြီး လေဖြတ်ခြင်းကို ကာကွယ်နိုင်သည်ဟုဆိုသည်။

ကြက်သွန်နီနှင့် ကြက်သွန်ဖြူသည် မြန်မာလူမျိုးတို့၏နေ့စဉ်မပါမဖြစ်သော မီးဖိုချောင်သုံးပစ္စည်းဖြစ်သည်။ သို့သော် ကြော်လှော်စားကြသည်ကများသဖြင့် ပိန်စေသော အာနိသင်မရခြင်းဖြစ်သည်။ အဆီပို ကိုလက်စထရောကျစေလိုသော ရည်ရွယ်ချက်ဖြင့် စားသုံးမည်ဆိုလျှင် ခပ်ပါးပါးလှီးပြီး လေသလပ်ခံထားကာ အချဉ်အနည်းငယ်ညှစ်ပြီး စားသုံးပေးပါက အဆီကျနိုင်သည်ဟု သုတေသနပြုသူများက ဆိုထားသည်။

ဈေးများတွင်ရောင်းချသော ဟင်းရွက်မျိုးစုံကို နေ့စဉ်မှန်မှန်စားသုံးပေးသင့်သည်။ နေ့စဉ်အသီးအရွက်စားခြင်းဖြင့် ဗီတာမင်ဓာတ်များ ရရှိနိုင်သည်။ အဆီကျပြီး အသားကျစ်စေသည်ဟုဆိုသည်။

ရှေးကမြန်မာတို့သည် ဆန်ကို ငှဲ့ချက်သည့်အလေ့အထရှိကြသည်။ ငှဲ့ချက်ပြီး ထမင်းရည်ကို သောက်သုံးလေ့ရှိကြသည်။

ယခုခေတ်တွင် ထမင်းပေါင်းအိုးများဖြင့် အလွယ်တကူချက်ပြုတ်ကြသဖြင့် ထမင်းရည်မရနိုင်တော့ပေ။ အကယ်၍ ထမင်းပေါင်းအိုးမှဦးရည်ကို ရယူလိုလျှင် ရေအနည်းငယ်ပိုထည့်ပြီး ပေါင်းအိုးတွင် ပွက်ပွက်ဆူသောအခါ လက်ဖက်ရည်ပန်းကန်နှစ်လုံးစာမျှ ဇွန်းဖြင့်ခပ်ယူ၍ ထမင်းပေါင်းဦးရည်ကို ဆားအနည်းငယ်ခတ်ပြီး နေ့စဉ်သောက်သုံးပေးလျှင် အဆီကျစေနိုင်သည်။

ဤနည်းသည် ဆင်းရဲချမ်းသာမရွေး အိမ်တိုင်းတွင် အလွယ်တကူရရှိနိုင်သော ပိန်ဆေးနည်းလမ်းဖြစ်သည်။ ပိန်လိုသူများအနေဖြင့် နံနက်အိပ်ရာထထချင်း (မျက်နှာမသစ်မီ) ပျားရည်တစ်ဇွန်း သောက်ပါဟု လွန်ခဲ့သောနှစ်က စာရေးသူ မန္တလေးရတနာပုံသတင်းစာတွင် ဆောင်းပါးတစ်ပုဒ်ရေးသားဖူးသည်။ ဤဆောင်းပါးကိုဖတ်ရှုပြီး လက်တွေ့သောက်ကြည့်သူ အတော်များများမှာ အဆီကျသည့်အပြင် အစာကြေ၍ ခန္ဓာကိုယ်ပေါ့ပါးမှုရှိကြောင်း ပြောကြသည်။ သတိပြုရန်မှာ အဆီကျစေရန် နံနက်အိပ်ရာထတွင်သောက်သော ပျားရည်သည် ပျားရည်အသစ်(တစ်နှစ်မကျော်သေးသောပျားရည်) ဖြစ်လျှင် ပိုကောင်းသည်။

ရေနွေးကြမ်း တစ်နည်းအားဖြင့် လက်ဖက်ခြောက်ခတ်ထားသော အဖန်ရည်ကို အနောက်တိုင်းသုတေသီများက Green Tea ဟုရေးသားကြသည်။ လက်ဖက်ခြောက်ရွက်သစ်နုလေးများကို မီးပြင်းပြင်း အပူပေးပြီး ရိုးရာနည်းဖြင့် အခြောက်ခံထားသောလက်ဖက်ကို ရေနွေးဆူဆူတွင်ခတ်လိုက်သောအခါ အရွက်စိမ်းများမှ စိမ်းဖန့်ဖန့်အရည်များထွက်လာသည်။ မြန်မာလက်ဖက်ခြောက်အတော်များများမှာ နီရဲရဲအရောင်များထွက်သဖြင့် Green Tea နှင့်မတူပေ။ တချို့မှာ ဆိုးဆေးများကြောင့် အလွန်နီရဲနေတတ်သည်။ ယင်းကဲ့သို့ ရေနွေးကြမ်းမျိုးကို မသောက်သင့်ပါ။

Green Tea ကြောင့် အဆီကျသည်ဆိုသည်မှာ အနောက်တိုင်းမှ သုတေသနဖြစ်သည်။ Green Tea သောက်လျှင် ပိန်စေသည်။ တရုတ်၊ ဂျပန်၊ တရုတ်(တိုင်ပေ)နှင့် အရှေ့တောင်အာရှနိုင်ငံများ၌ ဥရောပနိုင်ငံများလောက် အစာအိမ်ကင်ဆာနှင့် အူမကြီးကင်ဆာဖြစ်ပွားမှုလျော့နည်းခြင်းမှာ Green Tea ကြောင့် ဖြစ်သည်ဟု သုတေသနဆေးပညာရှင်များ ခန့်မှန်းကြရာမှ သောက်သုံးသူများလာခြင်းဖြစ်သည်။

ရေနွေးကြမ်းအဖန်ရည်က အဆီကျစေသည်။ သို့သော် အဖန်မှာ ချုပ်သောသတ္တိရှိသဖြင့် ဝမ်းချုပ်၊ လေချုပ်၊ အစားပျက်ခြင်းများ ဖြစ်လာတတ်သည်။ ရေနွေးကြမ်းအဖန်ရည်ကို သောက်ခြင်းဖြင့် ကိုလက်စထရော ခေါ် အဆီထဲမှ မကောင်းသောအဆီ LDL ကို ကျစေနိုင်ကြောင်း ပါမောက္ခ ဒေါက်တာဒေါ်မြင့်မြင့်ခင်ကလည်း ရေးသားထားသည်ကိုဖတ်ရှုဖူးသည်။ သို့သော် ဆရာမကြီးက တစ်ရက်လျှင် ကော်ဖီခွက်ဖြင့် နှစ်ခွက်ခန့်သာသောက်ရန် ညွှန်ပြခဲ့သည်။

အမှန်တကယ် ရေကို ကျိုက်ကျိုက်ဆူအောင်အပူပေးပြီး အအေးခံသော ရေကျက်အေးကိုသောက်လျှင်ပင် လူကိုပိန်စေသောသတ္တိရှိသည်။

လက်ဖက်ခြောက်ခတ်သော ရေနွေးကြမ်းအဖန်ရည်သည် လူကိုကောင်းကျိုးပြုသည်။ အဝလွန်ခြင်းကိုလည်း တားဆီးနိုင်သည်။ သို့သော် တစ်ရက်လျှင် နှစ်ခွက်၊ သုံးခွက်ထက် ပိုသောက်ပါက ဝမ်းချုပ်ခြင်း၊ လေချုပ်ခြင်း၊ စမြင်းခံခြင်း စသောဆိုးကျိုးအနည်းငယ်ရှိနိုင်သည်ကို သတိပြုသင့်ပေသည်။

ရေအေးသောက်လျှင် လူကိုဝစေသည်။ ရေနွေးကြမ်း သို့မဟုတ် Green Tea သောက်လျှင် ပိန်စေသည်၊ အဆီကျစေသည်ဟူသော အယူအဆများနှင့်ပတ်သက်၍ ရေးသားဖော်ပြလိုက်ရပါသည်။ ။

**ကြည်လွင်မြင့်(မုဒြာ)**

---

ရန်ကုန်၊ လူမှုရေး

## ဒဂုံ (ဆိပ်ကမ်း) မြို့နယ်၌ အသက် ၁၈ နှစ်ပြည့်ပြီးသူများကို ပန်းခင်းစီမံချက် (၃) ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များပေးအပ်

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ (ဆိပ်ကမ်း) မြို့နယ် အမှတ် (၉၄) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပန်းခင်းစီမံချက် (၃) အရ အဆိုပါရပ်ကွက်အတွင်း နေထိုင်သည့် အသက် ၁၈ နှစ်ပြည့်ပြီး နေထိုင်သူ အိမ်ထောင်စုများကို အိမ်ထောင်စုလူဦးရေစာရင်းကောက်ယူခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များပေးအပ်ပွဲကို ဧပြီလ ၈ ရက်က ပြုလုပ်ကြောင်း သိရသည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်များပေးအပ်ပွဲတွင် အမှတ် (၉၄) ရပ်ကွက်ရှိ နေထိုင်သူ အိမ်ထောင်စု ၁၆၂ စုအတွက် နိုင်ငံသားစိစစ်ရေးကတ် ၉၂ ခုကို မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးအေးကျော်ကပေးအပ်ရာ အိမ်ထောင်စုဝင်များကိုယ်စား ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇင်နှင့်ရပ်မိရပ်ဖတစ်ဦးက လက်ခံရယူသည်။



လက်ရှိတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းကောက်ယူခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**ချမ်းမြေ့**

နေပြည်တော်  ဧပြီ  ၉

## ပါဠိပထမပြန်စာမေးပွဲသတ္တမနေ့ကျင်းပ

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၄ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို ယနေ့(သတ္တမနေ့)တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၂၁၆ ဌာနတို့၌ စာဖြေစာရင်းသွင်း ၇၆၇၇ ပါး/ဦးအနက် ၆၂၇၃ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၁ ဒသမ ၇၁ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**
**သာသနာရေးဦးစီးဌာန**

၁၃၈၅ ခုနှစ်(၂၀၂၄ ခုနှစ်)၊ ပါဠိပထမပြန်စာမေးပွဲ နေ့ရက်အလိုက် ဖြေဆိုမှုအခြေအနေ

ရက်စွဲ၊ ၉-၄-၂၀၂၄

| စဉ် | အကြောင်းအရာ | စာရင်းသွင်း | ဖြေဆို | ပျက်ကွက် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | ပထမကြီး | ၇၆၇၇ | ၆၂၇၃ | ၁၄၀၄ | ၈၁. ၇၁ |
| | **စုစုပေါင်း** | **၇၆၇၇** | **၆၂၇၃** | **၁၄၀၄** | **၈၁. ၇၁** |

ရန်ကုန်  ဧပြီ  ၉

## ဧပြီလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်း ကိုးဆင့်မြင့်တက်လာခဲ့ပြီး ကမ္ဘာ့အဆင့် ၆၉ နေရာတွင်ရပ်တည်



ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ဧပြီလအတွက် လက်ရွေးစင်ဖူဆယ်အသင်းများ၏ ကမ္ဘာ့အဆင့် သတ်မှတ်ချက်များကို ထုတ်ပြန်ခဲ့ရာ မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် ကမ္ဘာ့အဆင့် သတ်မှတ်ချက် ကိုးဆင့်ထိမြင့်တက်လာခဲ့ပြီး ကမ္ဘာ့အဆင့် ၆၉ နေရာတွင် ရပ်တည်လျက်ရှိနေကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလမှစတင်ပြီး ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် AFC Futsal Asian Cup 2024 ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခဲ့ပြီး မတ်လနှင့် ယခုလတို့တွင် နိုင်ငံတကာခြေစမ်းပွဲစဉ်များကစားခဲ့ရာ ရလဒ်ကောင်းများရရှိခဲ့သည့်အတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက် မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် ပြီးခဲ့သည့်မတ်လက အာဖဂန်နစ္စတန်အသင်းနှင့် ရန်ကုန်မြို့၌ ခြေစမ်းပွဲစဉ် နှစ်ပွဲကစားခဲ့ပြီး ပထမပွဲစဉ်တွင် ၆ ဂိုး ၁ ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲစဉ်တွင် ၄ ဂိုး ၂ ဂိုးဖြင့် ပြန်လည်အနိုင်ရရှိခဲ့ကာ ယခုလတွင်လည်း ထိုင်းနိုင်ငံ၌ ကူဝိတ်အသင်းနှင့် ပွဲစဉ်တွင်လည်း ၄ ဂိုး ၂ ဂိုးဖြင့် ထပ်မံအနိုင်ရရှိခဲ့ပြီးနောက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ရမှတ် ၈၈၂ မှတ်ထိရရှိခဲ့ပြီး ကမ္ဘာ့အဆင့်သတ်မှတ်ချက် ကိုးဆင့်မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ ဧပြီလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်များအရ အာရှဇုန်တွင် အီရန်အသင်းက အာရှအဆင့်(၁) နေရာတွင် ဆက်လက်ရပ်တည်လျက်ရှိနေပြီး မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် အာရှဇုန်တွင် အဆင့် (၁၅) နေရာတွင် ရပ်တည်လျက်ရှိနေသည်။


မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် AFC Futsal Asian Cup 2024 ပြိုင်ပွဲအုပ်စုပွဲစဉ်များအဖြစ် ဧပြီလ ၁၇ ရက်တွင် ဗီယက်နမ်အသင်းနှင့်လည်းကောင်း၊ ဧပြီလ ၁၉ ရက်တွင် အိမ်ရှင်ထိုင်းအသင်းနှင့်လည်းကောင်း၊ ဧပြီလ ၂၁ ရက်တွင် တရုတ်အသင်းနှင့်လည်းကောင်း အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

## လက်ဆင့်ကမ်းအမွေ စစ်မှုထမ်းစို့လေ

♦ အားအင်ဖြိုးကြွယ်၊ များလူငယ်တို့
သိဖွယ်မှတ်ရာ၊ လေ့လာပါလျှင်
စဉ်လာကောင်းညီ၊ တို့တိုင်းပြည်မှာ
ဖြစ်တည်မယွင်း၊ ရှိနေခြင်းက
ဘေးကင်းစေသား၊ ကာကွယ်အားဖြင့်
ဘိုးဘွားများထွေ တာဝန်ကျေ၏။
♦ တို့ခေတ်ရောက်နေ၊ တာဝန်ကျေဖို့
တိုင်းပြည်ဖွံ့ဖြိုး၊ လှုဂုဏ်တိုးရန်
မျိုးချစ်စိတ်သန်၊ ဇာတိမာန်ဖြင့်
ပြည့်ရန်ချေဖျက်၊ ရန်သွေပျက်အောင်
ဆက်လက်တာဝန် တို့ကျေပွန်မည်။
♦ ခုခါလက်ကမ်း၊ စစ်မှုထမ်းဖို့
ပြဋ္ဌာန်းဥပဒေ၊ တည်လာလေပြီ
ရွှေပြည်နောင်ရေး၊ မြော်ကာတွေးကြည့်
ရင်အေးဖွယ်ရာ၊ တို့ဝန်တာတည့်
တို့မှာတာဝန်၊ တို့ကျေပွန်မှ
ကောင်းမွန်သည့်အခြေ ဆက်လက်နေအံ့။
♦ သင်၏နိုင်ငံ၊ ကာကွယ်ရန်မှာ
သင့်ထံကျရောက်၊ သင်ဝမ်းမြောက်လေ
ယောက်ျားပီပီ၊ ပြည့်ဇာနည်တို့
တိုင်းပြည်အရေး၊ တာဝန်ပေးက
ရဲရေးရောက်သော်၊ တပ်မတော်မှာ
ပျော်ရွှင်ကာနေ ထမ်းပါလေလော့။ ။

**ဘုန်းမောင်ဝင်း(ဖျာပုံ)**




## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။
(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။
(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်)အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။
**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။
(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။
(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။
(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရေး MSME လုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ပခုက္ကူမြို့မှ စိန်ငါးပွင့်ချည်မျှင်နှင့် ချည်ထည်အမျိုးမျိုး ရောင်းဝယ်ရေးလုပ်ငန်း

**စန်းယုမော်(ပြန်/ဆက်)**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ စိုက်ပျိုးရေးလုပ်ငန်းများမှထွက်ရှိသည့် ထွက်ကုန်များကို တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရေး MSME လုပ်ငန်းများအဖြစ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ယင်းတို့အနက် ဝါဂွမ်းမှတစ်ဆင့် ဆန်းသစ်သောချည်ထည်ပစ္စည်းအမျိုးမျိုးထုတ်လုပ်ရောင်းချသည့် ပခုက္ကူမြို့မှ စိန်ငါးပွင့်ချည်မျှင်နှင့်ချည်ထည်အမျိုးမျိုးရောင်းဝယ်ရေးလုပ်ငန်းရှင်ဒေါ်ခင်စန်းဝင်းနှင့် တွေ့ဆုံမေးမြန်းထားမှုကို ဖော်ပြလိုက်ပါသည်။

**ဒီလုပ်ငန်းကို ဘယ်အချိန်ကစပြီး လုပ်ကိုင်ဖြစ်တာလဲ သိပါရစေ။**

၁၉၈၀ ပြည့်နှစ်လောက်ကတည်းက စလုပ်ဖြစ်တာပါ။ လုပ်ငန်းစလုပ်တုန်းက ကိုယ်ပိုင်ရက်ကန်းစင် နှစ်စင်လောက်နဲ့ ရက်ကန်းအလုပ်သမားအငှားတွေနဲ့ စပြီး လုပ်ကိုင်ဖြစ်ခဲ့တာပါ။

**လုပ်ငန်းဆောင်ရွက်ဖြစ်ခဲ့ပုံနဲ့ ရည်ရွယ်ချက်ကိုလည်း သိပါရစေ။**

လုပ်ငန်းစတင်လုပ်ကိုင်ဖြစ်ခဲ့ပုံကတော့ ကျွန်မတို့ဖေဖေက ဝန်ထမ်းတစ်ဦးပါ။ ဖေဖေ ဝန်ထမ်းအလုပ်ကအနားယူသွားတဲ့အချိန်မှာ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဖို့ တိုင်ပင်ကြတဲ့အခါ ပခုက္ကူဒေသရဲ့ အထင်ကရထုတ်ကုန်တစ်မျိုးဖြစ်တဲ့ ချည်ထည်လုပ်ငန်းကိုလုပ်ကိုင်ဖို့ ရွေးချယ်ဖြစ်ခဲ့တာပါ။

**အစ်မတို့အလုပ်ရုံမှာ ချည်ထည်အမျိုးပေါင်း ဘယ်နှမျိုးလောက် ထုတ်လုပ်ရောင်းချပါသလဲသိပါရစေ။**

ချည်ထည် အမျိုးအစားတွေကတော့ တတ်နိုင်သလောက် အမျိုးစုံအောင် ထုတ်လုပ်ရောင်းချပေးပါတယ်။ စောင်အမျိုးမျိုး၊ တဘက်၊ စားပွဲခင်း၊ လက်သုတ်ပဝါ၊ ခေါင်းအုံးစွပ်၊ ပုဆိုး၊ လုံချည်၊ အင်္ကျီစ အစုံပါပဲ။ စောင်မှာဆိုလည်း အမျိုးအစားပေါင်း ၅၀ နီးပါး၊ လက်သုတ်ပဝါနဲ့ တဘက်တို့ဆိုရင်လည်း အမျိုးအစားပေါင်း ၁၀ မျိုးလောက်ကို ခေတ်မီဆန်းသစ်တဲ့ ဒီဇိုင်းမျိုးစုံနဲ့ ထုတ်လုပ်ရောင်းချနေပါတယ်။ ချည်ချောထည်တွေသာမက ကုန်ကြမ်းတွေဖြစ်တဲ့ ချည်ထုပ်၊ ဆိုးဆေးတွေကိုလည်း ထုတ်လုပ်ရောင်းချပေးပါတယ်။

**ချည်ထည်တွေ ဖြန့်ချိနေတဲ့အခြေအနေနဲ့ ရောင်းအားအကောင်းဆုံး ကုန်ပစ္စည်းကိုလည်း သိပါရစေ။**

ပခုက္ကူချည်ထည်ကို လူအများစုက စိတ်ဝင်စားကြတာကို တွေ့ရပါတယ်။ ဖြန့်ချိမှုအနေနဲ့ကတော့ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပြည်၊ အောင်လံ၊ သရက်၊ ဘားအံ၊ ဂန့်ဂေါ၊ မုံရွာနဲ့တောင်ကြီးစတဲ့ မြို့တွေကို အဓိကတင်ပို့ပါတယ်။ အဲဒီဒေသတွေမှာ ကိုယ်စားလှယ်တွေရှိပြီး လက်လီ၊ လက်ကားရောင်းချပေးလျက်ရှိပါတယ်။ ရောင်းအားအကောင်းဆုံး ကုန်ပစ္စည်းကိုပြောရမယ်ဆိုရင်တော့ စောင်၊ စားပွဲခင်း၊ လက်သုတ်ပဝါ၊ တဘက်၊ ပုဆိုး၊ လုံချည်၊ အင်္ကျီစတွေဖြစ်ပါတယ်။

**ကုန်ကြမ်းစုဆောင်းရရှိမှုအခြေအနေကိုလည်း သိပါရစေ။**

ကုန်ကြမ်းကတော့ မန္တလေးချည်စက်ရုံတွေကနေဝယ်ယူရရှိပါတယ်။

**ကုန်ချောဖြစ်လာဖို့အတွက် ဆောင်ရွက်ပုံလုပ်ငန်းအဆင့်ဆင့်ကိုလည်း သိပါရစေ။**

ကုန်ကြမ်းတွေဖြစ်တဲ့ သဘာဝချည်ထုပ်ကနေ ဆေးဆိုး၊ ချည်စာနင်း၊ ချည်ချ၊ ချည်ငင်၊ လိပ်တုံးရှည်တွေ အရင်လုပ်ရပါတယ်။ ပြီးတော့မှ ရက်ကန်းစင်ပေါ်တင်ပြီး ချည်ထည်အဖြစ် အဆင့်ဆင့် ရက်လုပ်ရတာပါ။



**လက်ရှိလည်ပတ်နေတဲ့ ရက်ကန်းစင်နဲ့ အလုပ်သမားဦးရေလည်း သိပါရစေ။**

လက်ရှိမှာတော့ ပခုက္ကူမြို့ပေါ်အပါအဝင် အနီးပတ်ဝန်းကျင်မှာရှိတဲ့ ကျောက်ဆောက်၊ လေးတန်း၊ ကြီးရွာစတဲ့ကျေးရွာတွေမှာ မိသားစုတွေအလိုက် ရက်ကန်းစင်သုံးစင်၊ ငါးစင်၊ ၁၀ စင် စသဖြင့်ထားပြီး အလုပ်သမားဦးရေကတော့ ၅၀ ဦးနဲ့ ၁၀၀ ကြား ပုံမှန်လည်ပတ်ဆောင်ရွက်နေပါတယ်။ ဒ့ါပြင် ပခုက္ကူမြို့နယ်၊ မြစ်ခြေမြို့နဲ့ ရေစကြိုမြို့နယ်တွေမှာ တစ်နိုင်တစ်ပိုင်ရက်ကန်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေတဲ့သူတွေနဲ့လည်းချိတ်ဆက်ပြီး အထည်တွေသိမ်းယူပြီးရောင်းချပါတယ်။

**နိုင်ငံတော်အဆင့် ဒေသထွက်ကုန်၊ ထုတ်ကုန်ပြပွဲတွေမှာရော ပါဝင်ပြသဖူးတာရှိပါသလား။**

မိသားစုနဲ့ အလုပ်သမားအခက်အခဲတွေကြောင့် နိုင်ငံတော်အဆင့် ဒေသထွက်ကုန်၊ ထုတ်ကုန်ပြပွဲတွေမှာ ကိုယ်တိုင်ထုတ်ကုန်ပစ္စည်းအနေနဲ့ ပါဝင်ပြသတာမျိုး မရှိခဲ့ပါဘူး။

ဒါပေမဲ့ ပခုက္ကူဒေသတွင်းဌာနဆိုင်ရာတာဝန်ရှိသူတွေနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့တာဝန်ရှိသူတွေရဲ့ ခရီးစဉ်တွေမှာ ဒေသထွက်ကုန်ပစ္စည်းပြပွဲအဖြစ် ကျွန်မတို့ရဲ့ ချည်ထည်ထုတ်ကုန်ပစ္စည်းတွေကိုတော့ ယူဆောင်ပြသလေ့ရှိပါတယ်။



**လက်ရှိလုပ်ငန်းမှာ အခက်အခဲရှိရင်လည်း သိပါရစေ။**

လက်ရှိမှာ ကုန်ကြမ်းပစ္စည်းတွေနဲ့ ကုန်ချောပစ္စည်းတွေကို အချိန်နဲ့တစ်ပြေးညီရရှိဖို့ အခက်အခဲတွေရှိပါတယ်။ အရောင်းအဝယ် နည်းပါးချိန်မှာလည်း အလုပ်သမားတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိစေဖို့ ပုံမှန်လည်ပတ်ဆောင်ရွက်နေပါတယ်။

**စီးပွားရေးလုပ်ငန်းစတင်လုပ်ကိုင်မယ့် လူငယ်တွေအတွက် အကြံပြုစကားလေး ပြောပေးပါဦး။**

လူငယ်တွေအနေနဲ့ မိမိစတင်လုပ်ကိုင်မယ့် စီးပွားရေးလုပ်ငန်းအကြောင်းကို စနစ်တကျလေ့လာသင်ယူပြီး အဲဒီလုပ်ငန်းရဲ့ အားသာချက်၊ အားနည်းချက်တွေနဲ့ အတွေ့အကြုံတွေကိုအခြေခံပြီး အောင်မြင်အောင် ကြိုးစားလုပ်ကိုင်ကြဖို့ အကြံပြုလိုပါတယ်။

**ပခုက္ကူဒေသထွက် ချည်ထည်တွေကို လူအများစုက ဘာကြောင့်နှစ်သက်ကြတယ်လို့ ထင်ပါသလဲ။**

ပခုက္ကူဒေသထွက် ချည်ထည်တွေက ချည်အစစ်နဲ့ရက်လုပ်ထားတဲ့အပြင် ရာသီမရွေးဝတ်ဆင်နိုင်တဲ့အတွက် လူအများစုက ကြိုက်နှစ်သက်ကြတာပါ။ ချည်ထည်ရဲ့သဘောသဘာဝအရ နွေရာသီကာလမှာ ဝတ်ဆင်ရင် အပူဒဏ်ကာကွယ်ပြီးသားဖြစ်လို့ အေးတဲ့ခံစားမှုကိုခံစားရပါတယ်။ ဆောင်းရာသီမှာဝတ်ဆင်ရင် အအေးဓာတ်ကိုကာကွယ်ပေးတဲ့အတွက် နွေးတဲ့ခံစားမှုကို ခံစားရပါတယ်။ ဒါကြောင့် လူအများစုက ကြိုက်နှစ်သက်ကြတာဖြစ်ပါတယ်။ ပခုက္ကူချည်ထည်က ဒေသရဲ့အထင်ကရထုတ်ကုန်အဖြစ် ဂုဏ်ယူစွာသုံးစွဲနိုင်တဲ့အပြင် ရာသီမရွေးဝတ်ဆင်ဖို့ သင့်လျော်တာရယ်၊ ခရီးသွားလာရာမှာ လွယ်ကူပေါ့ပါးစွာ သယ်ယူနိုင်တာရယ်၊ လူကြီးမိဘတွေကို လက်ဆောင် ဒါမှမဟုတ် ကန်တော့ခံပစ္စည်းအဖြစ်ပေးဖို့ အဆင်ပြေတာရယ်ကြောင့် ကျွန်မတို့အနေနဲ့ မိသားစုအကျိုးစီးပွားထက် ဝယ်ယူသုံးစွဲတဲ့ပြည်သူတွေအတွက်ပါ အကျိုးဖြစ်ထွန်းတဲ့ ချည်ထည်ပစ္စည်းတွေဖြစ်ဖို့ အမြဲကြိုးစားထုတ်လုပ်ပေးနေပါတယ်။ ပြီးတော့ ဒေသခံပြည်သူတွေကို အလုပ်အကိုင်အခွင့်အလမ်းတွေရရှိစေဖို့ တစ်ဖက်တစ်လမ်းကနေ ပံ့ပိုးကူညီပေးနိုင်တဲ့ လုပ်ငန်းဖြစ်တဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါတယ်။

---

လပွတ္တာ၊ ကျေးလက်ဖွံ့ဖြိုးရေး

# လပွတ္တာမြို့နယ်၌ မြို့နယ်အဆင့်စီမံကိန်းသုံးသပ်ဆွေးနွေးပွဲနှင့် လုပ်ငန်းများလွှဲပြောင်းပေးအပ်ပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း၊ အသက်မွေးဝမ်းကျောင်းသင်တန်းနှင့် ဆိုလာရေတင်စနစ်လုပ်ငန်းများနှင့်ပတ်သက်၍ မြို့နယ်အဆင့်သုံးသပ်ဆွေးနွေးပွဲကို ဧပြီလ ၈ ရက်က လပွတ္တာမြို့နယ် ရွှေနဒီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လပွတ္တာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦးက အမှာစကားပြောကြားခဲ့ပြီး ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်နိုင်မိုးက စီမံကိန်းသုံးသပ်ဆွေးနွေးပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကျေးရွာ ၁၀ ရွာမှ ကျေးရွာကော်မတီဝင်များကိုလည်းကောင်း၊ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်သည့် ကျေးရွာ ၁၀ ရွာမှ ကျေးရွာကော်မတီဝင်များကိုလည်းကောင်း၊ ဆိုလာရေတင်စနစ်လုပ်ငန်းဆောင်ရွက်သည့် ကျေးရွာနှစ်ရွာတို့မှ ကော်မတီဝင်များကိုလည်းကောင်း တာဝန်ရှိသူများက လုပ်ငန်းများအသီးသီး လွှဲပြောင်းပေးအပ်ခဲ့သည်။

ဆက်လက်ပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းကျေးရွာများမှ ကျေးရွာကော်မတီဝင်များ၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကျေးရွာများမှ ကျေးရွာကော်မတီဝင်များ၊ ဆိုလာရေတင်စနစ်ဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများဆောင်ရွက်သည့် ကျေးရွာများမှ ကျေးရွာကော်မတီဝင်များ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကျေးရွာများမှ ကျေးရွာကော်မတီဝင်များက စီမံကိန်းလုပ်ငန်းစဉ်များ၏ အားနည်းချက်၊ အားသာချက်၊ အကြံပြုချက်များကို ခေါင်းစဉ်အလိုက် ဆွေးနွေးသုံးသပ်ချက်များအပေါ် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်ကျော်သူက လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**တေဇာလင်း**

နေပြည်တော် ဧပြီ ၉

# နေပြည်တော်လမ်းလျှောက်သင်္ကြန် အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများအား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကြည့်ရှုစစ်ဆေး



ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များ၊ ပြည်သူများအားလုံး ၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ကို ပျော်ရွှင်စွာဆင်နွှဲနိုင်ရေးအတွက် နေပြည်တော် လမ်းလျှောက်သင်္ကြန်ကို **ပျဉ်းမနား-တောင်ညိုလမ်းမပေါ်ရှိ နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်အနီးမှ စည်ပင်ဧည့်ရိပ်သာလမ်းဆုံဧရိယာအထိ ဧပြီလ ၁၃ ရက်မှ ၁၆ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်**ဖြစ်သည်။

နေပြည်တော်လမ်းလျှောက်သင်္ကြန်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် နေပြည်တော်လမ်းလျှောက်သင်္ကြန် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်လမ်းလျှောက်သင်္ကြန်ဧရိယာအတွင်း ဝန်ထမ်းများ၊ မိသားစုများနှင့် ပြည်သူများစိတ်ပျော်ရွှင်ချမ်းမြေ့စွာ ရေကစားနိုင်ရန်အတွက် ဝန်ကြီးဌာနများအလိုက် မြန်မာ့ရိုးရာမဟာသင်္ကြန်မဏ္ဍပ်များနှင့် တိုင်းရင်းသားရိုးရာရေကစားမဏ္ဍပ်များတည်ဆောက်နေမှု၊ မဏ္ဍပ်များအလိုက် စတုဒိသာကျွေးမွေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်နေမှု၊ တိုင်းရင်းသားသင်္ကြန်၊ စတုဒိသာသင်္ကြန်၊ ဝန်ကြီးဌာနသင်္ကြန်နှင့် လူငယ်သင်္ကြန်တို့တွင် ခေတ်မီအဆင့်အတန်းရှိစွာ လည်ပတ်အပန်းဖြေနိုင်ရန် အဆင်သင့်ပြင်ဆင်ဆောင်ရွက်ထားမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လမ်းလျှောက်သင်္ကြန်ကျင်းပမည့်ဧရိယာအတွင်း မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးနှင့် ရေပြတ်တောက်မှုမရှိစေရေးကိုလည်း စီမံဆောင်ရွက်ထားရမည် ဖြစ်သကဲ့သို့ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရန်လိုအပ်ကြောင်း၊ ဖွဲ့စည်းပေးထားသည့် ကော်မတီအသီးသီးအနေဖြင့်လည်း မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းများအလိုက် အချိန်မီပြီးစီးစေရေး ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

ယခုနှစ် နေပြည်တော်လမ်းလျှောက်သင်္ကြန်၌ ဝန်ထမ်းများနှင့်ပြည်သူများ ပိုမိုပျော်ရွှင်စွာဆင်နွှဲနိုင်ရန်အတွက် **လမ်းလျှောက်သင်္ကြန်ဗဟိုမဏ္ဍပ်ကြီးကို ခမ်းနားစွာတည်ဆောက်နေပြီး ပြည်တွင်းမှ နိုင်ငံကျော်အနုပညာရှင်များစွာနှင့် ကိုရီးယားနိုင်ငံမှ K POP အဆိုရှင်များက ပါဝင်သီဆိုဖျော်ဖြေသွားမည်**ဖြစ်ကာ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ဉာဏသိဒ္ဓိမိသားစုမဟာသင်္ကြန်ရေကစားမဏ္ဍပ်ကြီးကို တည်ဆောက်၍ လာရောက်လည်ပတ်ကြသည့် ပြည်သူများအား ဖျော်ဖြေရေးအစီအစဉ်များအပြင် စတုဒိသာ အကျွေးအမွေးများဖြင့်လည်း ဧည့်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် နေပြည်တော်လမ်းလျှောက်သင်္ကြန်အတွင်း၌ ရုရှား-မြန်မာချစ်ကြည်ရေးအသင်းမဏ္ဍပ်ကိုလည်း တည်ဆောက်လျက်ရှိပြီး ပြည်သူများ ပျော်ရွှင်စွာရေပက်ဖျန်းပျော်ရွှင်နိုင်စေရန် ရေပန်းပိုက် ၄၀ ကျော်တပ်ဆင်ဆောင်ရွက်လျက်ရှိကာ အမြင့် ၆ ပေ၊ အလျားပေ ၄၀ နှင့် အနံ ပေ ၂၀ ရှိဖျော်ဖြေရေးစင်မြင့်ဆောက်လုပ်လျက်ရှိကြောင်း၊ အဆိုပါစင်မြင့်၌ ရုရှားနိုင်ငံမှ လူငယ်အနုပညာရှင်အဖွဲ့များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။ အလားတူ တရုတ်-မြန်မာ-အိန္ဒိယချစ်ကြည်ရေးမဏ္ဍပ်ကို နိုင်ငံတကာအဆင့်မီ ရေကစားမဏ္ဍပ်အဖြစ်တည်ဆောက်လျက်ရှိပြီး စတုဒိသာအစီအစဉ်များလည်းပါဝင်ကြောင်း သိရသည်။

နေပြည်တော်လမ်းလျှောက်သင်္ကြန်၌ ရေကစားမဏ္ဍပ်ပေါင်း ၂၆ ခုတည်ဆောက်လျက်ရှိပြီး တိုင်းရင်းသားသင်္ကြန်၊ စတုဒိသာသင်္ကြန်၊ ဝန်ကြီးဌာနသင်္ကြန်နှင့် လူငယ်သင်္ကြန်ဟူ၍ ပြည်သူများပျော်ရွှင်စွာရေပက်ဖျန်းလည်ပတ်နိုင်စေရန် အထူးအစီအစဉ်ကောင်းများဖြင့် ဆောင်ရွက်ထားရှိသည်။

ထို့ပြင် ပြည်သူများ နိုင်ငံတကာအဆင့် ခေတ်မီအဆင့်အတန်းရှိစွာ လမ်းလျှောက်သင်္ကြန်ကို ပျော်ရွှင်စွာဆင်နွှဲနိုင်ရန်အတွက် Zone 1 နှင့် Zone 2 ဟူ၍ ခွဲခြားထားရှိကာ Zone 1 ၌ တိုင်းရင်းသားစတုဒိသာသင်္ကြန်ဟူ၍ စီစဉ်ထားရှိပြီး လာရောက်လည်ပတ်ကြသူများအား Zone -1 Main Entrance အဝင်တွင် စတုဒိသာအကျွေးအမွေးများဖြင့် ဧည့်ခံမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားတို့၏ယဉ်ကျေးမှုများကိုအခြေခံ၍ တိုင်းရင်းသားသင်္ကြန်ဖန်တီးရေကစားနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမည့်အပြင် တိုင်းရင်းသားကိုယ်စားပြု Photo Booth များနှင့်အမှတ်တရဓာတ်ပုံရိုက်ကူးနိုင်ရန် ပြင်ဆင်ဆောင်ရွက်နေကြောင်း သိရသည်။

အလားတူ လမ်းလျှောက်သင်္ကြန် Zone 2 ၌ လူငယ်များနှင့် ကလေးငယ်များအတွက် လူငယ်သင်္ကြန်ဟူ၍ စီစဉ်ဆောင်ရွက်ထားရှိပြီး မိသားစုများ၊ ကလေးငယ်များ၊ လူငယ်များအတွက် နိုင်ငံတကာအဆင့်မီ ရေလျှောလျှောများ၊ Foam Party များ၊ inflatable ကစားစရာရေကန်များ/ ရေလျှောလျှောများဖြင့် ပြင်ဆင်ထည့်သွင်းဆောင်ရွက်လျက်ရှိကာ လူငယ်များ နှစ်သက်ပျော်ရွှင်ဖွယ်ရာဖြစ်စေရန်အတွက်လည်း DJ Performance များဖြင့် ကပြဖျော်ဖြေ၍ နေပြည်တော်လမ်းလျှောက်သင်္ကြန်ပွဲတော်ကြီးအား စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဧပြီ ၉

# ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် မီးဘေးလုံခြုံရေးစီမံချက် ရှင်းလင်းတင်ပြခြင်းအခမ်းအနားကျင်းပ






ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် မီးဘေးလုံခြုံရေးစီမံချက်ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပူပြင်းခြောက်သွေ့သော နွေရာသီကာလကိုရောက်ရှိလာသဖြင့် အကြောင်းအမျိုးမျိုးကြောင့် မီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်လာပါက ချက်ချင်းဆောင်ရွက်ရမည့် နည်းလမ်းများကို ဝန်ထမ်းအားလုံးသိရှိနားလည်ဆောင်ရွက်တတ်စေရန် ယနေ့အခမ်းအနားကို ကျင်းပခြင်းဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနရုံးအဆောက်အအုံ ပရိဝုဏ်အတွင်းအပြင်၊ ရုံးပစ္စည်းကိရိယာများနှင့် အရေးကြီးစာရွက်စာတမ်းများ မီးဘေးအန္တရာယ်ကင်းဝေးစေရန်နှင့် မတော်တဆမီးလောင်ကျွမ်းမှုများဖြစ်ပွားလာပါက ကိုင်တွယ်ဖြေရှင်းဆောင်ရွက်နိုင်ရန် ဝန်ထမ်းများအားလုံး မီးဘေးလုံခြုံရေးစီမံချက်ပါ လုပ်ငန်းစဉ်များကို ကောင်းစွာသိရှိထားကြရန်လိုအပ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များကို သေချာလေ့လာသိရှိပြီး ဇာတ်တိုက်လေ့ကျင့်မှုများပြုလုပ်ကြရန်နှင့် ဝန်ထမ်းများအားလုံး မီးဘေးအသိသတိရှိစွာ အထူးဂရုပြုနေထိုင်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက မီးလောင်မှု အခြေခံသဘောတရားများ၊ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ရှောင်ကြဉ်ရမည့်အချက်များ၊ မီးငြိမ်းသတ်ရေးဆိုင်ရာလုပ်ငန်းစဉ်များ၊ မီးငြိမ်းသတ်ရာတွင် တွေ့ကြုံရသည့်အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးရုံးအုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ ညွှန်ကြားရေးမှူး ဦးခင်မောင်စိုးက ဝန်ကြီးဌာန၏ မီးဘေးလုံခြုံရေးစီမံချက်ပါ သာမန်အချိန်၊ မီးလောင်မှုဖြစ်ပေါ်ချိန်နှင့် မီးလောင်ကျွမ်းပြီးချိန်တို့တွင် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကိုဆောင်ရွက်နိုင်ရန်ကွပ်ကဲမှုအဖွဲ့၊ ကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့၊ မီးငြိမ်းသတ်ရေးအဖွဲ့၊ သယ်ယူရွှေ့ပြောင်းရေးအဖွဲ့၊ လုံခြုံရေးအဖွဲ့၊ ပို့ဆောင်ရေးအဖွဲ့ ဟူ၍ အဖွဲ့ ၆ ဖွဲ့ ဖွဲ့စည်းဆောင်ရွက်ထားရှိမှုများနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကြောင်းသိရသည်။

**(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်းကိုင်တွယ် သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

နေပြည်တော် ဧပြီ ၉

# KG+12 စနစ်သစ်နှင့် လိုက်လျောညီထွေမည့် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များ၏ သင်ရိုးညွှန်းတမ်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ဆက်လက်ကျင်းပ



သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် KG+12 စနစ်သစ်နှင့် လိုက်လျောညီထွေမည့် သင်ရိုးညွှန်းတမ်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် ဘာသာရပ်ဆိုင်ရာ ဆရာ၊ ဆရာမများတက်ရောက်ကြသည်။

အစည်းအဝေးတွင် နည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက Student Information Management System ဆိုင်ရာကိစ္စရပ်များ၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များမှ အထူးပြုဘာသာရပ်များအလိုက် အုပ်စုဖွဲ့ဆွေးနွေးထားရှိမှုများကို ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်ဆိုင်ရာ ဆရာ၊ ဆရာမများက ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက KG+12 စနစ်သစ်နှင့် လိုက်လျောညီထွေမည့် နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ သင်ရိုးညွှန်းတမ်းဆိုင်ရာ ဆွေးနွေးမှုများ၊ ညှိနှိုင်းဆောင်ရွက်မှုများဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး သင်ရိုးညွှန်းတမ်းများကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရန် Credit စနစ်များ၊ အရည်အသွေးအာမခံမှုစနစ်များနှင့်အညီ ရေးဆွဲရန်လိုအပ်ပါကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ်ကျွမ်းကျင်တတ်မြောက်မှုကို အဓိကထား ရေးဆွဲစေလိုပါကြောင်း၊ အတတ်ပညာနှင့် အသိပညာတိုးတက်ရေးအတွက်သာမက စိတ်ဓာတ်ကြံ့ခိုင်ဖွံ့ဖြိုးတိုးတက်လာရန် လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက အကြံပြုဆွေးနွေးတင်ပြ၍ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် ဘာသာရပ်ဆိုင်ရာ ဆရာ၊ ဆရာမများက KG+12 စနစ်သစ်နှင့် လိုက်လျောညီထွေဖြစ်သော သင်ရိုးညွှန်းတမ်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ အသေးစိတ်တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းမှာကြားခဲ့ကြောင်းသိရသည်။

**(သတင်းစဉ်)**

---

နေပြည်တော် ဧပြီ ၉

# ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဗဟိုအဖွဲ့အစည်းအဝေး (၁/၂၀၂၄)ကျင်းပ



ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေး (၁/၂၀၂၄) ကို ယနေ့နံနက် ၉ နာရီခွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ် (၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲမှုသည် နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါနှင့် လေဖြတ်ရောဂါ၊ ကင်ဆာရောဂါ၊ နာတာရှည်အဆုတ်နှင့် အသက်ရှူလမ်းကြောင်းရောဂါ အစရှိသည့် မကူးစက်နိုင်သောရောဂါများဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်ပါကြောင်း၊ မကူးစက်နိုင်သောရောဂါများဖြစ်ပွားမှုမှာ ကပ်ရောဂါအသွင်အဖြစ် အလျင်အမြန်တိုးတက်များပြားလျက်ရှိပြီး ၎င်းရောဂါများကို ကုသရန်အတွက် ငွေကြေးမြောက်မြားစွာသုံးစွဲနေရသည့်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားသော အဟန့်အတားတစ်ခုဖြစ်စေသလို နိုင်ငံ၏ကျန်းမာရေးစနစ်အပေါ်တွင်လည်း ကြီးမားသောဝန်ထုပ်ဝန်ပိုးဖြစ်စေပါကြောင်း၊ **အထူးသဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဆေးရွက်ကြီးစိုက်ပျိုးမှုနှင့် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုကို စနစ်တကျကန့်သတ်ထိန်းချုပ်ဆောင်ရွက်လာသည့်အတွက် ဆေးရွက်ကြီးနှင့်ဆေးရွက်ကြီးထွက်ပစ္စည်း စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးရောင်းချသူလုပ်ငန်းရှင်များအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများကို ပစ်မှတ်ထား၍ ရင်းနှီးမြှုပ်နှံလာကြသည်ကို တွေ့ရှိရပါကြောင်း၊ ဆေးရွက်ကြီးစိုက်ပျိုးရာတွင် ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာအလွန်အကျွံသုံးစွဲရသည့်အတွက် မြေဆီလွှာကို ပြုန်းတီးစေပြီး စိုက်ပျိုးမြေများကို ကန္တာရအသွင်ပြောင်းစေသည့်အတွက် အကျိုးဆက်အနေဖြင့် စားရေရိက္ခာရှားပါးမှုကို ပိုမိုဆိုးရွားစေပါကြောင်း၊** မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆေးရွက်ကြီးထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းကို (၂၀၀၃) ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး (၂၀၀၆) ခုနှစ်တွင် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို ပြဋ္ဌာန်း၍ လိုအပ်သောအမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဥပဒေပါရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန်အတွက် ဗဟိုအဖွဲ့ကို ဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်ထားခြင်း ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၂၃ အရ ဗဟိုအဖွဲ့အသစ်ကို အဖွဲ့ဝင် ၃၀ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ဥပဒေပါရည်ရွယ်ချက်များကို ပိုမိုမြန်ဆန်ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုကြီးကြပ်ရေးအဖွဲ့များဖွဲ့စည်းရန်နှင့် လုပ်ငန်းတာဝန်များသတ်မှတ်ပေးရန်လိုအပ်လျက်ရှိပါကြောင်း၊ ထို့ပြင် **အသစ်ပေါ်ထွက်လာသည့် အီးစီးကရက်ကဲ့သို့သော အီလက်ထရွန်နစ်အငွေ့ရှူစက်များသုံးစွဲမှုသည် ကျန်းမာရေးကို ထိခိုက်စေသည့်အတွက် လူငယ်များအနေဖြင့် အဆိုပါအီလက်ထရွန်နစ်အငွေ့ရှူစက်များသုံးစွဲမှုမှ ကာကွယ်တားဆီးရန်အတွက် လိုအပ်သောမူဝါဒ၊ အစီအမံနှင့် ဥပဒေပြဋ္ဌာန်းချက်များချမှတ်ရန် လိုအပ်လျက်ရှိပါကြောင်း၊** နိုင်ငံတကာအတွေ့အကြုံများအရ ဆေးလိပ်ဈေးနှုန်းမြင့်လေ၊ သုံးစွဲမှုလျော့ကျလေဖြစ်သည့်အတွက် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများအပေါ် အခွန်တိုးမြှင့်ကောက်ခံခြင်းကိုလည်း အားဖြည့်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းက ဗဟိုအဖွဲ့ပေါ်ပေါက်လာပုံ သမိုင်းကြောင်းအကျဉ်းနှင့် ဥပဒေပါဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်ဝတ္တရားများနှင့် ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ဗဟိုအဖွဲ့ အဖွဲ့ဝင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာကျော်ကံကောင်းမှ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များက ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးလုပ်ငန်းများအတွက် ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြသည်။

တင်ပြဆွေးနွေးချက်များအပေါ် ညှိနှိုင်းဆွေးနွေး၍ အစည်းအဝေးမှ ဆုံးဖြတ်ချက်များချမှတ်ခဲ့ပြီး ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဗဟို အဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနခွဲမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မဟာသင်္ကြန်ကာလတွင် ပြည်သူအားလုံးသွားလမ်းသာလို့ လာလမ်းဖြောင့်ပါစေ

နွေရာသီအပူချိန်သည် တဖြည်းဖြည်းမြင့်တက်လာလျက်ရှိသည်။ ယခုနှစ်တွင် အယ်နီညိုဖြစ်စဉ်ကြောင့် တချို့သောဒေသများတွင် နေ့အပူချိန်သည် ၄၇ ဒီဂရီဆဲလ်စီးယပ်အထိရှိနေပြီဖြစ်သည်။ ရွက်ဟောင်းကြွေ၍ ရွက်သစ်ဝေနေပြီဖြစ်သည်။ မကြာမီ မဟာသင်္ကြန်ပွဲတော်ကာလသို့ ရောက်ရှိတော့မည်ဖြစ်သည်။ သင်္ကြန်သီချင်းသံများကြားနေရပြီဖြစ်သည်။ ရေကစားမဏ္ဍပ်များကိုလည်း ကြိုတင်ဆောက်လုပ်နေကြပြီဖြစ်သည်။ တစ်နယ်တစ်ကျေးတွင် အသက်မွေးဝမ်းကျောင်းပြုနေရသူများသည် သင်္ကြန်ကာလတွင် မွေးရပ်မြေသို့ပြန်၍ ကောင်းမှုကုသိုလ်ပြုလုပ်ကြသည်။

မြန်မာမှန်လျှင် မြန်မာသင်္ကြန်ကိုဆင်နွဲလိုကြသည်။ အသက်အရွယ်အလိုက် သင်္ကြန်ကာလကို အမျိုးမျိုးအဖုံဖုံဖြင့် ဖြတ်သန်းကြမည်ဖြစ်သည်။ ဆိုရလျှင် သင်္ကြန်ပွဲတော်သည် အေးချမ်းခြင်း၊ ပျော်ရွှင်ခြင်း၊ ကုသိုလ်တရားပွားများရခြင်းဆိုသော အနှစ်သာရများစွာရှိနေသည်။ ပြည်ပနိုင်ငံများသို့ရောက်နေသည့်တိုင်အောင် သင်္ကြန်ကာလရောက်လျှင် ရေကစားဖြစ်ကြသည်။ ကောင်းမှုကုသိုလ်လုပ်ဖြစ်ကြသည်။ မြန်မာ့ရိုးရာအစဉ်အလာကို ထိန်းသိမ်းထားခြင်းပင်ဖြစ်သည်။

## တန်ခူးလ

မြန်မာ့ဆယ့်နှစ်လတွင် အစအဦးလသည် တန်ခူးလဖြစ်သည်။ နွေဥတုအလယ်အပူရှိန်ပြင်းထန်သည့်ကာလဖြစ်သည်။ တန်ခူးလကို ပုဂံခေတ်ကျောက်စာများ၌ တန်ခူဟုရေး၏။ အင်းဝခေတ်သို့ရောက်သောအခါ တန်းခူး ဟုရေးခဲ့သည်။ **"တန်းခူးရာသီတိုင်ခဲ့ပြီ၊ ဆန်းထူးဝါနီ လှိုင်ခဲ့ပြီ၊ သွန်းဖြူးဖြာစီ အိုင်ခဲ့ပြီ"** ဆိုသောရတုကိုဖတ်မှတ်ဖူးပါသည်။ လက်ရှိအချိန်တွင်မူ တန်ခူးဟုရေးကြသည်။

ဝေါဟာရလိနတ္ထဒီပနီကျမ်း၌ တန်ကူးလတွင် တနင်္ဂနွေဂြိုဟ်သည် မိန်ရာသီမှ မိဿရာသီသို့ သင်္ကြန်အတာကူးပြောင်းသောကြောင့် တာကူးလဟုခေါ်ကြောင်းဖော်ပြထားသည်။ ဗေဒင်အလိုအားဖြင့် တန်ခူးလကို မိဿရာသီဟုခေါ်သည်။ ထိုလတွင် စိတြနက္ခတ်စန်းနှင့်ယှဉ်၍မွန်းတည့်သည်။ ရာသီရုပ်မှာ ဆိတ်ရုပ်ဖြစ်၍ ရာသီပန်းမှာ ကံ့ကော်ပန်းဖြစ်သည်။ ပိတောက်ပန်းများသည်လည်း တန်ခူးလတွင်ဖူးပွင့်ကြသည်။ တန်ခူးလတွင် နံနက် ၆ နာရီ၌ နေထွက်၍ ည ၆ နာရီ၌နေဝင်သည်။ နေ့တာ၊ ညတာညီမျှသောလပင်ဖြစ်သည်။ တန်ခူးလ၌ မဟာသင်္ကြန်ရေသဘင်ပွဲတော်ကိုဆင်နွှဲလေ့ရှိသည်။

## သင်္ကြန်ဆိုသည်မှာ

သင်္ကြန်သည် သင်္ကန္တဟူသော ပါဠိပုဒ်မှလာသည့် သက္ကတရေစ်သံနှင့်သင်္ကြန်ဟူသောမြန်မာစကားဖြစ်ပေါ်လာခြင်းဖြစ်သည်။ သင်္ကန္တ၏အနက်မှာ ကူးပြောင်းခြင်း၊ တစ်နေရာမှတစ်နေရာသို့ ရောက်ရှိခြင်းဟူ၍ဖြစ်သည်။ မြန်မာလူမျိုးတို့၏ ကျင်းပမြဲဖြစ်သော ဆယ့်နှစ်လရာသီပွဲတော်များတွင် သင်္ကြန်ရေသဘင်ပွဲတော်သည် လွန်စွာကြီးကျယ်စည်ကားသော အမျိုးသားပွဲတော်တစ်ခုဖြစ်သည်။

## မဟာသင်္ကြန်ကာလ

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် နှောင်းတန်ခူးလဆန်း ၆ ရက် (၂၀၂၄ ခုနှစ် ဧပြီလ ၁၄ ရက်)တနင်္ဂနွေနေ့ မြန်မာစံတော်ချိန် ညဉ့်စက် ၁၂ နာရီ ၂၄ မိနစ် ၄၅ စက္ကန့်အချိန်တွင် မဟာသင်္ကြန်ကျသည်။ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် နှောင်းတန်ခူးလဆန်း ၇ ရက်(၂၀၂၄ ခုနှစ် ဧပြီလ ၁၅ ရက်)တနင်္လာနေ့သည် မဟာသင်္ကြန်အကြတ်ရက်ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် နှောင်းတန်ခူးလဆန်း ၈ ရက် (၂၀၂၄ ခုနှစ် ဧပြီလ ၁၆ ရက်)အင်္ဂါနေ့ မြန်မာစံတော်ချိန် နံနက်စက် ၄ နာရီ ၂၉ မိနစ် ၂၆ စက္ကန့်အချိန်တွင် မဟာသင်္ကြန်တက်သည်။ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ဦးတန်ခူးလဆန်း ၉ ရက် (၂၀၂၄ ခုနှစ် ဧပြီလ ၁၇ ရက်)ဗုဒ္ဓဟူးနေ့သည် မြန်မာနှစ်ဆန်းတစ်ရက်နေ့ပင်ဖြစ်သည်။



## ရေလိုအေးလို့ပန်းလိုလန်းပါစေ

၂၀၂၄ ခုနှစ်တွင် နိုင်ငံ့ဝန်ထမ်းများအတွက်သင်္ကြန်ရုံးပိတ်ရက်ကာလသည် ဧပြီလ ၁၃ ရက်မှ ၂၁ ရက်အထိဖြစ်သည်။ အမှန်တော့ **မြန်မာလူငယ်များသည် နှစ်စဉ်သင်္ကြန်ရောက်ရှိချိန်တွင် ပျော်ရွှင်စွာရေကစားကြရသဖြင့် ထိုကာလကို မျှော်လင့်တောင့်တကြသည်။ ရေသည်အေးမြခြင်း၊ ကြည်လင်ခြင်းနှင့်အညစ်အကြေးများကို ဆေးကြောသန့်စင်နိုင်ခြင်းစသည့် အမှတ်သင်္ကေတပင်ဖြစ်သည်။ နှစ်ဟောင်းမှအညစ်အကြေးများ နှစ်သစ်တွင်ပါမလာစေရန်၊ ပူပြင်းသောနွေရာသီတွင် အေးမြသောအစိုဓာတ်ရရှိစေရန်နှင့် မကောင်းသောကံကြမ္မာနှင့် ဘေးအန္တရာယ်များကင်းဝေးစေရန် ရည်ရွယ်ပက်ဖျန်းကြခြင်းဖြစ်သည်။** လူကြီးသူမများသည်သင်္ကြန်ကာလတွင် တရားရိပ်သာဝင်ခြင်း၊ ဥပုသ်သီတင်းသီလဆောက်တည်ခြင်း၊ ဘုန်းကြီးကျောင်းများနှင့် ဘုရားစေတီပုထိုးများသို့သွားရောက်ကုသိုလ်ယူကာ အကျိုးရှိရှိကုန်ဆုံးလေ့ရှိကြသည်။ မည်သို့ပင်ဆိုစေသင်္ကြန်ရေပက်ဖျန်းခြင်းသည် လေးနက်သောအဓိပ္ပာယ်ဆောင်ပြီး ရေလိုအေး၍ပန်းလိုလန်းပါစေဆိုသောမေတ္တာဓာတ်ဖြင့် ပက်ဖျန်းကြခြင်းဖြစ်သည်။

## သက်ကြီးစကားသက်ငယ်ကြား

မြန်မာလူမျိုးအများစုသည် သင်္ကြန်ကာလကို ကောင်းမှုကုသိုလ်အဝဝပြုလုပ်ခြင်းဖြင့်သာ ဖြတ်သန်းလေ့ရှိကြသည်။ သက်ကြီးစကား သက်ငယ်ကြား ဆိုသလို ကလေးငယ်များကိုလည်း သင်္ကြန်ကာလအတွင်း မကောင်းမှုရှောင်ကောင်းမှုဆောင်နိုင်ရေးအတွက် ပညာပေးစည်းရုံးလေ့ရှိသည်။ သာဓကအနေဖြင့် သင်္ကြန်အကြိုနေ့တွင် သိကြားမင်းလူ့ပြည်သို့ဆင်းသက်လာပြီး သင်္ကြန်ကာလအတွင်း ကောင်းမှုကုသိုလ်ပြုသူများကိုရွှေပုရပိုက်ဖြင့်လည်းကောင်း၊ မကောင်းမှုအကုသိုလ်ပြုသူများကို ခွေးပုရပိုက်ဖြင့်လည်းကောင်း မှတ်တမ်းတင်ပြီး သင်္ကြန်အတက်နေ့တွင် နတ်ပြည်သို့ပြန်သွားသည်ဟုပြောဆိုခြင်းမျိုးဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ စာရေးသူတို့ငယ်စဉ်က ထိုစကားကိုယုံကြည်သက်ဝင်ခဲ့၍ သင်္ကြန်ကာလအတွင်း မကောင်းမှုအကုသိုလ်များကို ရှောင်ကြဉ်နိုင်ခဲ့သည်။ ထို့ကြောင့် မိဘ၊ ဘိုးဘွားများကို ယနေ့အထိ ကျေးဇူးတင်နေရဆဲပင်ဖြစ်သည်။

> **သင်္ကြန်ကာလအတွက် ကောင်းမှုကုသိုလ်များပြုလုပ်ကြသဖြင့် မကောင်းမှုအကုသိုလ်များ ကင်းစင်သွားမည်ဖြစ်သည်။ ထို့ပြင် ပူပြင်းလှသော နွေရာသီတွင် အတာရေအေးဖြင့် ပက်ဖျန်းလိုက်ရုံမျှဖြင့် ရင်ထဲတွင်အေးမြသွားစေသည်။ နှစ်ဆန်းတစ်ရက်နေ့သည် မြန်မာနှစ်ဟောင်းမှနှစ်သစ်သို့ကူးပြောင်းသောနေ့ဖြစ်သဖြင့် မြန်မာတို့အတွက် အရေးပါသော မင်္ဂလာနေ့တစ်နေ့လည်းဖြစ်သည်...**

## စစ်မှန်သောပြောင်းလဲမှုကိုပိုင်ဆိုင်

သင်္ကြန်ပွဲတော်၏ပြယုဂ်သည် လူငယ်များအတွက် ရေပက်ကစားခြင်းနှင့် လူကြီးများအတွက် ကောင်းမှုကုသိုလ်ပြုလုပ်ခြင်းပင်ဖြစ်သည်။ ရေသည်လူ၏ခန္ဓာကိုယ်ပေါ်ရှိပြင်ပအညစ်အကြေးများကိုသာ ဆေးကြောနိုင်မည်ဖြစ်သည်။ အတွင်းစိတ်သန္တာန်တွင် ဖြစ်ပေါ်နေသောအကုသိုလ်ကိုမူ သီလစောင့်ထိန်းခြင်းဖြင့်သာ သန့်စင်ဆေးကြောပေးနိုင်မည်ဖြစ်သည်။ သင်္ကြန်ပွဲတော်တွင် မပါမဖြစ်သောအရာသည် ရွှေဝါရောင်ပိတောက်ပန်းဖြစ်သည်။ မဏ္ဍပ်များတွင် ပိတောက်ပန်းပါမှသာပြည့်စုံပေသည်။ ထို့ပြင် သင်္ကြန်ယိမ်းအကလှုပ်ရှားမှုများတွင်လည်း ပိတောက်ပန်းဆင်မြန်းထားမှသာလျှင် ပိုမိုလှပကြော့ရှင်းလာသည်။

အမှန်စင်စစ်မှာမူ သင်္ကြန်ပွဲတော်သည်နှစ်ဟောင်းမှနှစ်သစ်သို့ကူးပြောင်းသည့် အခါသမယဖြစ်သည်။ စာရေးသူတို့သည် သင်္ကြန်ရေပက်ဖျန်းရုံမျှဖြင့် အညစ်အကြေးများကင်းစင်သွားမည်ဟု ယူဆနေခြင်းဖြစ်သည်။ စစ်မှန်သောပြောင်းလဲမှုကိုပြုလုပ်သွားရန်လိုအပ်သည်။ ထိုသို့ပြောင်းလဲမှုကိုဖော်ဆောင်ရန်အတွက် လူ့အဖွဲ့အစည်းအတွင်း လောဘစိတ်ကို တဖြည်းဖြည်းလျှော့ချကာ သူတစ်ပါးကို ကူညီပေးကမ်းလိုသောဒါနစိတ် မွေးမြူသွားရန်လိုအပ်သည်။ ထို့ပြင် ဒေါသစိတ်ကိုလည်းလျှော့ချကာ သတ္တဝါအချင်းချင်းမေတ္တာထားကာ ဆက်ဆံသွားသင့်သည်။ နောက်ဆုံးအချက်သည် မသိမှုအဝိဇ္ဇာကို ကျော်လွန်နိုင်သည့် ဉာဏ်ပညာကို ရှာဖွေသွားနိုင်မှသာလျှင် စစ်မှန်သောပြောင်းလဲမှုကို လက်ဝယ်ပိုင်ဆိုင်နိုင်ကြမည်ဖြစ်သည်။

## မဟာသင်္ကြန်ကာလတွင် ပြည်သူအားလုံး သွားလမ်းသာလို့ လာလမ်းဖြောင့်ပါစေ

မဟာသင်္ကြန်ကာလတွင် အစိုးရရုံး၊ဌာနများအားလုံးကို ရက်ရှည်ရုံးပိတ်ပေးထားသည်။ နိုင်ငံ့ဝန်ထမ်းအားလုံး နှစ်ဟောင်းတွင်တာဝန်ထမ်းဆောင်ခဲ့မှုများအား အပန်းဖြေနိုင်ရန်နှင့်နှစ်သစ်အတွက် စိတ်ခွန်အားသစ်များမွေးနိုင်ရန် နိုင်ငံတော်အစိုးရက ခွင့်ရက်ရှည်ပေးထားခြင်းဖြစ်သည်။ ထိုကာလတွင် ဝန်ထမ်းများသည် ဘုရားဖူးထွက်ခြင်း၊ ဒုလ္လဘရဟန်းဝတ်ခြင်း၊ သီလရှင်ဝတ်ခြင်း၊ တရားရိပ်သာဝင်ခြင်း၊ ဥပုသ်သီတင်းသီလဆောက်တည်ခြင်း စသည့် ကောင်းမှုကုသိုလ်အစုစုကို ပြုလုပ်နိုင်ပေသည်။ သင်္ကြန်ကာလအတွင်း ကောင်းမှုကုသိုလ်များပြုလုပ်ခဲ့သည့်ဝန်ထမ်းများသည် နှစ်သစ်တွင် နိုင်ငံ့တာဝန်များကို အင်ပြည့်အားပြည့်ထမ်းဆောင်နိုင်စွမ်းရှိပေသည်။

ဆိုရလျှင် မြန်မာ့ရိုးရာမဟာအတာသင်္ကြန်သည် မြန်မာလူမျိုးတို့အတွက် အရေးပါသော ပွဲတော်တစ်ခုဖြစ်သည်။ သင်္ကြန်ကာလအတွက်ကောင်းမှုကုသိုလ်များပြုလုပ်ကြသဖြင့် မကောင်းမှုအကုသိုလ်များကင်းစင်သွားမည်ဖြစ်သည်။ ထို့ပြင် ပူပြင်းလှသောနွေရာသီတွင် အတာရေအေးဖြင့်ပက်ဖျန်းလိုက်ရုံမျှဖြင့် ရင်ထဲတွင်အေးမြသွားစေသည်။ နှစ်ဆန်းတစ်ရက်နေ့သည် မြန်မာနှစ်ဟောင်းမှ နှစ်သစ်သို့ကူးပြောင်းသောနေ့ဖြစ်သဖြင့် မြန်မာတို့အတွက် အရေးပါသော မင်္ဂလာနေ့တစ်နေ့လည်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံး မကောင်းမှုရှောင်ကောင်းမှုဆောင်ကာ စိတ်ကိုဖြူစင်အောင်ထားရှိခြင်းအားဖြင့် မြန်မာ့ရိုးရာမဟာသင်္ကြန်ကာလအတွင်း သွားလမ်းသာလို့ လာလမ်းဖြောင့်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။ ။

**မောင်သောင်းဝင်း(တမန်ဟောင်း)**

နေပြည်တော် ဧပြီ ၉

# အစားအသောက်ဘေးကင်းလုံခြုံရေး အခြေခံသင်တန်းအမှတ်စဉ်(၃)ဖွင့်ပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်



အစားအသောက်ဘေးကင်းလုံခြုံရေး အခြေခံသင်တန်းအမှတ်စဉ်(၃)ဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော်နည်းပညာတက္ကသိုလ်၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ နေပြည်တော်ကောင်စီဝင်များ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ နေပြည်တော်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်နှင့်တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးသည် လူတိုင်းနှင့်သက်ဆိုင်သည့်အရာဖြစ်ပါကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်းသည့် အစားအသောက်များကို စားသုံးမှသာ ကျန်းမာကြံ့ခိုင်သည့် လူသားများအဖြစ် ရှင်သန်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အစားအသောက်ကို ရွေးချယ်ရာတွင် လတ်ဆတ်ပြီး အာဟာရပြည့်ဝရန်လိုအပ်သလို ဘေးအန္တရာယ်ကင်းရှင်းရန်လည်း အလွန်အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံတွင် အစားအသောက်ဥပဒေကို ပြဋ္ဌာန်းထားပြီး အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီက ကျန်းမာရေးနှင့်ညီညွတ်သည့် ဆေးဝါး၊ အစားအသောက်များကို ပြည်သူများစားသုံးနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်သူလူထုအစားအသောက်ဘေးအန္တရာယ်ကင်းရှင်းစွာ စားသောက်နိုင်ရေးအတွက် ကျရာအခန်းကဏ္ဍမှ ညွှန်ကြားချက်များအား တိကျစွာလိုက်နာပြီး ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏အဆိုအရ အစားအသောက်ဘေးအန္တရာယ်များကို အရှေ့တောင်အာရှနိုင်ငံများတွင် အများဆုံးခံစားကြရကြောင်း၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူပေါင်းသုံးသန်းခန့်သည် မသန့်ရှင်းသော ရေနှင့်အစားအသောက်များကိုသောက်သုံးခြင်း၊ စားသုံးခြင်းဖြင့် နှစ်စဉ် အသက်ဆုံးရှုံးနေကြရကြောင်း၊ အစားအသောက်များအား မည်မျှပင်ဖူလုံအောင် ထုတ်လုပ်စေကာမူ အစားအသောက်ဘေးကင်းလုံခြုံမှုမရှိလျှင် အစားအသောက်ဖူလုံမှုကို မရရှိနိုင်ကြောင်း၊ ထို့ကြောင့် အဆိုပါလုပ်ငန်းများကို အစားအသောက်ဘေးကင်းလုံခြုံရေးအသိပညာများ ဖြန့်ဖြူးပေးခြင်းအားဖြင့် အရည်အသွေးပြည့်ဝသော၊ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များကို ထုတ်လုပ်နိုင်ရန် အထောက်အကူပြုနိုင်ပြီး ပြည်သူလူထုကျန်းမာရေးလည်း မြှင့်တင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်နည်းပညာတက္ကသိုလ်တာဝန်ခံ ဒေါက်တာနေမျိုးထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာအချက်များ၏ အရေးပါပုံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက အစားအသောက်နည်းပညာစင်တာရှိ ဓာတ်ခွဲခန်းများအား လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ကြကြောင်းသိရသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ ဗိုလ်မှူးချုပ်မျိုးမင်းအား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်တာဝန်များကိုထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

နေပြည်တော် ဧပြီ ၉

# ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းပြောကြားသည့်အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးလွင်ဦး တက်ရောက်



နိုင်ငံခြားရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ သိကောင်းစရာများကို သိရှိနားလည်စေရန်၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်နိုင်စေရန်၊ နိုင်ငံတကာသံတမန်များအား စစ်မှုထမ်းဥပဒေနှင့်ပတ်သက်သော သတင်းအမှန်များကို မျှဝေပေးနိုင်စေရန်၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ သတင်းအမှားများကြောင့် ပြည်သူများအကြားဖြစ်ပေါ်လျက်ရှိသော စိုးရိမ်စိတ်များကို လျော့ကျစေရေး ထပ်ဆင့်ရှင်းလင်းနိုင်စေရန်ရည်ရွယ်၍ သိကောင်းစရာများ ရှင်းလင်းပြောကြားသည့် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးလွင်ဦး၊ သံအမတ်ကြီး ဦးမောင်မောင်လင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးက အဖွင့်အမှာစကားပြောကြားပြီး စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်သည့် အချက်အလက်များ၊ ဥပဒေအရ ယာယီရွှေ့ဆိုင်းပေးထားမည့်သူများ၊ လက်ရှိအခြေအနေတွင် အမျိုးသမီးများကို ပြည်သူ့စစ်မှုထမ်းခေါ်ယူရန်မရှိသေးကြောင်း သတင်းထုတ်ပြန်ထားမှု၊ အမျိုးသားရေးတာဝန်ကို ပြည်သူများက ထမ်းရွက်ရမည့် သမိုင်းပေးတာဝန်အဖြစ်မှတ်ယူ၍ဆောင်ရွက်သွားရေး စသည်တို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယအမြဲတမ်းအတွင်းဝန်က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ နည်းဥပဒေရေးဆွဲနေမှုအခြေအနေ၊ အရှေ့တောင်အာရှနိုင်ငံများနှင့် ပြည်ပနိုင်ငံများတွင် ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော် ဧပြီ ၉

# မအူပင်မြို့ပေါ်ရှိ ရဲစခန်းအချုပ်ခန်းများ၊ တရားရုံးအချုပ်ခန်းများနှင့် မအူပင်ဘိုးဘွားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေး

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးကျော်မြင့်တို့ဦးဆောင်သောအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ရှိ မြို့မရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် မအူပင်ဘိုးဘွားရိပ်သာများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ကော်မရှင်အဖွဲ့ဝင်များသည် ရမန်ကာလအခြေအနေ၊ အမှုစစ်ဆေးစဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်ခံရမှုရှိ/မရှိ၊ မိသားစုနှင့်တွေ့ဆုံနိုင်မှုအခြေအနေ၊ တရားရုံးတွင်အမှုရင်ဆိုင်ရန် ရုံးထုတ်ချိန်အတွင်း စားသောက်ရမှုအခြေအနေ၊ အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှုနှင့် အချုပ်ခန်းများအတွင်း သန့်ရှင်းမှုရှိ/ မရှိ၊ အကျိုးဆောင်ရှေ့နေနှင့် တွေ့ဆုံခွင့်ရရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကော်မရှင်ဝင်အဖွဲ့များသည် မအူပင်ဘိုးဘွားရိပ်သာ၌ လက်ခံစောင့်ရှောက်ပေးလျက်ရှိသောဘိုးဘွားများကို အိပ်ဆောင်များတွင် သွားရောက်တွေ့ဆုံပြီး ဘိုးဘွားများကို ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ အစားအစာနှင့် အာဟာရဖြည့်ဆည်းကျွေးမွေးမှု၊ သန့်ရှင်းသောသောက်ရေနှင့် သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှုအခြေအနေ၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်နိုင်မှု၊ ဘိုးဘွားအိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖိုဆောင်များ၊ ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဘိုးဘွားများအနားယူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့်အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်မှ **“အကြမ်းဖက်သမားများကို အလိုမရှိသော ငြိမ်းချမ်းစွာနေထိုင်လိုသည့် ပြည်သူများ”** ခေါင်းစဉ်ဖြင့် ၁၀-၄-၂၀၂၄ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ပျော်ရွှင်ဆင်နွှဲ ပြည်သူတို့ရဲ့ သင်္ကြန်ပွဲ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၈° C | / | ၄၀° C |
| ရန်ကုန် | ၂၄° C | / | ၃၉° C |
| မန္တလေး | ၂၆° C | / | ၄၂° C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

နေပြည်တော် ဧပြီ ၉

# “ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေမည့်ရေအရင်းအမြစ်စီမံမှုများ” စာတမ်းဖတ်ပွဲကျင်းပ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ကျင်းပသည့် **ရာသီဥတုပြောင်းလဲမှုနှင့်လိုက်လျောညီထွေမည့် ရေအရင်းအမြစ်စီမံမှုများ စာတမ်းဖတ်ပွဲ** ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရုံးအမှတ်(၁၅) စုဝေးဆောင်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ စာတမ်းရှင်များနှင့် လေ့လာသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး ပြည်နယ်များမှ စာတမ်းရှင်များနှင့် လေ့လာသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။






ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် လယ်ယာကဏ္ဍကိုအခြေခံ၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးသီးနှံများပိုမိုထုတ်လုပ်နိုင်ရေးအတွက် မြေယာကိုအကျိုးရှိစွာအသုံးချနိုင်ရေး၊ ရေရရှိရေးနှင့် စနစ်တကျသုံးစွဲရေး၊ သီးနှံအမျိုးအစားအလိုက်ဒေသများနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်အသုံးပြုရေး၊ ဒေသအလိုက် လိုက်လျောညီထွေရှိမည့် ခေတ်မီနည်းပညာများသုံးစွဲနိုင်ရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိအောင် ဆောင်ရွက်နိုင်ရေးတို့ကို စီမံဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ သီးနှံများစိုက်ပျိုးထုတ်လုပ်ခြင်းသည် ရာသီဥတုအပေါ်များစွာ တည်မှီနေသဖြင့် ယနေ့ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကိုသတိချပ်ကာ ရေစီမံခန့်ခွဲမှုများကို ဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်သော လယ်ယာကဏ္ဍဖော်ဆောင်နိုင်ရေးအတွက် Myanmar Climate-Smart Agriculture Strategy ကို ပြုစုထုတ်ပြန်ထားပြီးဖြစ်၍ သွေဖည်မှုမရှိစေဘဲ စီမံဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ယခုအခါ ကမ္ဘာတစ်ဝန်းလုံးတွင် အယ်လ်နီညို သက်ရောက်မှုများနှင့် လာနီညာသက်ရောက်မှုများ ကြုံတွေ့ရလျက်ရှိရာ လယ်ယာစီးပွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို စနစ်တကျ ကြိုတင်စီမံဆောင်ရွက်နိုင်မှသာ နိုင်ငံနှင့် ဒေသခံတောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်ထိန်းသိမ်းရာရောက်မည်ဖြစ်ပါကြောင်း။

စိုက်ပျိုးရေပေးဝေမှုကဏ္ဍများတွင်လည်း ရေအလေအလွင့်နည်းပါးစွာ စီမံဆောင်ရွက်၍ ရေအသုံးချသူ တောင်သူလယ်သမားများ ပါဝင်သည့် “ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်” အကောင်အထည်ဖော်မှုကဏ္ဍများကိုလည်း အရှိန်အဟုန်မပြတ် ဆောင်ရွက်သွားရန် တိုက်တွန်းအပ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအောက်ရှိဌာနများတွင် နည်းပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ၊ စကားဝိုင်းဆွေးနွေးပွဲများ အခါအားလျော်စွာ ဆောင်ရွက်လျက်ရှိရာ ဆည်မြောင်းကဏ္ဍတွင် တာဝန်ယူဆောင်ရွက်လျက်ရှိသော အင်ဂျင်နီယာများ၊ အတတ်ပညာရှင်များနှင့်ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့ တတ်ကျွမ်းရမည့် နည်းပညာများကို လေ့လာသင်ယူ၍ ယနေ့ဖြစ်ပေါ်နေသော အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်အောင် လက်တွေ့အသုံးချရန်ကိုလည်း တိုက်တွန်းပြောကြားလိုပါကြောင်းပြောကြားသည်။

ထို့နောက် “ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေမည့် ရေအရင်းအမြစ်စီမံမှုများ” စာတမ်းဖတ်ပွဲကို ကျင်းပရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က စာတမ်းဖတ်ပွဲ၏ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ စာတမ်းဖတ်ပွဲကိုကျင်းပရာ ပထမနေ့တွင် စာတမ်း ၁၂ စောင် ဖတ်ကြားဆွေးနွေးခဲ့ကြပြီး ယနေ့တွင်ဒုတိယနေ့အဖြစ် စာတမ်း ၁၂ စောင် ဖတ်ကြားဆွေးနွေးခဲ့ကြသည်။

နှစ်ရက်ကြာကျင်းပသည့် စာတမ်းဖတ်ပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ တက်ရောက်အားပေးကြပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဝန်ထမ်းစာတမ်းရှင်များက မြို့ပြ၊ စက်မှု၊ လျှပ်စစ်၊ ဘူမိ၊ ဇလ၊ မြေအောက်ရေနှင့် အခြားဆက်စပ်ကဏ္ဍအသီးသီးမှ စာတမ်း ၂၄ စောင်ကို တင်သွင်းဖတ်ကြားပြီး အဆိုပါစာတမ်းများနှင့် စာတမ်းဖတ်ပွဲတက်ရောက်လာကြသူများ၏ ဆွေးနွေးချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်များကို ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများတွင် အကျိုးရှိစွာအသုံးပြုနိုင်ရေးဦးစီးဌာနအနေဖြင့် စနစ်တကျ ထည့်သွင်း စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

နေပြည်တော် ဧပြီ ၉

# လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များ ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာ နည်းလမ်းများနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းတက်ရောက်

လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များ ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာ နည်းလမ်းများနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် သက်ကြီးပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများ၊ အမျိုးသမီးများ၊ ကလေးသူငယ်များ အဓိကအားဖြင့် ထိခိုက်လွယ်အုပ်စုများကို လူ့ဘဝတစ်သက်တာလုံးလွှမ်းခြုံမှုရှိစေရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ကို ၂၀၁၄ ခုနှစ်တွင် အတည်ပြုထုတ်ပြန်ခဲ့ပါကြောင်း၊ အဆိုပါ မဟာဗျူဟာစီမံချက်တွင် အဓိကလုပ်ငန်းစဉ်(၈)ရပ်ပါဝင်ပြီး ၎င်းတို့အနက် ငွေကြေးထောက်ပံ့ခြင်းလုပ်ငန်းအစီအစဉ်(၂)ရပ်ဖြစ်သည့် “ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် ၂ နှစ်အောက်ကလေးသူငယ်များကို ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ် - MCCT” နှင့် “လူမှုရေးပင်စင်ထောက်ပံ့ခြင်းအစီအစဉ်” တို့ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ငွေကြေးထောက်ပံ့မှုများကို ဆောင်ရွက်ရာတွင် အကျိုးခံစားခွင့်ရှိသူများထံသို့ ငွေကြေးများတိုက်ရိုက်ထောက်ပံ့ခြင်း (Cash in Envelope) နည်းလမ်းကိုသာ အသုံးပြုလျက်ရှိကြောင်း၊ ထောက်ပံ့ကြေးငွေပေးအပ်ခြင်းနည်းလမ်းများနှင့်ပတ်သက်ပြီး ပြန်လည်သုံးသပ်နိုင်ရေး၊ အကျိုးခံစားခွင့်ရှိသူများထံသို့ ထောက်ပံ့ငွေများအပြည့်အဝရရှိရေးနှင့် နိုင်ငံတော်ဘဏ္ဍာငွေများ တိကျမှန်ကန်စွာသုံးစွဲနိုင်ရေးတို့အတွက် ယနေ့အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် တင်ပြသွားမည့် ထောက်ပံ့ကြေးငွေပေးအပ်ခြင်းနည်းလမ်းများအပြင် ရေရှည်ဆောင်ရွက်နိုင်မည့် အခြားအကြံပြုလိုသည့်နည်းလမ်းများ၊ နည်းပညာများကိုလည်း မျှဝေအကြံပေးဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။



ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသော လုပ်ငန်းများ၊ ပြောင်းလဲအသုံးပြုလိုသည့် ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာ နည်းလမ်းများနှင့် ပတ်သက်၍ တင်ပြဆွေးနွေးသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းသည်။

မွန်းလွဲပိုင်းတွင် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို ရိုးရာမပျက်ကျင်းပနိုင်ရန်အတွက် ဝန်ကြီးဌာနများအလိုက် ဇာတ်တိုက်လေ့ကျင့်လျက်ရှိရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်တွင် သင်္ကြန်အကအလှများဖြင့် ပါဝင်ဆင်နွှဲရန်အတွက် သင်္ကြန်ယိမ်းအကအဖွဲ့များ၏ ကြိုတင်လေ့ကျင့်ခြင်းအစီအစဉ်ကို ဝန်ကြီးဌာနအစည်းအဝေးခန်းမတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများက တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယခုနှစ် သင်္ကြန်ပွဲတော်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနလက်အောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာနယိမ်းအဖွဲ့မှ “ရေတွေစိုကုန်ပြီ၊ နွေဦးကဗျာ” သီချင်းများဖြင့်လည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ယိမ်းအဖွဲ့မှ “မူယာကြော့၊ ကျီစားသလား” သီချင်းများဖြင့်လည်းကောင်း နေ့အလိုက် ပါဝင်ဖျော်ဖြေဆင်နွှဲသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com


PILGRIMAGE

## Mann Shwesettaw Pagoda Festival attracts large numbers of visitors in March



The Mann Shwesettaw Pagoda, located in Minbu (Sagu) Township, Magway Region, hosted large numbers of visitors beginning March, according to U Thein Hlaing, vice chair of the pagoda board of trustees.

Although the pagoda festival takes place for many days, it does not include Anyeint, theatrical dramas and entertainment programmes. But, the pagoda is crowded with pilgrims daily.

Minbu boasts many well-known places like Shinpin Sekkainte Pagoda, Nagabwet Hill, Mann Chaung elephant resort, Shwesettaw Wildlife Sanctuary with gold deer and star tortoises, and many famous pagodas.

The security measures are fully provided during the pagoda festival. The guesthouse costs Ks-35,000 per day, while Ks-50,000 for the waterfront one. The standard guesthouses Nammada 1, Nammada 2, and Nammada 3 cost Ks-100,000 per day for the first class, Ks-80,000 per day for the second class, and Ks-50,000 per day for the third class. The special rooms are prepared for monks.

Over 900 stalls have been built. There are over 7,000 pilgrims to Mann Shwesettaw Pagoda daily in March, according to the pagoda board of trustees.

**SK**

ARCHEOLOGY

## Entrance of Bagan Palace discovered during dredging of the eastern moat



A human entrance to the Bagan Palace buried under bushes has been discovered during the dredging of the eastern moat, according to the Department of Archaeology and National Museum (Bagan branch) under the Ministry of Religious Affairs and Culture.

The gate to the palace, which was buried under bushes, will be properly preserved after the work of clearing and surveying, said U Kyaw Myo Win, director of the Department of Archaeology and National Museum (Bagan branch).

"We have been dredging the eastern moat. While dredging, we found a small entrance about the height of a man. Bushes had covered it for many years. We are going to clear the area, dredge the moat, and, after checking, carry out preservation works. Our engineers are now taking a survey. We need to do more research works. It was discovered while clearing. No carts or cars can pass through this entrance. It was meant for persons only. It seems to be for a tightened security purpose, as you can enter the palace directly through this gate.

The structure seems to aim for the people to climb up by keeping abreast of the moat till the entrance to line up to enter, so the design is supposed to allow the people to queue horizontally from the moat. We will restore this entrance properly," he said.

In addition, the reclamation of ancient lakes is also underway, with priority given to the villages facing water scarcity.

"We are digging the lakes, giving priority to supplying water to the villages with water shortages. But, we cannot do it recklessly in the places near the pagodas. These lakes are being dredged under close monitoring by our department without affecting the authentic structure. Structures like the embankments will be preserved in their original forms," he explained about the dredging of the lakes.

**SMK**

AGRICULTURE

## Kyunhla Township farmers reap 14,236 acres of winter peanuts this year

A total of 14,236 acres of peanuts planted in the winter crop season in Kyunhla Township, Kanbalu District in Sagaing Region have been harvested, according to statistics from the Department of Agriculture in Kyunhla Township.

During the 2023-2024 winter crop planting season, 14,236 acres of winter peanuts have been harvested, yielding 75.25 baskets per acre.

"In order to ensure self-sufficiency in local consumption, peanuts, sunflowers, sesames, and mustards are grown as winter oil crops in Kyunhla Township. Year by year, the cultivation is expanding and the yield is increasing," said Daw Myint Myint Yee, head of the Department of Agriculture in Kyunhla Township.

In addition, the Department of Agriculture for the township instructed the winter peanut farmers in Kyunhla Township to select good varieties, correct planting method, and provided knowledge on using the GAP method.

**SMK**

AGRICULTURE

## Kyunhla Township farmers reap 14,236 acres of winter peanuts this year

A total of 14,236 acres of peanuts planted in the winter crop season in Kyunhla Township, Kanbalu District in Sagaing Region have been harvested, according to statistics from the Department of Agriculture in Kyunhla Township. During the 2023-2024 winter crop planting season, 14,236 acres of winter peanuts have been harvested, yielding 75.25 baskets per acre.

"In order to ensure self-sufficiency in local consumption, peanuts, sunflowers, sesames, and mustards are grown as winter oil crops in Kyunhla Township. The peanuts are planted in the rainy and winter seasons. Year by year, the cultivation is expanding and the yield is increasing," said Daw Myint Myint Yee, head of the Department of Agriculture in Kyunhla Township.

In addition, the Department of Agriculture for the township instructed the winter peanut farmers in Kyunhla Township to select good varieties, correct planting method, and provided knowledge on using the GAP method.

**SK**

AGRICULTURE

# More than 1,800 acres of croplands placed under onion plantations in YeU District

Statistics of the YeU District Agriculture Department stated that a total of 1,832 acres of winter onion has been cultivated in YeU District of Sagaing Region.

YeU District earmarked to grow 2,520 acres of onion in winter of 2023-2024 financial year, and local farmers has grown 1,832 acres of onion starting from October 2023.

U Zaw Myint Tun, Head of YeU District Agriculture Department, said, “This winter, we slate to cultivate more than 2,000 acres of onion in the district. So far, local farmers have grown more than 1,000 acres of crop. They are striving for meeting the target cultivation. Mostly, local farmers grow onion in winter but monsoon. They expand sown acreage of onion year after year to get good prices.”

In the district, YeU Township planted 1,715 acres of onion, Taze Township 18 acres and Dabayin Township 36 acres, totalling 1,832.

In 2023-2024 financial year, YeU Township slated to plant 2,203 acres of onion, Taze Township 181 acres and Dabayin Township 136 acres, totalling 2,520 acres. **SMK**

TRANSPORTATION

# Myanma Railways to operate special trains during Thingyan Festival




Myanma Railways (MR) is set to operate special trains during the Thingyan Festival from Yangon to Mandalay, Pyay, and Mawlamyine, and vice versa, ensuring smooth transport for passengers over the holidays. This information was provided by U Thaung Htike, chief superintendent of Yangon Railway Station.

Passengers are informed that upper-class tickets can be purchased up to three days in advance, while ordinary-class tickets can be purchased up to one day in advance.

Furthermore, Yangon’s circular train services will be temporarily suspended during the Maha Thingyan Festival holiday. Regular circular train operations will resume after the Thingyan Festival holiday. **SK**

BUSINESS

# Myanmar’s tamarind marketable in Mandalay market

Ripening tamarind is being collected in dry zones of Myanmar’s central area, and the stock is in high demand of local and foreign markets. Tamarind with seeds fetch Ks-1,800 per viss and the stock with seed free Ks-2,20 per viss in Mandalay market, according to U Soe Win Myint of Soe Win Myint brokerage in Mandalay.

“This year, tamarind is more marketable than plum. All parts of the dry zones produce a larger volume of ripened tamarind. Currently, tamarind is in high demand at home and abroad. Now, merchants have offers from Bangladesh which wishes to buy tamarind from Myanmar. So, it is possible to rise prices of tamarind,” he explained.

Myanmar exports tamarind to China, India and Bangladesh on a yearly basis. The stock can be collected from Popa, Pakokku, Myaing, Yamethin, Shan State, Zeebingyi and Pinlebu. Tamarind starts yielding in the Tabaung and it mostly flows into the market in Thingyan period. **SMK**



BUSINESS

# Pulses and beans prices fluctuated in Yangon market in March

The prices of black gram and red pigeon pea have turned upward while the prices of green gram, chickpea and exported beans and pulses are falling in the market.

From 18 to 20 March, within three days, the prices of black gram and red pigeon pea were continuously decreasing; however, the prices of pulses and beans trending up from 21 to 23 March in the Yangon market.

Prices of green gram, chickpea and exported beans with FOB prices have been trending down within this week. On 16 March, black gram RC price was Ks-3.02 million per tonne, red pigeon pea was Ks-3.863 million per tonne. However, the prices were falling during three consecutive days from 18 to 20 March, it was priced at Ks-2.877 million on 20 March. On the following days, the prices returned up and thus, on 23 March, it was Ks-2.935 million.

The price of red pigeon pea was Ks-3.863 million per tonne on 16 March; Ks-3.65 million on 20 March; and Ks-3.73 million on 23 March. However, the prices did not reach over Ks-3.8 million. The prices of green gram were Ks-4,000 per viss and black gram Ks-5,900-Ks-6,200 per viss in Yangon market on 16 March. On 23 March, the green gram was Ks-3,880 per viss and gram between Ks-5,725 and Ks-6,000 per viss on 23 March.

Exported black gram, pigeon pea and green gram prices are also falling. From 14 to 16 March, exported bean prices were black gram FAQ US$-965-US$-985 per tonne; SQ/RC US$-1,045-US$-1,065; red pigeon pea US$-1,220-US$-1,240; pigeon pea from central Myanmar US$-730-US$-760; and Shwe Wah big size was US$-830-US$-860. However, on 21-23 March, black gram FAQ was US$-740-US$-760, SQ/RC US$-1,030-US$-1,050, red pigeon pea US$-1,180- US$-1,200, green gram from central Myanmar US$-690-US$-720 and Shwe Wah big size US$-800-US$-830.

From 18 to 23 March, 90 containers of black gram RC (2,160 tonnes) and pigeon pea 25 containers (60 tonnes) were transacted.

On 24 March, black gramz price was Ks-90,000 per 20 visses and red pigeon pea Ks-118,800 in Aunglan market. According to the market information from other towns and cities, the prices of pigeon pea are forecasted to be downward due to decreasing demands. It is reported that pulses and beans prices in domestic market and India market are required to control the price manipulations. **SK**

INDIA

# Indian military receives first batch of Russia's Igla-S portable air defence systems

The Indian armed forces have received their first batch of 24 Russian Igla-S man-portable air defence systems and 100 missiles, Indian news portal The Print reported Monday.

In November, India and Russia signed a contract for the supply of 120 systems and 400 missiles. Although the first systems were supplied from Russia the remaining ones will reportedly be produced in India.

The Indian military is currently using the outdated Igla-1M portable air defence systems, according to the article in The Print.

Observers have praised the quality of Russian armaments, which have proven their effectiveness against Ukraine's western-supplied weapons throughout the Donbass conflict.

"There truly is no exaggeration whatsoever when Russia's tank-building tradition is described as the most advanced in the world," said Brian Berletic, a geopolitical analyst and former US Marine. "Russia for many years worked on making itself more self-sufficient in general... This clearly paid off when Western sanctions in 2022 failed to have the crippling impact Washington, London, and Brussels had hoped for, and instead backfired on the West itself."

**Sputnik**

UNITED STATES

# North America witnesses total solar eclipse



A total solar eclipse is pictured in Plano, Texas, the United States, on April 8, 2024.

A total solar eclipse was sweeping across North America on Monday, as residents and visitors gathered in different locations on the path of the eclipse to watch and cheer.

The total solar eclipse -- nicknamed the Great American Eclipse for its long path over North America -- was visible in the sky over parts of Mexico, 15 U.S. states and eastern Canada.

The Mexican city of Mazatlán was the first place to see the total solar eclipse as it emerged over the Pacific Ocean on Monday.

Totality reached Mazatlán at 11:07 a.m. Pacific Time, and lasted for a little more than four minutes.

The path of the eclipse continued from Mexico, entering the United States in Texas, and traveling through Oklahoma, Arkansas, Missouri, Illinois, Kentucky, Indiana, Ohio, Pennsylvania, New York, Vermont, New Hampshire, and Maine. Small parts of Tennessee and Michigan could also experience the total solar eclipse, according to NASA.

Cities in the state of Maine would be the last locations in the United States to experience total solar eclipse, according to NASA live broadcast.

The eclipse entered Canada in Southern Ontario, and continued through Quebec, New Brunswick, Prince Edward Island, and Cape Breton. The eclipse exited continental North America on the Atlantic coast of Newfoundland, Canada, at 5:16 p.m. Newfoundland Daylight Time, according to NASA.

The eclipse has now come to an end for all land areas. **Xinhua**

MONGOLIA

# Over half a million livestock carcasses destroyed in Mongolia

Over half a million livestock carcasses have been destroyed across Mongolia, the country's Ministry of Environment and Tourism said on Tuesday.

"As of today, at least 513,948 animal carcasses have been destroyed in 677 locations of 87,248 square meters nationwide," the ministry said in a statement.

The toll of livestock deaths due to severe wintry conditions, commonly known as "dzud," has surged to over 5.9 million so far this winter in Mongolia.

"Dzud" is a Mongolian term describing a severely cold winter when a large number of livestock die because the ground is frozen or covered in snow.

Almost all provinces of the Asian country have experienced harsh weather conditions this winter, and over 80 percent of the country has been blanketed by snow, prompting the government to elevate its disaster preparedness to high alert.

The promotion of livestock husbandry is seen as the most viable way to diversify the landlocked country's mining-dependent economy.

As one of the last surviving nomadic countries in the world, the country had 64.7 million heads of livestock at the end of 2023, according to the National Statistics Office. **Xinhua**

PHILIPPINES

# Infectious pertussis disease rising in Philippines with 54 deaths

The Philippines' Department of Health (DOH) on Tuesday said that the contagious bacterial disease called pertussis continues to spread in the country, noting that 54 children have died from the respiratory disease.

From January 1 to March 30, the DOH tallied 1,112 cases, or "almost 34 times that of the same period last year," with 54 deaths. "All 54 deaths are less than 5 years old," DOH Assistant Secretary Albert Domingo told reporters.

In the past six weeks, Domingo said the DOH noted "a continuous increase in the number of pertussis cases" in five regions in the main Luzon island, the central and the southern Philippines.

"Of the total pertussis cases thus far recorded, 77 percent were less than 5 years old. Adults aged 20 and older account for only around 4 percent of cases," he added.

According to Domingo, the number of cases "may still change as there may be late consultations and reports."

Pertussis, or whopping cough, is a highly contagious disease caused by the bacterium Bordetella pertussis. It spreads quickly from person to person, mainly through droplets produced by coughing or sneezing.

The disease can cause complications and even threaten lives, especially for babies. The best way to prevent pertussis is through immunization.

The DOH has urged parents to have their infants as young as 6 weeks old vaccinated.

**Xinhua**

CONGO

# 10 people missing as DRC-registered ship capsizes in Lake Tanganyika

At least 10 people, including two Chinese nationals, are missing after a vessel registered in the Democratic Republic of the Congo (DRC) capsized in Lake Tanganyika on Saturday night, Tanzania's shipping authorities said in a statement late Monday.

The Tanzania Shipping Agencies Corporation said the 10 missing passengers included two Chinese, two Tanzanians, four Congolese, one Kenyan, and an unidentified child.

The statement said rescuers, including fishermen, managed to rescue two Chinese, three Tanzanians, and 12 Congolese, adding that the ship, MV Maman Benita, was sailing from Kigoma port in Tanzania to Kalemie port in the DRC.

The capsizing of the ship in the Kabimba area of the DRC was reported to Congolese authorities by fishermen, the statement said, adding that rescue efforts were still underway.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Americans suffering from 'eclipse sickness', including insomnia, headaches and changes to women's periods

- **Eclipse sickness has been used to explain weird side effects of the event**
- **People have also reported feeling more anxious and emotional**

Americans reported bizarre physical and mental alignments leading up to and during Monday's solar eclipse.

Called 'eclipse sickness,' the symptoms have included headaches, fatigue, changes in menstrual cycles and insomnia.

While NASA has said there is no evidence linking human health and the solar eclipse, studies have found that the celestial event can impact animals - specifically dogs that may appear anxious.

A total solar eclipse happens when the moon and the sun line up perfectly and the moon is close enough to us to cover the whole of the sun, from our perspective.

The last to appear in the US was in 2017 and the next is set for August 23, 2044.

**Eclipse sickness**

On Monday, the solar eclipse moved its way up the US starting in Texas and ended in Maine - and people reported strange side effects.

Individuals flocked to social media to share their symptoms and seek comfort that others may be experiencing similar issues.

'Anyone else suffering from weird insomnia, no appetite and other weird that can't be explained,' one user on X shared.

'Someone told me the eclipse might have something to do with it but I don't get how.

Millions of tourists are expected to flock to the path of totality during the solar eclipse on April 8 - and experts warn the influx could disrupt cellular activity.

Others said they felt mentally off in the last few days leading up to Monday.



Americans are being plagued by the 'eclipse sickness,' bizarre physical and mental alignments that appeared leading up to and on the day of the solar eclipse. Symptoms have included headaches, fatigue, changes in menstrual cycles and insomnia.

'Anyone feeling emotional with the upcoming solar eclipse,' reads a post on X from MC Phoenix.

'Doctors call it "eclipse sickness." People with mental illness may be especially sensitive during this time.'

Some women shared that their menstrual cycle synced with April 8's event, but there is no scientific evidence to support there is a connection.

The Healthcare Communication Network has noted that such changes and 'weird feelings' could be attributed to psychological factors, 'such as excitement, anxiety, and the influence of social cues, may explain the physical and emotional responses some individuals attribute to eclipse sickness,' reads the website.

Leann Poston, MD, a physician-writer and researcher at Invigor Medical, told MDLinx that while she has not seen a link between the eclipse and changes in physiology and disease, she notes that 'when an event occurs that is outside the norm and it feels difficult to explain, it can cause an increase in cortisol, which can have physical and psychological effects.'

When humans observe such an event, they may feel excited that causes a spike in epinephrine and norepinephrine - hormones that play a role in your body's fight-or-flight response.

'[This increases] heart rate, blood pressure, breathing rate, and blood flow to muscles,' said Poston.

'Cortisol also increases glucose release into the bloodstream so the body is ready for 'fight or flight.'

**Crazed pets**

But it is not just humans who appear to be affected - pets also show abnormal behaviors.

Dog can respond to eclipses with signs of anxiety like pacing, scratching and howling - similar to how they react to a thunderstorm or firework display.

The reason animals exhibit unusual behaviors during solar eclipses is not fully understood, but scientists have theorized pets react to the natural light dimming and drop in temperature as the sun is blocked by the moon.

There could be disruptions to the animals' circadian rhythm - the 24-hour biological clock telling humans or animals that it's time to wake up or time for bed.

That could also explain why some people may feel fatigued after Monday's event.

Denis Shull posted on X: 'Wondering if anyone else's dog is acting very odd this morning? One of ours is doing things he never ever does... but he doesn't seem sick. Is this some sort of pre-eclipse thing? (I know... that's weird but ???)'

**More fatal car crashes**

Researchers at the University of Toronto analyzed road traffic data from the 2017 solar eclipse and found there were more than 1,000 additional road deaths across the US three days before and after the cosmic event.

The average car deaths in the US each day is around 114, but there were at least 189 each day during the week of the solar eclipse four years ago.

The reason for the increase in driving is due to millions of more people being on roads as they leave their hometown and head off to cities within the path of totality.

According to the report, the overall increased traffic risk was comparable to those observed on major holidays including Thanksgiving, Memorial Day, and the 4th of July weekend.

In the hour leading up to the event, the number of crashes rose above average but dropped to below average during the eclipse and then shot up to a shocking 50 percent above average afterward.

**Mail Online**

# အသံတိတ်လူသတ်မှုကျူးလွန်နေကြတဲ့ ပညာတတ်အသိဉာဏ်မဲ့သူများ

ထက်မြတ်



၂၀၂၃ ခုနှစ် မတ်လတုန်းက အသက် ၁၇ နှစ်သာရှိသေးတဲ့ မိန်းမပျိုလေးတစ်ယောက် အဆောက်အအုံတစ်ခုအပေါ်ကနေ ပြုတ်ကျခဲ့ပါတယ်။

သိပ်မကြာခင်မှာပဲ အရေးပေါ်လူနာတင်ယာဉ်ရောက်လာပြီး အဲဒီမိန်းမပျိုလေးကို နီးစပ်ရာဆေးရုံဆီခေါ်သွားခဲ့ပါတယ်။ သို့သော်လည်း သူ့ရဲ့ကံကြောင့်ပဲလား၊ ကုသရေးအပိုင်းတာဝန်ရှိသူတွေရဲ့ လက်လွတ်စပယ်လျစ်လျူရှုမှုတွေ ကြောင့်ပဲလားတော့ မသိပေမယ့် မိန်းမပျိုလေးကတော့ ကုသမှုတစ်စုံတရာမရရှိဘဲ ကွယ်လွန်သွားခဲ့ရပါတယ်။

တကယ်လို့များ မိန်းမပျိုလေးအနေနဲ့ ကုသမှုကိုအချိန်မီခံယူလိုက်နိုင်တယ်ဆိုရင် အသက်ရှင်ကောင်းရှင်ဦးမှာပါ။ ဖြစ်ချင်တော့ လူနာတင်ကားက အနီးအနားမှာရှိတဲ့ ဆေးရုံသုံးခုအထိကို သွားခဲ့ပေမယ့် အဲဒီဆေးရုံတွေမှာ မိန်းမပျိုလေးကိုကုသပေးမယ့် ဆရာဝန်တစ်ယောက်မှရှိမနေပါဘူး။

ဒီဖြစ်စဉ်လေးက တောင်ကိုရီးယားနိုင်ငံ ဒယ်ဂူးမြို့မှာ အမှန်တကယ်ဖြစ်ပွားခဲ့တဲ့ဖြစ်စဉ်လေးပါ။ အဲဒီမိန်းမပျိုလေးဟာ ဒေသတွင်းမှာရှိတဲ့ဆေးရုံတွေက ဆေးကုသမှုမပေးနိုင်လို့ ၂၀၁၇ ခုနှစ်ကစပြီး သေဆုံးခဲ့ရတဲ့လူပေါင်း ၃၇၅၀ ကျော်ထဲမှာ တစ်ဦးအနေနဲ့ပါဝင်သွားခဲ့ရပါတယ်။

ဒီလိုဖြစ်စဉ်မျိုးတွေဟာ မြို့တော်ဖြစ်တဲ့ ဆိုးမြို့ကလွဲလို့ ကျန်တဲ့နေရာတွေမှာ ဖြစ်ပွားလေ့ရှိတဲ့ ဖြစ်ရိုးဖြစ်စဉ်တစ်ခုလို တောင်ဖြစ်လာနေပါပြီ။ အဓိကကတော့ တခြားဒေသတွေမှာ လူဦးရေနဲ့ဆရာဝန် အချိုးမညီမျှလို့ပါ။

တောင်ကိုရီးယားနိုင်ငံတောင်ပိုင်းရှိ ကမ္ဘာကျော်အပန်းဖြေကျွန်းဖြစ်တဲ့ ဂျယ်ဂျူးကျွန်းမှာနေထိုင်သူ ဆောင်ပြုဂျွန်းဆိုသူက အစာမျိုပြွန် ကင်ဆာရောဂါကိုခံစားနေရတာပါ။ ပြီးခဲ့တဲ့နှစ် ဇွန်လတုန်းက သူက ဆိုးအမျိုးသားတက္ကသိုလ်ရဲ့ ဘန်ဒုံးဆေးရုံကိုတက်ပြီး ခွဲစိတ်ကုသမှုခံယူခဲ့ရပါတယ်။

ဆေးရုံကိုသူ့ကို တစ်လတစ်ခါပြန်လည်စစ်ဆေးမှုတွေလုပ်ဖို့ ခေါ်ထားပေမယ့် တစ်ခါတလေမှာ ရက်ချိန်းရဖို့ကိုတောင်မှ လအနည်းငယ်ကြာစောင့်ဆိုင်းရလေ့ရှိတယ်လို့ဆိုပါတယ်။

"ဒီမြို့မှာ အစာမျိုပြွန်ကင်ဆာကို ကုသပေးနိုင်တဲ့သူ တစ်ယောက်မှမရှိပါဘူး။ ဒါကြောင့်လည်း အားလုံးကရောဂါဖြစ်ပြီဆိုတာနဲ့ ဆိုးမြို့ကိုသွားရတော့တာပါပဲ" ဆိုပြီး ဆောင်ပြုဂျွန်းကပြောထားပါတယ်။

တကယ်တော့ ဂျယ်ဂျူးကျွန်းဆိုတာ လူဦးရေ ၇ သိန်းနီးပါးရှိတဲ့မြို့ကြီးတစ်မြို့ပါ။ အပန်းဖြေခရီးသွားတွေလည်းရှိတဲ့အတွက် အစစအရာရာ ပြည့်စုံသင့်တဲ့မြို့ဖြစ်ပေမယ့် ဆရာဝန်တောင်မှ လုံလောက်အောင်မရှိတဲ့ မြို့ဖြစ်နေပါတယ်။

ဆိုးမြို့မှာရှိတဲ့ နာမည်ကျော်ဆေးရုံကြီးတွေမှာတော့ ဆရာဝန်တွေ အဆမတန်များပြားနေပေမယ့် ကျန်တဲ့တစ်နိုင်ငံလုံးမှာ ဆရာဝန်ရှားပါးမှုပြဿနာနဲ့ရင်ဆိုင်နေရတာဖြစ်ပါတယ်။

ဒီအခြေအနေဆိုးကြီးကိုကျော်လွှားနိုင်ဖို့အတွက် တောင်ကိုရီးယားအစိုးရက ဆရာဝန်လောင်းဆေးကျောင်းသားတွေကို အရေအတွက်တိုးမြှင့်ခေါ်ယူဖို့ ပြင်ဆင်လာပါတယ်။

ဒါပေမဲ့ ဆရာ့ဆရာကြီးတွေလို့ သူတို့ကိုယ်သူတို့တံဆိပ်ကပ်ထားတဲ့ ဆရာဝန်မပီသသူဆရာဝန်တွေက အစိုးရရဲ့အစီအစဉ်ကို သဘောမတူပါဘူး။ သဘောမတူတော့ ကိုယ့်အလုပ်ကိုယ်မလုပ်ကြဘဲ ဆန္ဒထွက်ပြကြပါတော့တယ်။

အဆိုးဆုံးကတော့ ကိုရီးယားအရေးပေါ်ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းက ဆန္ဒပြပွဲတွေမှာ သူတို့ကိုယ်တိုင်ပါဝင်လာနိုင်တယ်လို့ သတိပေးလိုက်ခြင်းပါပဲ။ အဲဒီအဖွဲ့အစည်းဆိုတာ အရေးပေါ်ဌာနတွေမှာအလုပ်လုပ်တဲ့ ဆရာဝန်တွေကို ထောက်ခံအားပေးနေတဲ့ အဖွဲ့အစည်းပါ။

တောင်ကိုရီးယားကျန်းမာရေးဝန်ကြီးဌာနကလည်းပြတ်သားပါတယ်။ ကိုရီးယားဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းအနေနဲ့ အစိုးရရဲ့အစီအစဉ်ကိုနှောင့်နှေးအောင်လုပ်ရခြင်းနဲ့ပတ်သက်ပြီး သူတို့မှာသိပ္ပံနည်းကျအချက်အလက်တွေ၊ အချိုးအစားဆိုင်ရာအချက်အလက်တွေနဲ့ တစ်ယောက်မကျန်သောဆရာဝန်များရဲ့ စုပေါင်းအဆိုပြုချက်တွေရှိမယ်ဆိုရင် အဲဒီအဖွဲ့နဲ့ဆွေးနွေးဖို့အသင့်ပါပဲလို့ဆိုထားတာတွေ့ရပါတယ်။

တောင်ကိုရီးယားနိုင်ငံဆိုတာ ဖွံ့ဖြိုးပြီးနိုင်ငံတွေထဲမှာ လူဦးရေနဲ့ဆရာဝန်အချိုးအနည်းဆုံးသော နိုင်ငံတစ်နိုင်ငံဖြစ်သလို လွန်ခဲ့တဲ့ဆယ်စုနှစ် နှစ်ခုတာကာလအတွင်း ဆေးကျောင်းသားအရေအတွက်ကို တိုးမြှင့်ခေါ်ယူတာမျိုးလုံးဝမရှိပါဘူး။

တစ်ချိန်တည်းမှာပဲ အိုမင်းမစွမ်းသူအရေအတွက် လျင်မြန်စွာမြင့်မားလာခြင်းကလည်း ဆရာဝန်ရှားပါးမှုကို ပိုဆိုးစေတဲ့အချက်တစ်ချက် ဖြစ်နေစေပြန်ပါတယ်။ ဒါကြောင့် ဒီပြဿနာကိုကိုင်တွယ်ဖြေရှင်းမယ်လို့ တောင်ကိုရီးယားသမ္မတက အတိအလင်းကတိပြုထားတာပါ။

တောင်ကိုရီးယားအစိုးရက လက်ရှိတစ်နှစ်ကိုဆေးကျောင်းသား အယောက် ၃၀၀၀ ကျော်ခေါ်ယူနေရာကနေ အယောက် ၅၀၀၀ ကျော်အထိတိုးမြှင့်ခေါ်ယူဖို့ပြင်ဆင်နေတာဖြစ်ပါတယ်။

ဒါပေမဲ့ ဒီလိုလုပ်ဆောင်ခြင်းဟာ ပြဿနာရဲ့အရင်းခံကိုဖယ်ရှားနိုင်မှာ မဟုတ်ဘူးလို့ ဆန္ဒပြဆရာဝန်များကဆိုပါတယ်။ သူတို့ရဲ့ တစ်ခုတည်းသော အကြောင်းပြချက်က အခုလိုဆရာဝန်အင်အားရှားပါးခြင်းဟာ တချို့ဆရာဝန်တွေရဲ့ အာမခံရရှိမှုနှုန်းထားက တခြားပြင်ပဆရာဝန်တွေထက်နည်းလို့ပါတဲ့။

ပထမတုန်းကတော့ အစိုးရအနေနဲ့ ဆေးကျောင်းသားအရေအတွက်ကိုတိုးမြှင့်ခေါ်ယူရင် ပေါချောင်ကောင်းဆရာဝန်တွေထွက်ပေါ်လာလိမ့်မယ်ဆိုတဲ့အကြောင်းပြချက်နဲ့ အစိုးရရဲ့အစီအစဉ်ကို ကန့်ကွက်ကြတာပါ။ အခုတော့ လေသံပြောင်းသွားပြန်ပါပြီ။

"အရေးပေါ်ဌာနတွေ၊ ခွဲစိတ်ခန်းတွေ၊ မွေးခန်းတွေနဲ့ မြို့ငယ်များရှိဆေးရုံများမှာ ဆရာဝန်တွေမရှိကြတော့ပါဘူး။ လူငယ်ဆရာဝန်တော်တော်များကလည်း ဆေးကျောင်းတွေမှာဆရာပြန်မလုပ်တော့ဘဲ အလှအပရေးရာဘက်ကိုသာ သွားနေကြပါပြီ" လို့ သမားတော်ကြီးတစ်ဦးကပြောပါတယ်။

သူပြောတာလည်းမှန်ပါတယ်။ တောင်ကိုရီးယားနိုင်ငံဟာ အလှအပရေးရာခွဲစိတ်ကုသမှုလုပ်ငန်းမှာ အင်မတန်မှ နာမည်ရလာတဲ့နိုင်ငံပါ။ အလှအပအတွက် ခွဲစိတ်ပြုပြင်ဖို့ကိုပဲ တောင်ကိုရီးယားကိုရောက်လာတဲ့ ပြည်ပမှလူနာအရေအတွက်ဟာ ၂၀၀၉ ခုနှစ်ကနေ ၂၀၂၂ ခုနှစ်အတွင်း ၈ သန်းကျော်အထိရှိပါတယ်။

တစ်ချိန်တည်းမှာပဲ ကလေးလူနာပြုစုစောင့်ရှောက်မှုအပါအဝင် အရေးပါတဲ့နယ်ပယ်တွေမှာ ဆရာဝန်ရှားပါးမှုက တော်တော်လေးကိုဆိုးဝါးလာပါတယ်။

၂၀၂၃ ခုနှစ် ဇွန်လတုန်းကဆိုရင် ကိုရီးယားကလေးရောဂါကုဆရာဝန်အဖွဲ့အစည်းက ဒီနယ်ပယ်ထဲကနေ တခြားကုသမှုနယ်ပယ်ဆီ ဘယ်လိုထွက်ခွာကြမလဲဆိုတဲ့ခေါင်းစဉ်နဲ့ ညီလာခံတစ်ရပ်ကျင်းပခဲ့တဲ့အထိပါပဲ။

ဒီလိုညီလာခံကိုကျင်းပတယ်ဆိုတာကလည်းအဖွဲ့ဝင်ဆရာဝန်တွေက နိုင်ငံအတွင်း ကလေးမွေးဖွားနှုန်းအလွန်နိမ့်ကျလာတဲ့အတွက် ကလေးရောဂါကုဆေးခန်းတွေမှာ လူမဝင်တော့လို့ တခြားကုသမှုနယ်ပယ်ကို ပြောင်းပါရစေဆိုတဲ့မေတ္တာရပ်ခံချက်အရ ကျင်းပကြတာပါ။

ဒီတော့ အခြေအနေအားလုံးကို ခြုံငုံကြည့်လိုက်မယ်ဆိုရင် ကျန်းမာရေးကဏ္ဍဆိုတာ အင်မတန်မှအရေးပါတဲ့ကဏ္ဍတစ်ခုဖြစ်သလို အင်မတန်မှလည်းအရေးကြီးတဲ့ကဏ္ဍတစ်ခုဖြစ်တာကိုတွေ့ရပါလိမ့်မယ်။

ဘယ်သူကမှတော့ နေရင်းထိုင်ရင်းနဲ့ အသက်မဆုံးရှုံးချင်ကြပါဘူး။ နေမကောင်းရင်တောင်မှ ဆေးကုချင်ကြတဲ့သူတွေချည်းပါပဲ။ ဒါပေမဲ့ ပြဿနာကဆရာဝန်ရှားပါးမှုဖြစ်နေတာပါ။

တောင်ကိုရီးယားနိုင်ငံမှာဖြစ်နေတဲ့ ပကတိအခြေအနေတွေအရဆိုရင် ဆရာဝန်တွေဟာ လူနာကုသရေးထက် ဝင်ငွေရလမ်းပိုကောင်းတဲ့ အလှအပရေးရာကုသရေးဘက်ကိုသာ ဦးစားပေးလာကြတာတွေ့ရပါတယ်။

တစ်ချိန်တည်းမှာပဲ ဆေးကျောင်းသားအရေအတွက်တိုးမြှင့်ခေါ်ယူမယ့် အစိုးရရဲ့အစီစဉ်ကိုကန့်ကွက်တဲ့အနေနဲ့ ဆရာဝန်အများအပြားကလည်း ကိုယ့်အလုပ်ကိုယ်မလုပ်ဘဲ ဒါမှမဟုတ် အစိုးရနဲ့ ချက်ကျလက်ကျညှိနှိုင်းဆွေးနွေးမှုမလုပ်ဘဲ ဆန္ဒပြမှုကိုသာလုပ်နေပါတယ်။

နဂိုကတည်းကမှ ဆရာဝန်အင်အားနည်းပါးနေပါတယ်ဆိုကာမှ ဆရာဝန်မပီသတဲ့ဆရာဝန်တချို့က ဆန္ဒပြမှုတွေကိုလုပ်တဲ့အခါကျတော့ ဆေးရုံကိုရောက်လာတဲ့လူနာတွေဟာ အသက်မဆုံးရှုံးသင့်ဘဲ အသက်ဆုံးရှုံးကြရပါတယ်။

တကယ်တမ်းစဉ်းစားကြည့်ရင် ဆရာဝန်ဆိုတာ ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် လူနာကိုကုသမှုပေးရမယ့် ဝတ္တရားရှိပါတယ်။

အဆုံးစွန်အထိပြောရရင် စစ်ပွဲဖြစ်ပွားနေချိန်မှာတောင်မှ တစ်ဖက်ကဒဏ်ရာရသွားတဲ့ရန်သူကို ဒီဘက်မှာရှိတဲ့ဆရာဝန်က အခွင့်ကြုံရင်ကုသပေးရမှာပါ။ ဒီလိုစိတ်ဓာတ်မျိုးရှိမှသာ ဆရာဝန်အစစ်အမှန်ပါ။

အခုတော့ ဆရာဝန်တွေရှားပါးလာနေပါတယ်ဆိုမှ ဆရာဝန်အစစ်အမှန်တွေကလည်းလူ့အသိုင်းအဝိုင်းထဲကနေ ပျောက်ဆုံးလာနေပါတယ်။

ကျွန်တော်တို့အားလုံးက ဆရာဝန်တွေကို ပညာတတ်သူတွေ၊ အသိဉာဏ်မြင့်မားသူတွေအဖြစ် သတ်မှတ်ထားကြလေ့ရှိပါတယ်။ တချို့သောဆရာဝန်များကတော့ တကယ်ကို ပညာတတ်ပြီးအသိဉာဏ်မြင့်မားကြပါတယ်။

ဒါပေမဲ့ တချို့များကျတော့လည်း ဆရာဝန်လို့တောင်မခေါ်ထိုက်ဘဲ ပညာသာတတ်ပြီးအသိဉာဏ်ကျတော့မဲ့ကြပါတယ်။ အထူးသဖြင့် လူနာတွေကိုဆေးမကုဘဲ ဆန္ဒပြမှုတွေလုပ်နေတဲ့ ဆရာဝန်တွေလိုပေါ့။

ဒီလိုမျိုးဆရာဝန်တွေကြောင့် ကျွန်တော်တို့လူ့ဘောင်လူ့လောကမှာ လူ့အသက်တွေ ဘယ်လောက်တောင်မှ ဆုံးရှုံးခဲ့ရပြီးပြီလဲ။ ဘယ်လောက်တောင်မှ ထပ်ပြီးဆုံးရှုံးရဦးမှာလဲ။ ဒါကြောင့် ပညာတတ်ပြီးအသိဉာဏ်မဲ့တဲ့ဆရာဝန်များကို အသံတိတ်လူသတ်သမားများလို့သာခေါ်ဆိုလိုက်ချင်ပါတော့တယ်။

***Ref: Bloomberg***

မော်စကို၊ နိုင်ငံရေး

# ယူရေးရှားဒေသလုံခြုံရေးအဖွဲ့ဖန်တီးမှုအတွက် ဆွေးနွေးပွဲစတင်ရန် ရုရှားနှင့်တရုတ်သဘောတူ



ယူရေးရှားဒေသလုံခြုံရေးအဖွဲ့ဖန်တီးမှုအတွက် နှစ်နိုင်ငံကြားဆွေးနွေးမှုစတင်ရန် ရုရှားနှင့်တရုတ်တို့က သဘောတူလိုက်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂီ လက်ဗ်ရော့က ဧပြီလ ၉ ရက်တွင်ပြောသည်။

နှစ်နိုင်ငံစလုံးက ယူရေးရှားဒေသတွင် လုံခြုံရေးခိုင်မာအားကောင်းစေရန် ရည်မှန်းထားကြောင်း တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ဆာဂီလက်ဗ်ရော့က ပြောသည်။

လက်ရှိအချိန်တွင် NATO နှင့် OSCE ကဲ့သို့သော ဥရောပ-အတ္တလန္တိတ်လုံခြုံရေးအဖွဲ့အစည်းများက ၎င်းတို့အလုပ်နှင့် ၎င်းတို့ရှုပ်နေကြောင်း၊ ထိုအချိန်တွင် ယင်းကဲ့သို့သောအဖွဲ့အစည်းများက အကျိုးစီးပွားညီမျှမှုအပေါ် အခြေခံသည့် အဓိပ္ပာယ်ရှိသောဆွေးနွေးမှုများကို လုပ်ဆောင်နိုင်စွမ်းရှိကြောင်း လက်ဗ်ရော့ကဆက်ပြောသည်။

ယူရေးရှားဒေသ လုံခြုံရေးအဖွဲ့ကို ဖွဲ့စည်းမှုလုပ်ငန်းအတွက် ရုရှားသမ္မတဗလာဒီမာပူတင်က ဖက်ဒရယ်ညီလာခံမိန့်ခွန်း၌ ပြောခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ယခုအခါ ရုရှားနိုင်ငံနှင့် မိတ်ဆွေတရုတ်နိုင်ငံတို့က စိတ်တူကိုယ်တူရှိသောအခြားနိုင်ငံများနှင့် ဆွေးနွေးပွဲကို စတင်ရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း လက်ဗ်ရော့က တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီနှင့်ဆွေးနွေးမှုအပြီးတွင် ပြောထားသည်။

***Ref: Sputnik***

ဂျကာတာ၊ ကျန်းမာရေး

# အင်ဒိုနီးရှား၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုမြင့်တက်နေ

အင်ဒိုနီးရှားနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုမြင့်တက်လျက်ရှိသည့်အပြင် သေဆုံးမှုနှုန်းလည်းမြင့်တက်လာလျက်ရှိကြောင်းသိရသည်။

ပြီးခဲ့သည့်သီတင်းပတ်အထိ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၄၅၅ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူအရေအတွက် ၆၀၂၉၆ ဦးအထိရှိလာသောကြောင့် ပြီးခဲ့သည့်နှစ်အလားတူကာလအတွင်း ရောဂါဖြစ်ပွားသူ ၂၀၅၀၂ ဦးနှင့် သေဆုံးသူ ၁၆၂ ဦးထက်များစွာပိုများကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အင်ဒိုနီးရှားနိုင်ငံ၏ လူဦးရေအထူထပ်ဆုံးပြည်နယ်ဖြစ်သော အနောက်ဂျာဗားပြည်နယ်ရှိ ဘန်ဒေါင်းနှင့်ဆူဘန်းတို့တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ အများဆုံးဖြစ်ကြောင်း ထုတ်ပြန်ချက်အရသိရသည်။

***Ref: Xinhua***

နယူးဒေလီ၊ စစ်လက်နက်ပစ္စည်း

# အိန္ဒိယတပ်မတော်က ရုရှားမှ Igla-S လေကြောင်းရန်ကာကွယ်ရေးစနစ်ကို လက်ခံရရှိ




အိန္ဒိယတပ်မတော်က ရုရှားမှ Igla-S လေကြောင်းရန်ကာကွယ်ရေးစနစ် ပထမအသုတ်ကို လက်ခံရရှိကြောင်း အိန္ဒိယသတင်းဌာနတစ်ခုကဖော်ပြထားသည်။

Igla-S သည် ပခုံးထမ်းဒုံးပစ်လောင်ချာအမျိုးအစားဖြစ်ပြီး ယခုပထမအသုတ်အနေဖြင့် ဒုံးပစ်လောင်ချာ ၂၄ လက်နှင့် ဒုံးကျည်အစင်း ၁၀၀ တို့ကို လက်ခံရရှိခြင်းဖြစ်သည်။

အိန္ဒိယနှင့်ရုရှားတာဝန်ရှိသူတို့သည် အဆိုပါပခုံးထမ်းဒုံးပစ်လောင်ချာ အလက် ၁၂၀ နှင့် ဒုံးကျည်အစင်း ၄၀၀ တို့ကို ထောက်ပံ့ပေးရေးအတွက် ပြီးခဲ့သည့်နှစ်နိုဝင်ဘာလတွင် သဘောတူလက်မှတ်ထိုးခဲ့ခြင်းဖြစ်သည်။

အဆိုပါသဘောတူညီချက်အရ အိန္ဒိယက ပထမအသုတ်ကိုသာ ရုရှားမှလက်ခံရရှိမည်ဖြစ်ကာ ကျန်ဒုံးပစ်လောင်ချာများနှင့် ဒုံးကျည်များကို နိုင်ငံအတွင်း၌ ကိုယ်တိုင်ထုတ်လုပ်ခွင့်ရရှိမည်ဖြစ်သည်။

လက်ရှိတွင် အိန္ဒိယတပ်မတော်သည် ခေတ်မမီတော့သော Igla-1M ပခုံးထမ်းဒုံးပစ်လောင်ချာများကိုသာ အသုံးပြုနေရဆဲဖြစ်ကြောင်း သတင်းစာကဆက်လက်ဖော်ပြထားသည်။

***Ref: Sputnik***

အန်ကာရာ၊ စီးပွားရေး

# တူကီယဲက အစ္စရေးအပေါ် ကုန်သွယ်ရေးစစ်ပွဲစတင်

တူကီယဲနိုင်ငံက အစ္စရေးအပေါ် ပို့ကုန်ကန့်သတ်ချက်များချမှတ်ခြင်းအားဖြင့် ကုန်သွယ်ရေးစစ်ပွဲကို စတင်လိုက်ပြီဖြစ်ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနက ဧပြီလ ၉ ရက်တွင်ထုတ်ပြန်သည်။

တူကီယဲနိုင်ငံသည် အစ္စရေးက ဂါဇာအပေါ် လုပ်ဆောင်နေသည့်စစ်ဆင်ရေးနှင့်ပတ်သက်၍ လက်တုံ့ပြန်သည့်အနေဖြင့် ပို့ကုန် ၅၄ မျိုးကို ပို့ကုန်ကန့်သတ်ချက်များချမှတ်လိုက်ခြင်းဖြစ်သည်။

အောက်တိုဘာလတွင် စတင်ဖြစ်ပွားသော အစ္စရေး-ဟားမတ်စစ်ပွဲနှင့်ပတ်သက်၍ တူကီယဲအစိုးရက အစ္စရေးအပေါ် ပြင်းပြင်းထန်ထန်ဝေဖန်ထားသည်။

အစ္စရေးအစိုးရက တူကီယဲအစိုးရ၏ ထောက်ပံ့ရေးပစ္စည်းများကို ဂါဇာသို့ ဝင်ရောက်ခွင့်မပြုလိုက်ခြင်းအပေါ် တူကီယဲက ယခုကဲ့သို့တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

အစ္စရေးအပေါ် တင်ပို့မှုကန့်သတ်လိုက်သည့်ကုန်ပစ္စည်းများတွင် အလူမီနီယံ၊ ကြေးနီ၊ သံမဏိ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ စက်သုံးပစ္စည်းနှင့် ဓာတုပစ္စည်းအများအပြားပါဝင်ကြောင်း တူကီယဲကုန်သွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထို့ပြင် တူကီယဲနိုင်ငံသည် စစ်ရေးရည်မှန်းချက်များအတွက် အသုံးပြုနိုင်စေမည့် ကုန်ပစ္စည်းများကို အစ္စရေးနိုင်ငံသို့ တင်ပို့မှုရပ်ဆိုင်းထားပြီးဖြစ်ကြောင်း သိရသည်။

***Ref: RT***

ဗေးနီးယက်၊ စစ်ရေး

# ရုရှားနှင့်နယ်စပ်သို့ ဂျာမန်စစ်သည်များရောက်ရှိလာ

ရှေ့ပြေးဂျာမန်စစ်သည်အဖွဲ့တစ်ဖွဲ့သည် ရုရှားနိုင်ငံနှင့်နယ်စပ်ဖြစ်သော လစ်သူရေးနီးယားနိုင်ငံသို့ရောက်ရှိလာကြောင်း သိရသည်။

ထိုစစ်သည်များသည် ဂျာမန်တပ်မတော်က လစ်သူရေးနီးယားနိုင်ငံ၌ အမြဲတမ်းအခြေစိုက်မည့် အင်အားပြည့်သံချပ်ကာတပ်မတစ်ခုအတွက် ရှေ့ပြေးအဖွဲ့တစ်ဖွဲ့ကို ဦးစွာစေလွှတ်လိုက်ခြင်းဖြစ်သည်။

ရုရှားနိုင်ငံကမူ ဂျာမနီတို့၏ အဆိုပါလုပ်ဆောင်ချက်ကို ခြိမ်းခြောက်မှုတစ်ခုအဖြစ်ရှုမြင်ထားပြီး တုံ့ပြန်ရန်သီးခြားလုပ်ဆောင်ချက်များလိုအပ်မည်ဟုသတ်မှတ်ထားသည်။

အဆိုပါဂျာမန်စစ်သည်များသည် ဧပြီလ ၈ ရက်တွင် ဂျာမနီနိုင်ငံမှ လစ်သူရေးနီးယားနိုင်ငံသို့ ထွက်ခွာလာခြင်းဖြစ်ပြီး ၎င်းတို့ကို ဂျာမန်ကာကွယ်ရေးဝန်ကြီးကိုယ်တိုင်ပို့ဆောင်နှုတ်ဆက်သည်။

ယခုကဲ့သို့ စစ်သည်များကိုစေလွှတ်ဖြန့်ကြက်ခြင်းသည် NATO အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ဂျာမနီကစည်းလုံးညီညွတ်စွာတည်ရှိကြောင်း ပြသခြင်းဖြစ်သည်ဟု ကာကွယ်ရေးဝန်ကြီးကပြောသည်။

ထိုတပ်မကို Panzerbrigade 45 ဟု အမည်ပေးထားပြီး စစ်ဆင်ရေးတာဝန်များကိုအပြည့်အဝထမ်းဆောင်နိုင်သည့် ၂၀၂၇ ခုနှစ်အရောက်တွင် စစ်သည်အင်အား ၄၈၀၀ ခန့်နှင့် အရပ်သားဝန်ထမ်း ၂၀၀ အထိ ရှိလာမည်ဖြစ်ကြောင်း သိရသည်။



***Ref: RT***

နေပြည်တော် ဧပြီ ၉

# ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အချက်အလက်များရှင်းလင်း



ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အချက်အလက်များရှင်းလင်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်ညွှန်ကြားရေးမှူးရုံးများနှင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတို့မှ တာဝန်ခံများနှင့် အရာထမ်း၊ အမှုထမ်းများက Online စနစ်ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကာကွယ်ရေးဝန်ကြီးဌာနကထုတ်ပြန်လာသည့် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်ခွင့်နှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန် ယခုအခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ တိုင်းရင်းသားတိုင်းသည် နိုင်ငံသားဖြစ်ပြီး နိုင်ငံသားတိုင်းသည် ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်လိုအပ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားရှိသဖြင့် ချစ်ခင်စည်းလုံးညီညွတ်စွာနေထိုင်ကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ညွှန်ကြားရေးမှူးရုံးများမှ တာဝန်ခံများအနေဖြင့်လည်း ယခုပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာအချက်အလက်များကို ပိုမိုကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ထပ်ဆင့်ရှင်းလင်းကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့နှင့်အညီ မိသားစုအကျိုး၊ ဌာနအကျိုး၊ နိုင်ငံအကျိုးတို့ကို မိသားစုစိတ်ဓာတ်ဖြင့်ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ကာကွယ်ရေးဝန်ကြီးဌာနကဆက်လက်ထုတ်ပြန်သည့် ပြည်သူ့စစ်မှုထမ်းတာဝန်မှကင်းလွတ်ခွင့်၊ ရွှေ့ဆိုင်းခွင့်ပြုနိုင်သူများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်သူ့စစ်မှုထမ်းဥပဒေအရ လက်တလောတွင်အကျုံးဝင်သူ နိုင်ငံသားတိုင်း စစ်မှုထမ်းရန်မလိုအပ်သေးပါကြောင်း၊ ရွေးချယ်ရေးအဖွဲ့များဖွဲ့စည်း၍ ရပ်ကျေးအဆင့် လိုအပ်သည့်ပမာဏကိုသာ ခေါ်ယူ၍ဆေးစစ်ပြီး အောင်မြင်မှုသာ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေသည် မြန်မာတစ်နိုင်ငံတည်းတွင်သာ ပြဋ္ဌာန်းထားခြင်းမဟုတ်ဘဲ အခြားကမ္ဘာ့နိုင်ငံများတွင်လည်း ပြဋ္ဌာန်းကျင့်သုံးလျက်ရှိသည့် ဥပဒေဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ မိမိတို့ပတ်ဝန်းကျင်ရှိ တိုင်းရင်းသားပြည်သူများအား မိမိတို့သိရှိထားသည်များကို အပြုသဘောဖြင့် ပြန်လည်ဝေမျှပြီး နိုင်ငံတော်၏အကျိုးအတွက် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြရန်တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ၂၀၂၄ ခုနှစ် မတ်လအတွင်းရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia-EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ မြို့ကြီး ၄၁ မြို့ရှိ မိုးလေဝသနှင့်ဇလဗေဒစခန်း ၄၁ ခု(ပုံ-၁)တွင် ရွာသွန်းသောမိုးရေများကိုစုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေကို သိရှိရန် မိုးရေ၏ pH တန်ဖိုးများတိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၄ ခုနှစ် မတ်လအတွင်း တိုင်းတာသည့်စခန်း ၄၁ စခန်းအနက် မိုးရေနမူနာ လက်ခံရရှိခဲ့သည့် ၂၉ စခန်းတို့မှ ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့်သောက်သုံးရေအတွက် pH တန်ဖိုး 6.5-8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။


မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၄ ခုနှစ်၊ မတ်လအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် ၂၉ စခန်းတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိကြောင်း တွေ့ရှိရပါသည်။(ပုံ-၂)

**၂၀၂၄ ခုနှစ်၊ မတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ**


| စဉ် | စခန်းအမည် | pH | စဉ် | စခန်းအမည် | pH |
|---|---|---|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၆.၈ | ၁၆ | ပြင်ဦးလွင် | ၆.၈ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၆.၇ | ၁၇ | ကလေးဝ | ၆.၇ |
| ၃ | မြစ်ကြီးနား | ၆.၆ | ၁၈ | ရန်ကုန်(ကမ္ဘာအေး) | ၆.၉ |
| ၄ | ဗန်းမော် | ၆.၇ | ၁၉ | မှော်ဘီ | ၆.၈ |
| ၅ | ခန္တီး | ၆.၅ | ၂၀ | မကွေး | ၆.၇ |
| ၆ | လားရှိုး | ၆.၉ | ၂၁ | အောင်လံ | ၇.၀ |
| ၇ | တောင်ကြီး | ၆.၉ | ၂၂ | စစ်တွေ | ၆.၉ |
| ၈ | မိုင်းဆတ် | ၆.၆ | ၂၃ | ကျောက်ဖြူ | ၆.၇ |
| ၉ | ကျိုင်းတုံ | ၆.၅ | ၂၄ | ပဲခူး | ၇.၀ |
| ၁၀ | စစ်ကိုင်း | ၆.၇ | ၂၅ | တောင်ငူ | ၆.၉ |
| ၁၁ | ဟုမ္မလင်း | ၆.၆ | ၂၆ | ရေး | ၆.၅ |
| ၁၂ | ဟားခါး | ၆.၅ | ၂၇ | ဘားအံ | ၆.၉ |
| ၁၃ | ညောင်ဦး | ၆.၇ | ၂၈ | ထားဝယ် | ၆.၇ |
| ၁၄ | မုံရွာ | ၆.၇ | ၂၉ | မြိတ် | ၆.၅ |
| ၁၅ | ကသာ | ၆.၆ | | | |

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့်စခန်းများပြပုံ




ပုံ(၂)၊ ၂၀၂၄ ခုနှစ်၊ မတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးပြပုံ




## "မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် တန်ခူးလဆုတ် (၅)ရက်နေ့မှ (၈)ရက်နေ့အထိ (၂၀၂၄ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ယာဉ်မောင်းသူများမှ သတိပြုရန်အချက်များ"

(၁) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းနှင်သူများလိုက်နာရန်-

(က) မူးယစ်သောက်စားယာဉ်မမောင်းရ။
(ခ) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
(ဂ) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
(ဃ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
(င) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်းလုံးဝမပြုရ။
(စ) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍မောင်းနှင်ခြင်းမပြုရ။
(ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗွီးတက်)မပါဘဲ မမောင်းရ။
(ဇ) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသောယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များမမောင်းရ။
(ဈ) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
(ည) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်/ဘေးတွဲဆိုင်ကယ်များမှ စီးနင်းခြင်းလုံးဝမပြုရ။
(ဋ) ပစ်ကပ်ယာဉ်များ(လိုက်ထရပ်/မီနီပစ်ကပ်)သည် သတ်မှတ်ထားသည့်ဝန်အလေးချိန်(လူဦးရေ)ထက် ပိုမိုတင်ဆောင်မောင်းနှင်ခြင်းမပြုရ။

(၂) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

(၃) ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (Alcohol Tester) ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

(၄) သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည်ဖြစ်ပါသည်။

(၅) ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ မီးပွိုင့်များတွင် CCTV Camera များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်းချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့်ရိုက်ကူးပြီး ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

(၆) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်"

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

ပဲခူး ဧပြီ ၉

# ကြိမ်၊ ဝါး အခြေခံလက်မှုထည်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲကျင်းပ



ပဲခူးတိုင်းဒေသကြီး MSMEs ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီမှ ကြီးမှူးဖွင့်လှစ်သည့် ကြိမ်၊ ဝါး အခြေခံလက်မှုထည်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲကို ပဲခူးမြို့ သီရိဟံသာခန်းမ၌ ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် "တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်မြှင့်တင်ရေး" အဓိကကျပြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ ဒေသတွင်းကုန်ထုတ်လုပ်ငန်းရှင်များ ပေါ်ပေါက်လာစေရေးနှင့် ဒေသထွက်ကုန်များ ပြည်တွင်းသာမက ပြည်ပဈေးကွက်အထိ ထိုးဖောက်နိုင်ရေးတို့ကို အဓိကထား ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြို့ပြနှင့် ကျေးလက်ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေး၊ ဒေသခံပြည်သူများ လူမှုစီးပွားဘဝမြင့်မားရေး၊ မိသားစုဝင်ငွေတိုးပွားရရှိစေရေး၊ တစ်ပိုင်တစ်နိုင်ကုန်ထုတ်လုပ်ငန်းမှတစ်ဆင့် စီးပွားဖြစ်ထုတ်လုပ်နိုင်ရေး၊ လူစွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းပိုမိုတိုးတက်ရရှိစေရေးတို့အတွက် ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် ယခုလိုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်ကြားရရှိခဲ့သည့် အတတ်ပညာ၊ ကျွမ်းကျင်မှုတို့ကို ကိုယ်တိုင်ဆန်းသစ်တီထွင်ဖန်တီးနိုင်မှုတို့ဖြင့် ပေါင်းစပ်၍ မိမိတို့၏ထုတ်ကုန်များကို ဒေသတွင်းသာမက ပြည်ပသို့တင်ပို့နိုင်သည်အထိ မျှော်မှန်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့သည်။ ၎င်းနောက် သင်တန်းဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြပြီး သင်တန်းတွင်သင်ကြားခဲ့သည့် လက်မှုကြိမ်၊ ဝါးထည်များအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ကြိမ်၊ ဝါး အခြေခံလက်မှုထည်ထုတ်လုပ်မှုနည်းပညာသင်တန်းအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် ဒိုက်ဦးမြို့နယ်တွင် ပထမဆုံးဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဒုတိယအကြိမ်အဖြစ် ပဲခူးမြို့တွင် မတ်လ ၂၆ ရက်မှ ဧပြီလ ၈ ရက်အထိ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးအား ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ ၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ပဲခူးမြို့နယ်စာဖြေဌာနရှိ ပထမကြီးတန်းဖြေဆိုတော်မူကြမည့် စာဖြေသံဃာ၊ သီလရှင်များနှင့် ကြီးကြပ်ရေးဆရာတော် ၁၈၂ ပါးတို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(၄၀၁)၊ တင်စိုး(ပဲခူး)**

နေပြည်တော် ဧပြီ ၉

# မြင်းခြံမြို့နယ်၊ ရသာကျေးရွာမှ ပြည်သူ ၃ ဦးကိုပစ်သတ်ခဲ့ပြီး နေအိမ်များကိုမီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ရသာကျေးရွာကို လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက ဧပြီလ ၈ ရက်နေ့တွင် ဝင်ရောက်ခဲ့ပြီး ပြည်သူ ၃ ဦးကို ပစ်သတ်ခဲ့ကာ နေအိမ် ၂၅၀ ကျော်ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း လုပ်ကြံရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က လူမှုကွန်ရက်ပေါ်တွင် ဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မြင်းခြံမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဧပြီလ ၈ ရက်နေ့တွင် အကြမ်းဖက်မှုကိုမလိုလားသည့် ဒေသခံပြည်သူတစ်ဦး၏သတင်းပေးပို့မှုအရ လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိရာ ရသာကျေးရွာအနီးသို့ရောက်ရှိစဉ်တွင် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက လက်လုပ်သေနတ်များဖြင့် စတင်ပစ်ခတ်ခဲ့သည့်အတွက် အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့ပါသည်။ ထို့နောက် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များ၏ ထိရောက်သောပစ်ခတ်တိုက်ခိုက်မှုများကြောင့် အကြမ်းဖက်သောင်းကျန်းသူများဆုတ်ခွာထွက်ပြေးခဲ့ပြီး ၎င်းတို့ဆုတ်ခွာထွက်ပြေးရာ လမ်းတစ်လျှောက်ရှိ နေအိမ်များကို မီးရှို့ထွက်ပြေးသွားခဲ့သည့်အတွက် ရသာကျေးရွာရှိ နေအိမ်အချို့ မီးလောင်ပျက်စီးခဲ့ရကြောင်းနှင့် အကြမ်းဖက်သမား ၂ ဦးသေဆုံးခဲ့ကြောင်း သိရှိရပါသည်။




အဆိုပါ အကြမ်းဖက်သမားများသည် မြင်းခြံမြို့နယ်ရှိ ကျေးရွာများတွင် အတင်းအဓမ္မငွေကြေးကောက်ခံခြင်း၊ လူသစ်စုဆောင်းခြင်းများအပြင် ဒေသခံပြည်သူများအား ဖမ်းဆီးနှိပ်စက်နေသည့်အတွက် အကြမ်းဖက်လုပ်ရပ်များကို လက်ခံခြင်းမရှိသည့် ဒေသခံများမှလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိပါသည်။ **(၁၀၀)**

❑ **ကျောဖုံးမှအဆက်**

ခရိုင်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။ ပြိုင်ပွဲများအပြီးဆုပေးပွဲကိုကျင်းပရာ အမျိုးသား၊ အမျိုးသမီး အတိုးတက်ဆုံးအားကစားသမားဆု၊ ပွဲစဉ်တစ်လျှောက်အကောင်းဆုံးဆုနှင့်ဒုတိယဆုရ၊တတိယဆုရခရိုင်အသင်းတို့အား မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီးဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအတွင်းရေးမှူးနှင့် တိုင်းဒေသကြီးဝန်ကြီးများက ဆုတံဆိပ်နှင့်ငွေသားဆုများပေးအပ်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အမျိုးသားပြိုင်ပွဲတွင် ပထမဆုရ အလုံခရိုင်အသင်းနှင့်အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရ အလုံခရိုင်အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများပေးအပ်သည်။

ယင်းပြိုင်ပွဲကို ဧပြီလ ၃ ရက်မှ ယနေ့အထိကျင်းပခဲ့ပြီး အမျိုးသားအသင်း ၁၄ သင်း၊ အမျိုးသမီးအသင်း ၁၀ သင်း၊ ကစားသမား ၃၀၀ ခန့်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်းသိရသည်။ **ဝန်းရံ**

## အသိပေးနှိုးဆော်ချက်

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် တန်ခူးလဆုတ် ၅ ရက်နေ့မှ ၈ ရက်နေ့အထိ (၂၀၂၄ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်၌ ရေကစားခြင်း၊ သင်္ကြန်ယိမ်းအကအလှဖျော်ဖြေခြင်းများဖြင့် ကျင်းပသွားမည်ဖြစ်၍ မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိလည်းကောင်း၊ ဆူးလေဘုရားလမ်းအား အနော်ရထာလမ်းမှ ကုန်သည်လမ်းအထိလည်းကောင်း နံနက် ၀၇၀၀ အချိန်မှ ည ၁၈၀၀ အချိန်အထိ ခေတ္တလမ်းပိတ်ထားမည်ဖြစ်ရာ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် လမ်းလွှဲများမှ သွားလာမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

### ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၄-၂၀၂၄ — ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၉၅ | ၂၈၄၅ | ၂၈၄၀ | ၂၈၀၅ | ၂၈၄၅ | ၂၈၇၀ | ၂၈၅၅ | ၂၈၃၀ | ၂၉၃၀ | ၂၉၄၅ | ၂၈၃၅ | ၂၈၄၅ | ၂၈၈၀ | ၂၈၈၅ | ၂၈၈၅ | ၃၁၁၅ | ၃၃၀၀ |
| 95 Ron | ၂၉၀၅ | ၂၉၅၅ | ၂၉၅၅ | ၂၉၁၅ | ၂၉၅၅ | ၂၉၇၅ | ၂၉၆၀ | ၂၉၄၀ | ၃၀၄၀ | ၃၀၅၅ | ၂၉၄၅ | ၂၉၆၅ | ၂၉၉၀ | ၂၉၉၀ | ၂၉၉၅ | ၃၂၂၅ | ၃၄၁၀ |
| HSD (500 ppm) | ၂၄၀၀ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၀ | ၂၄၅၀ | ၂၄၇၀ | ၂၄၇၀ | ၂၄၃၅ | ၂၅၅၅ | ၂၅၅၀ | ၂၄၄၀ | ၂၄၅၀ | ၂၄၈၅ | ၂၄၉၀ | ၂၄၉၀ | ၂၇၂၀ | ၃၇၂၅ |
| HSD (50 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၅ | ၂၄၅၅ | ၂၄၉၅ | ၂၅၂၀ | ၂၅၁၅ | ၂၄၈၀ | ၂၆၀၀ | ၂၅၉၅ | ၂၄၈၅ | ၂၅၀၀ | ၂၅၃၀ | ၂၅၃၅ | ၂၅၃၅ | ၂၇၆၅ | ၃၇၈၅ |
| HSD (10 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၅ | ၂၄၅၅ | ၂၄၉၅ | ၂၅၂၀ | ၂၅၁၅ | ၂၄၈၀ | ၂၆၀၀ | ၂၅၉၅ | ၂၄၈၅ | ၂၅၀၀ | ၂၅၃၀ | ၂၅၃၅ | ၂၅၃၅ | ၂၇၆၅ | ၃၇၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၇၀ | ၂၇၅၇ |
| 95 Ron | ၂၇၇၆ | ၂၈၆၅ |
| HSD (500 ppm) | ၂၂၈၆ | ၂၃၆၂ |
| HSD (50 ppm) | ၂၃၃၁ | ၂၄၀၇ |
| HSD (10 ppm) | ၂၃၃၁ | ၂၄၀၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇ - ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ အနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း တို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန်လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏ ပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင်(သို့မဟုတ်)အရောင်ဖျော့သောပွပွချောင်ချောင်ချည်ထည်များကိုဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၈) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြား(၂)ဖက်နှင့်ပေါင်ခြံ(၂)ဖက်တို့အား ရေအေးဖတ်တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ကုသမှုခံယူစေပါ။

**ကျန်းမာရေးဝန်ကြီးဌာန**
**(ဧပြီလ၊ ၂၀၂၄)**

မုံ့ဒံ ဧပြီ ၉

# မုံ့ဒံမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ရေသဘင်ပွဲတော်ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ကကြီးမှူး၍ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်/ကျေးရွာအဖွဲ့များက ပူးပေါင်းဆောင်ရွက်ကာ ဗဟိုမဏ္ဍပ်၌ ဖျော်ဖြေရေးမဏ္ဍပ်နှင့်ရေကစားမဏ္ဍပ်များဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

သင်္ကြန်ပွဲတော်ကာလအတွင်း ပြည်သူများ အေးချမ်းပျော်ရွှင်စွာဆင်နွှဲနိုင်ရန်အတွက် မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီနှင့်လုပ်ငန်းကော်မတီများက စီစဉ်ဆောင်ရွက်လျက်ရှိပြီး မြန်မာ့ရိုးရာမဟာသင်္ကြန်မဏ္ဍပ်တွင် နှစ်သစ်မင်္ဂလာသင်္ကြန်တေးသီချင်းများ၊ ရိုးရာယဉ်ကျေးမှုအကအလှများ၊ သင်္ကြန်ယိမ်းအဖွဲ့များ၊ ခေတ်ပေါ်တေးသီချင်းများဖြင့် သီဆိုဧည့်ခံဖျော်ဖြေမှုများအပြင် အဆိုပါမဏ္ဍပ်သို့လာရောက်ဆင်နွှဲသူများအား စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်သည်။

မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် သက်ကြီးဘိုးဘွားပူဇော်ပွဲ၊ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲများနှင့် ဇီဝိတဒါနငါးလွှတ်ပွဲတို့ကိုဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

## Grade-7 နှင့် Grade-10 သင်ခန်းစာများ ထုတ်လွှင့်ပြသလျက်ရှိ

၂၀၂၄-၂၀၂၅ ခုနှစ် ပညာသင်နှစ်တွင် ပညာသင်ကြားကြမည့် အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သင်ခန်းစာများကို ကြိုတင်လေ့လာသင်ယူနိုင်ရန်အတွက် MWD Education, Knowledge & Sports Channel နှင့် ပြန်ကြားရေးဝန်ကြီးဌာန၏ Education Channel တို့တွင် ဧပြီလ ၈ ရက်နေ့မှ မေလ ၃၁ ရက်နေ့ထိ Grade-7 သင်ခန်းစာများကို နံနက် ၇ နာရီမှ ၇ နာရီခွဲချိန်နှင့် ည ၆ နာရီမှ ၆ နာရီခွဲချိန်တွင်လည်းကောင်း၊ Grade-10 သင်ခန်းစာများကို နံနက် ၈ နာရီမှ ၈ နာရီခွဲချိန်နှင့် ည ၇ နာရီမှ ၇ နာရီခွဲချိန်တွင်လည်းကောင်း နေ့စဉ်ထုတ်လွှင့်ပြသလျက်ရှိကြောင်း မိဘပြည်သူများအား အသိပေးအပ်ပါသည်။

## မဟာသင်္ကြန်ရုံးပိတ်ရက်များတွင် မြဝတီသတင်းစာ ခေတ္တရပ်နားမည်

မြဝတီနေ့စဉ်သတင်းစာအား မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၄ ခုနှစ် ဧပြီလ ၁၃ ရက်(စနေနေ့)မှ ဧပြီလ ၁၈ ရက်(ကြာသပတေးနေ့)အထိ ၆ ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး ဧပြီလ ၁၉ ရက်(သောကြာနေ့)တွင် ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

နေပြည်တော် ဧပြီ ၉

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

မနက်ဖြန်နံနက်အထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**(မိုး/ဧလ)**

## Myawady Digital Set Top Box ထုတ်နတ်ရှုမြင်အစီအစဉ်

၁၀-၄-၂၀၂၄ (ဗုဒ္ဓဟူးနေ့)

**MWD Variety Channel**

၁။ ၁၀း၂၅ မှတ်သားလေ့လာ အိမ်တွင်းမှုပညာ
၂။ ၁၁း၄၇ သိလိုသမျှကျန်းမာရေးကဏ္ဍ
၃။ ၁၃း၃၀ ရှာဖွေလေ့လာပြတိုက်မှာ
၄။ ၁၄း၁၅ တစ်ပတ်အတွင်း ထိပ်တန်းရောက်ကမ္ဘာ့သတင်းသုံးသပ်ချက်

**မြဝတီရုပ်မြင်သံကြား**

၁၀-၄-၂၀၂၄ (ဗုဒ္ဓဟူးနေ့)

၁။ ၆း၀၂ နိုင်ငံတော်သီချင်း
၂။ ၆း၀၃ တရားတော်
၃။ ၇း၁၆ မေတ္တာပို့
၄။ ၇း၂၀ မမ္မပူဇာတေး
၅။ ၇း၄၀ မျိုးချစ်တပ်မတော်
၆။ ၈း၄၅ ဇာတ်လမ်းတို
၇။ ၉း၃၅ ပန်းရောင်စုံသင်းပျံ့မွှေး မြန်မာတိုင်းရင်းဆေး
၈။ ၁၆း၅၀ ယဉ်ကျေးလိမ္မာမမွတေးကဗျာ
၉။ ၁၇း၀၀ မြဝတီရုပ်မြင်သံကြား သတင်း
၁၀။ ၁၉း၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း -မောင်ဘစီ**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန် တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

အန်ကာရာ၊ ဘောလုံး

## တူကီယဲစူပါဖလားဗိုလ်လုပွဲမှဖြစ်ရပ်ကြောင့် တူကီယဲနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဖီနာဘာချီအသင်း တို့ကြား တင်းမာမှုများပိုမိုမြင့်တက်လာ

တူကီယဲစူပါဖလားပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ်ကစားသည့်ပွဲမှဖြစ်ရပ်ကြောင့် တူကီယဲနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဖီနာဘာချီအသင်းတို့ကြားတင်းမာမှုများ ပိုမိုမြင့်တက်လာခဲ့ကြောင်း သိရသည်။

ဖီနာဘာချီအသင်းသည် မတ်လ ၁၈ ရက်က တူကီယဲစူပါလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၀)အဖြစ် ကစားသည့် ထရန်ဇွန်စပေါလ်အသင်းနှင့်ပွဲစဉ်တွင် အိမ်ရှင်ထရန်ဇွန်စပေါလ်အသင်းပရိသတ်များက ကွင်းအတွင်းသို့ ဝင်ရောက်ကာ ဖီနာဘာချီအသင်းကစားသမားများကို တိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ ဖီနာဘာချီအသင်းကစားသမားများကလည်း ပြန်လည်တုံ့ပြန်တိုက်ခိုက်ခဲ့သည့်အတွက် တူကီယဲနိုင်ငံဘောလုံးအဖွဲ့ချုပ်က ထရန်ဇွန်စပေါလ်အသင်းကို အရေးယူမှုမပြုလုပ်ဘဲ ပြန်လည်တုံ့ပြန်တိုက်ခိုက်ခဲ့သည့် ဖီနာဘာချီအသင်းမှကစားသမားများကိုသာ အရေးယူမှုပြုလုပ်သည့်အတွက် တူကီယဲနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဖီနာဘာချီအသင်းတို့ကြား တင်းမာမှုများမြင့်တက်လာခဲ့သည်။



ဖီနာဘာချီအသင်းဘုတ်အဖွဲ့ဝင်တချို့က တူကီယဲနိုင်ငံဘောလုံးအဖွဲ့ချုပ်ကို ကျေနပ်မှုမရှိသည့်အတွက် တူကီယဲစူပါလိဂ်ပြိုင်ပွဲမှ နုတ်ထွက်ရန် ပြင်ဆင်ခဲ့သော်လည်း ဘုတ်အဖွဲ့ဝင်တချို့က ကန့်ကွက်ခဲ့သည့်အတွက် တူကီယဲစူပါလိဂ်ပြိုင်ပွဲတွင် ဆက်လက်ကစားခဲ့ခြင်းဖြစ်သည်။

ဖီနာဘာချီအသင်းသည် ဧပြီလ ၁၈ ရက်တွင် ယူရိုပါလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အိုလံပီယာကို့စ်အသင်းနှင့် ကစားရန်ရှိနေသည့်အတွက် တူကီယဲစူပါဖလားဗိုလ်လုပွဲကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုခဲ့သော်လည်း တူကီယဲနိုင်ငံဘောလုံးအဖွဲ့ချုပ်ကပယ်ချခဲ့ပြီး သတ်မှတ်ရက်အတိုင်းသာကျင်းပရန်ဆုံးဖြတ်ခဲ့သည့်အတွက် ဖီနာဘာချီအသင်းက ကျေနပ်မှုမရှိသောကြောင့် တူကီယဲစူပါဖလားဗိုလ်လုပွဲတွင် ယူ-၁၉ အသင်းနှင့်သာ ယှဉ်ပြိုင်စေခဲ့ပြီး ပွဲအစ တစ်မိနစ်အကြာတွင် ကစားသမားများ ကွင်းအတွင်းမှထွက်ခွာပြီး ဆက်လက်ကစားတော့ခြင်းမရှိသည့်အတွက် တင်းမာမှုများပိုမိုမြင့်တက်လာခဲ့ကြောင်း သိရသည်။

*Ref;Goal.com*

ရောမ၊ ဘောလုံး

## ဂျူဗင်တပ်စ်အသင်းက လာဇီယိုအသင်း ကွင်းလယ်ကစားသမား ဖီလစ်ပီကို ခေါ်ယူရန်ချိတ်ဆက်နေ

ဂျူဗင်တပ်စ်အသင်းက ယခုဘောလုံးရာသီအကုန်တွင် လာဇီယိုအသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးမည့် ကွင်းလယ်ကစားသမား ဖီလစ်ပီကို အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူရန် ချိတ်ဆက်မှုများပြုလုပ်နေကြောင်း သိရသည်။

အသက် ၃၀ နှစ်အရွယ် ဖီလစ်ပီသည် ၂၀၂၁ ခုနှစ်က ပေါ်တိုအသင်းမှ လာဇီယိုအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ယခုဘောလုံးရာသီအကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

ဖီလစ်ပီနှင့် လာဇီယိုအသင်းတို့ကြား သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် လက်ရှိအချိန်ထိသဘောတူညီမှုမရရှိသေးဘဲ ကြန့်ကြာနေသည့်အတွက် ဂျူဗင်တပ်စ်အသင်းက ၎င်းတို့အခြေအနေကို စောင့်ကြည့်လျက်ရှိကာ နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် ချိတ်ဆက်မှုများပြုလုပ်နေပြီး ဖီလစ်ပီကိုယ်တိုင်ကလည်း ပြောင်းရွှေ့ကစားဖွယ်ရှိကြောင်း သိရသည်။

*Ref;Fabrizio Romano*

ရောမ၊ ဘောလုံး

## လာဇီယိုအသင်းအလံဖြင့် လှောင်ပြောင်အောင်ပွဲခံခဲ့သည့်အတွက် ရိုးမားအသင်းခံစစ်ကစားသမား မန်စီနီစစ်ဆေးခံနေရ

ရိုးမားအသင်းခံစစ်ကစားသမား မန်စီနီသည် ရောမဒါဘီပွဲစဉ်အဖြစ် ရိုးမားအသင်းနှင့်လာဇီယိုအသင်းတို့ကစားသည့်ပွဲစဉ်အပြီးတွင် လာဇီယိုအသင်းအလံကို လှောင်ပြောင်သည့်အပြုအမူဖြင့် အောင်ပွဲခံသည့်အတွက် အီတလီနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ စစ်ဆေးမှုကို ခံယူနေရကြောင်း သိရသည်။

အီတလီစီးရီးအေပွဲစဉ်အဖြစ်ကစားခဲ့သည့် ရိုးမားအသင်းက လာဇီယိုအသင်းကို ၁ ဂိုး- ဂိုးမရှိဖြင့်အနိုင်ရရှိသည့်ပွဲစဉ်တွင် မန်စီနီက ပွဲချိန် ၄၂ မိနစ်တွင် အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကိုသွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

မန်စီနီသည် ရိုးမားအသင်းနှင့် လာဇီယိုအသင်းတို့ပွဲစဉ်အပြီးတွင် လာဇီယိုအသင်း၏အလံအထိမ်းအမှတ်အရောင်ဖြစ်သည့် အပြာရောင်နှင့် အဖြူရောင်စပ်ပုံစံအလံတွင် အမဲရောင်ကြွက်ရုပ်ပုံထည့်သွင်းထားသည့်အလံကို ပရိသတ်များရှေ့တွင် ဝှေ့ယမ်းပြီး အောင်ပွဲခံခဲ့ခြင်းဖြစ်သည်။

မန်စီနီ၏ လာဇီယိုအသင်းကို လှောင်ပြောင်သည့်ပုံစံဖြင့် အောင်ပွဲခံခြင်းကို လာဇီယိုအသင်းခေါင်းဆောင် အမ်မိုဘီလီက မန်စီနီအနေဖြင့် မိမိတို့အသင်းကို မလေးမစားပြုလုပ်ပြီး အောင်ပွဲခံခြင်းဖြစ်သည်ဟု ဝေဖန်ပြောကြားပြီးနောက် မန်စီနီက မိမိအနေဖြင့် အောင်ပွဲခံခြင်းမှာ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထိခိုက်စေလိုခြင်းမရှိဟု တုံ့ပြန်ပြောကြားခဲ့သော်လည်း အီတလီနိုင်ငံဘောလုံးအဖွဲ့ချုပ်က မန်စီနီ၏ လှောင်ပြောင်အောင်ပွဲခံခြင်းနှင့်ပတ်သက်ပြီး စွဲချက်တင်ကာ စစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

*Ref;Footballitalia*

အမ်စတာဒမ်၊ ဘောလုံး

## အေဂျက်ဇ်အသင်းက နည်းပြအပြောင်းအလဲအတွက် ချယ်လ်ဆီးအသင်းနည်းပြဟောင်း ဂရေဟမ်ပေါ်တာကို ခန့်အပ်ရန်ဆွေးနွေးလျက်ရှိ



နယ်သာလန်ကလပ် အေဂျက်ဇ်အသင်းက ယခုဘောလုံးရာသီတွင် ရလဒ်များဆိုးရွားနေသည့်အတွက် ရာသီအကုန်တွင် နည်းပြအပြောင်းအလဲပြုလုပ်ရန် ပြင်ဆင်နေပြီး ချယ်လ်ဆီးအသင်းနည်းပြဟောင်း ဂရေဟမ်ပေါ်တာကို ခန့်အပ်ရန် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

အေဂျက်ဇ်အသင်းသည် နည်းပြဟောင်း တန်ဟတ်လက်ထက်တွင် ထိပ်တန်းအသင်းတစ်သင်းအဖြစ် ရပ်တည်ပြီး ပြည်တွင်းဆုဖလားများကို ဆွတ်ခူးနိုင်ခဲ့သော်လည်း နည်းပြတန်ဟတ်ထွက်ခွာခဲ့မှုနှင့်အတူ အဓိကကစားသမားများလည်း အသင်းမှထွက်ခွာခဲ့သည့်အတွက် ယခုဘောလုံးရာသီတွင် ရလဒ်ဆိုးများနှင့်တွေ့ကြုံနေရခြင်းဖြစ်သည်။

အေဂျက်ဇ်အသင်းသည် နည်းပြတန်ဟတ်ထွက်ခွာပြီးနောက် ရှရူဒါ၊ ဟိုက်တင်ဂါ၊ စတိုင်ဂျင်၊ မာဒူရိုနှင့် လက်ရှိနည်းပြ ရှရှစ်ပ်တို့ကို ပြောင်းလဲခန့်အပ်ခဲ့သော်လည်း ရလဒ်များကောင်းမွန်လာခြင်းမရှိဘဲ ရုန်းကန်နေရပြီး ဖီယင်နူအသင်းကို ၆ ဂိုး - ဂိုးမရှိဖြင့် ရှုံးနိမ့်သည့်ပွဲစဉ်အပြီးတွင် အသင်းသမိုင်းတစ်လျှောက် ဂိုးပြတ်ရှုံးပွဲအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

နည်းပြဂရေဟမ်ပေါ်တာသည်လည်း ဘရိုက်တန်အသင်းကို တာဝန်ယူကိုင်တွယ်စဉ်က ရလဒ်ကောင်းများရရှိခဲ့သော်လည်း ချယ်လ်ဆီးအသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ရာ ရလဒ်ဆိုးများကြောင့်ထုတ်ပယ်ခံရပြီး လက်ရှိအချိန်ထိ ကလပ်အသင်းလက်မဲ့ဖြစ်နေသူဖြစ်ကြောင်း သိရသည်။

*Ref;Sky Sports*

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
## သတင်းကြေညာချက်
## ၁၃၈၅ ခုနှစ်၊ တန်ခူးလဆန်း (၂)ရက်
## ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁၀)ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် ၂၀၂၄ ခုနှစ်၊ (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မေလ (၃)ရက်မှ (၁၂)ရက်အထိ နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရတနာပြပွဲတွင် မြန်မာနိုင်ငံမှထွက်ရှိသော ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို တင်ပြရောင်းချသွားမည်ဖြစ်ပါသည်။

၂။ ရတနာပြပွဲသို့ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရရှိခဲ့သည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာရောင်းဝယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များကို သတ်မှတ်ချက်များနှင့်အညီ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ၂၀၂၄ ခုနှစ် (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြေတိုင်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနမှ ရေးဆွဲပုံနှိပ်ဖြန့်ဖြူးရောင်းချလျက်ရှိသော မြန်မာပြည်၏ ပြည်နယ်နှင့်တိုင်းဒေသကြီးမြေပုံစာအုပ်(Atlas)ကို ပိုမိုဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် ပုဂ္ဂလိကကုမ္ပဏီ(၁)ခုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စိတ်ဝင်စားသူ ပြည်တွင်းကုမ္ပဏီ၊ လုပ်ငန်းများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများအား ( ၁၀-၅-၂၀၂၄ ) ရက်နေ့ (၁၂:၀၀) နာရီတွင် နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပြီး(၁၄:၀၀)နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင်ရယူနိုင်ပါမည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြေတိုင်းဦးစီးဌာန၊**
**မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း - ၀၆၇-၃၄၁၃၄၃၃၊ ၀၆၇-၃၄၁၃၀၇၃**

### ပျောက်ဆုံးကြောင်း

ဌေးဌေးဝင်း(ဘ)ဦးမောင်ဝင်း ၁၂/ဒဂရ(နိုင်)၀၀၅၇၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 654994)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၈၄၇၁၈၄၈**

### နှစ်ဦးသဘောတူ လင်မယားကွာရှင်းပြတ်စဲကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်မ ဒေါ်ဝင်းနန္ဒာစိုး ၁၀/မလမ(နိုင်)၁၇၀၇၈၄ နှင့် ဦးမြင့်လွင် ၁၄/ဇလန(နိုင်)၀၈၉၃၈၇ တို့သည် လင်မယားအဖြစ်ပေါင်းသင်းခဲ့ရာ သား/သမီး ၂ ဦးထွန်းကားခဲ့ပါသည်။ ခင်ပွန်းဖြစ်သူနှင့်အတူ စိတ်သဘောထား တိုက်ဆိုင်သင့်မြတ်မှုမရှိသောကြောင့် ဆက်လက်ပေါင်းသင်းနေထိုင်ရန်မဖြစ်တော့သဖြင့် ၂၀၂၄ ခုနှစ်၊ ဧပြီလ ၄ ရက်တွင် ကော့သောင်းခရိုင်တရားရုံး၌ ကွာရှင်းမှတ်ပုံတင်အမှတ်၊ ၉/၂၀၂၄ ဖြင့် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခဲ့ပါသည်။ ထို့ကြောင့် ယနေ့မှစ၍ ဦးမြင့်လွင်နှင့်ပတ်သက်သော ကိစ္စရပ်များအားလုံးသည် ကျွန်မ ဒေါ်ဝင်းနန္ဒာစိုးနှင့်မသက်ဆိုင်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဝင်းနန္ဒာစိုး ၁၀/မလမ(နိုင်)၁၇၀၇၈၄**

### In the matter of Intelligent Elevators & Escalators Company Limited
**(In Members' Voluntary Winding-up)**
**[Under Section 201 of the Insolvency Law & Rule 87 of the Insolvency Rules]**

**Notice to Creditors for Proof of Debts or Claims**

Notice is hereby given that the Creditors of Intelligent Elevators & Escalators Company Limited (In Member's Voluntary Winding-up) (Company Registration Number 125118763) are required to submit a Proof of Debt or Claim in the prescribed form together with supporting documents and evidences at Room No. 2D, Rose Condominium, No. 182/194, 1st Floor, Botahtaung Pagoda Road, Pazundaung Township, Yangon Region, Myanmar or email address: **hninsumon@winthinassociates.com** on or before **25-4-2024**, failing to which their claims will be excluded from the benefit of a distribution made before its debt or claim is admitted and objecting to that distribution.

Liquidator of Intelligent Elevators & Escalators Company Limited
(In Members' Voluntary Winding-up)
Daw Hnin Su Mon (B.Com, C.P.A, D.B.L, ACCA, Member of Myanmar Association of Insolvency Practitioners Inc.)

**အလိမ္မာစာမှာရှိ**




### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်း၊ အကွက်အမှတ်(၁၆-၄/ရန်မျိုးအောင်)၊ မြေကွက်အမှတ်(၂၀၁/၂၅၀)နေ ဒေါ်မီမီအောင်(၉/မလန(နိုင်)၀၀၅၅၅၃)ကိုင်ဆောင်သူမှ (အလျား ၂၀'-၀"× အနံ ၁၀'-၀") နံကပ်(၁)ထပ်အဆောက်အဦပြင်ဆင်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦပြင်ဆင်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**အမည်ပြောင်း** (ဘ) ဦးအောင်သန်းဇော် ၁၄/ဟသတ(နိုင်)၂၂၀၁၅၂ ၏သမီး ၁၂/လမန(နိုင်)၁၈၀၈၃၄ ကိုင်ဆောင်သူ မမိုးမြင့်ဘုံသခင်အား မခေတ်ဆုသဒ္ဒါဟန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မခေတ်ဆုသဒ္ဒါဟန်**

## ဧရာဝတီတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး၊
## ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်၊ တင်ဒါကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးမှ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် အောက်ဖော်ပြပါလုပ်ငန်းအုပ်စုအား ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းအုပ်စု | လုပ်ငန်းအမျိုးအစား |
|---|---|---|
| (က) | Lot-1 | အသုတ်နယ်မြေမီးသတ်စခန်း အဆောက်အဦ(သံကူကွန်ကရစ်) (၄၅'×၅၀'×၂၆')ပေ(၂)ထပ် (ရေသန့်၊ လျှပ်စစ်ပါ)၊ ပြင်ပရေ/မီးရရှိရေးလုပ်ငန်း |

၂။ အဆိုပါလုပ်ငန်းအတွက် မြန်မာနိုင်ငံသား ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များသည် လုပ်ငန်းဆိုင်ရာအဆိုပြုလွှာများကို ၁၀-၄-၂၀၂၄ ရက်နေ့မှ စတင်ဝယ်ယူနိုင်ပြီး ၂၃-၄-၂၀၂၄ ရက်နေ့၊ ၁၆:၀၀ နာရီနောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းချက်များနှင့်အညီ အဆိုပြုလွှာတွင်ပါဝင်ရမည့်အချက်အလက်များကို ဧရာဝတီတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး၊ ပုသိမ်မြို့တွင်ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါတင်သွင်းမည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီ၏မှတ်ပုံတင်နှင့်ကုမ္ပဏီ **Profile** ကိုပါ တင်ပြရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ဖော်ပြပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) ဧရာဝတီတိုင်းဒေသကြီး ဖုန်း ၀၄၂-၂၀၂၅၂၉၆
မီးသတ်ဦးစီးမှူးရုံး ဖုန်း ၀၄၂-၂၀၂၁၁၂၂

**တင်ဒါကော်မတီ**
**ဧရာဝတီတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး**

## လမ်းဦးစီးဌာန
## အောင်မြေသာစံခရိုင်
## အိတ်ဖွင့်တင်ဒါအမှတ်စဉ်(၁/၂၀၂၄-၂၀၂၅)ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတား/အဆောက်အဦတည်ဆောက်ရေးလုပ်ငန်းများအတွက်လိုအပ်သော လုပ်ငန်းခွင်သုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ခေါ်၍ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။
(က) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်/အချိန် - ၁၀-၄-၂၀၂၄ ရက်(ဗုဒ္ဓဟူးနေ့) (ရုံးချိန်အတွင်း)
(ခ) တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက်/အချိန် - ၃၀-၄-၂၀၂၄ ရက်(အင်္ဂါနေ့) (၁၄:၀၀)နာရီ
(ဂ) တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ အောင်မြေသာစံခရိုင်
(ဃ) တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန် - ၃-၅-၂၀၂၄(သောကြာနေ့) (၁၀:၀၀)နာရီ
(င) တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ အောင်မြေသာစံခရိုင်

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အောင်မြေသာစံခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဖုန်း(၀၉-၇၈၉၅၁၆၅၄၅)သို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန**
**အောင်မြေသာစံခရိုင်**

## ကယားပြည်နယ်အစိုးရအဖွဲ့
## လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
## ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ကယားပြည်နယ်ညွှန်ကြားရေးမှူးရုံးမှ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကယားပြည်နယ်အတွင်း၌ အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းအား ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| လုပ်ငန်းတည်နေရာ | လုပ်ငန်းအမည် | Lot No |
|---|---|---|
| လွိုင်ကော်မြို့၊ ဒေါ်ဥခူရပ်ကွက် ဝန်ထမ်းအိမ်ရာဝင်း | (၄)ခန်းတွဲ(၅)ထပ်(Roll Type) (၁၀၂'x၂၉. ၅') RC ဝန်ထမ်းအိမ်ရာ(၂)လုံး တည်ဆောက်ခြင်း (၅၀%) | (1) |

၂။ **တင်ဒါလျှောက်လွှာ**
(က) စတင်ရောင်းချမည့်ရက်နေ့ - ၁၁ - ၄ -၂၀၂၄ (ကြာသပတေးနေ့)ရုံးချိန်တွင်း
(ခ) ရောင်းချမည့်နေရာ
- ပြည်နယ်ညွှန်ကြားရေးမှူးရုံး(တွဲဖက်)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ တောင်ကြီးမြို့။
- ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လွိုင်ကော်မြို့။
(ဂ) အရောင်းပိတ်မည့်ရက်နေ့/အချိန် - ၂၄ - ၄ -၂၀၂၄ ( ဗုဒ္ဓဟူးနေ့)(၁၄၀၀)နာရီ
(ဃ) နောက်ဆုံးတင်သွင်းရမည့်ရက်နေ့/အချိန် - ၂၆ - ၄ -၂၀၂၄ ( သောကြာနေ့) (၁၄၀၀)နာရီတိတိ

၃။ တင်ဒါဖွင့်မည့်ရက်နေ့နှင့်နေရာအား ထပ်မံထုတ်ပြန်ကြေညာသွားပါမည်။

၄။ တင်ဒါလျှောက်လွှာများအား သတ်မှတ်နှုန်းထားအတိုင်း ရောင်းချသွားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့ ဖုန်း(၀၉-၄၃၁၃၀၈၅၂)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**ပျောက်ဆုံးကြောင်း** ဖြူဖြူဝင်း(ဘ)ဦးဇော်မင်းထွန်း ၇/ပတန(နိုင်)၁၆၉၇၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 748477)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၆၅၁၆၁၀၇**

### ပျောက်ဆုံးကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ရွာသစ်ကျေးရွာနေ ဦးစိုင်းရှန်းဟိန်း(ဘ)ဦးစိုင်းလုံးကျောက် ၁၃/မကန(နိုင်)၁၀၃၈၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 570727)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၉၄၁၁၁၉၃**

### ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ သစ်တူးအိုင်ရွာနေ အောင်မျိုးလွင်(ဘ)ဦးသက်လွင် ၅/ခဥတ(နိုင်)၁၀၁၁၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 477318)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း

တိုက်(ဘီ)၊ ၄၂မီးရထားဝင်း၊ ကရင်ခြံနေ ဒေါ်ခိုင်စုဟန်(ဘ) ဦးတင်နွဲ့ ၁၂/မဂတ(နိုင်)၀၀၈၂၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

### ပျောက်ဆုံးကြောင်း

ထားဝယ်မြို့၊ ညောင်ရမ်းတောင်ရပ်နေ မခင်ကျော့ကျော့ဝေ(ဘ)ဦးလှဝေ ၆/ထဝန(နိုင်)၁၃၉၀၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်(MB 537223)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၁၀၀၅၈၃၃**

နေပြည်တော် ဧပြီ ၉

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ




ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။





ကချင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဧပြီလ ၆ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ရွာသာကြီး Dry Port ၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁) စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ကြမ်းပစ္စည်း Golda Shortening ကီလိုဂရမ် (၆၀၀၀) အပါအဝင် ကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၂၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Fuso Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀-၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၂၅၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဧပြီလ ၈ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၂)လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် တရုတ်နိုင်ငံထုတ် Ceramic Tiles (၂၈၀၈) စတုရန်းမီတာ**(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၄၃၂၄၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဧပြီလ ၈ ရက်**တွင် ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့၊ ပမ္မတီးရပ်ကွက်၊ ပမ္မတီးမြစ်ဆိပ်ကမ်း၊ စက်လှေဆိပ်၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် (၅၀၈၀)၊ ဓာတ်ဆီ ဂါလန် (၂၄၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၆၉၆၀၀၀)နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် အင်ဂျင်ပါ စက်လှေ (၂)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ မိုးကောင်းမြို့နယ်၊ ပြည်ထောင်စုလမ်းမကြီးအနီး၌ လိုင်စင်မဲ့ Nissan AD Van မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၆၉၆၀၀၀)**ကို ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဧပြီလ ၈ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Lancruiser Prado (၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၀၀၀၀၀) နှင့်တရုတ်နိုင်ငံထုတ် Superir Soy တံဆိပ်ပါ ပဲငံပြာရည် ဖာ (၁၁၁၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၂၄၀၀၀)ကိုလည်းကောင်း၊ ရွှေဘိုမြို့၊ မြောင်းကြီးကျေးရွာအနီး၌ လိုင်စင်မဲ့ Ford Everest မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၃၂၄၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဧပြီလ ၈ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၆ ဒသမ ၁၈၉)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၅၂၂၁၂)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဧပြီလ ၈ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေကျင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဆီသယ်ယာဉ် (၁) စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် (၃၂၀၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀)နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Hyundai KMFPA Bowser (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဧပြီလ ၆ ရက်နှင့် ၈ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၅)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၇၃၅၄၆၁၂)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင် ကော်မတီမှသိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဧပြီ ၉

# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ




မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပူးပေါင်းအဖွဲ့သည် ဧပြီလ ၈ ရက် နံနက် ၉ နာရီတွင် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် မေတ္တာ(၂)လမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ ကျော်ဝင်း(ခ)ရှောင်ကျား အားစစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၀၀၁ ကီလို ကိုလည်းကောင်း၊ ကွင်းဆက်အရ နံနက် ၁၁ နာရီတွင် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် သမာဓိလမ်းရှိ ရှုံ့ရုံတယ် (ခ) အားဝူ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၁၉၇ ကီလို ဘိန်းဆီခဲ ၁ ဒသမ ၄ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၈၅၅၀ ကိုလည်းကောင်း၊ အလားတူ ဧပြီလ ၈ ရက် ညနေ ၅ နာရီတွင် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု တာပီးကျေးရွာရှိ မအားကိုင့်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀ ကိုလည်းကောင်း။

ထို့ပြင် ပူးပေါင်းအဖွဲ့သည် ဧပြီလ ၈ ရက် နံနက် ၁၁ နာရီတွင် လားရှိုးမြို့နယ် မယ်ဟန်ကျေးရွာအုပ်စု မယ်ဟန်ကျေးရွာအနီးတွင် TOYOTA WISH အမျိုးအစား ခရီးသည်တင် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာစိတ်ပြောင်းဆေးဝါး Happy Water ၁ ဒသမ ၀၅ ကီလိုကို လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**

ရေဖြူ ဧပြီ ၉

# ရေဖြူမြို့နယ် မင်းဒပ်ကျေးရွာ၌ Smart Village လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကပုဂေါဓွန်းကျေးရွာအုပ်စု မင်းဒပ်ကျေးရွာ၌ Smart Village ဖြင့် ဆောင်ရွက်ခဲ့သောလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာမြင့်နှင့်တာဝန်ရှိသူများက မင်းဒပ်ကျေးရွာတွင် ကျေးရွာဈေးတည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာမြင့်က လုပ်ငန်းရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

မင်းဒပ်ကျေးရွာ၌ Smart Village လုပ်ငန်းများ ဆောင်ရွက်ရာတွင် အလျား ပေ ၆၀ အနံ ၁၈ ပေ အမြင့် ၁၂ ပေ Smart Village ခွင့်ပြုရန်ပုံငွေ ၁၉ ဒသမ ၉ သန်းဖြင့် ကျေးရွာဈေးတည်ဆောက်ခြင်း၊ အလျားပေ ၄၀ အနံ၁၈ ပေ အမြင့် ၄ လက်မ Smart Village ခွင့်ပြုရန်ပုံငွေ ၈ ဒသမ ၁ သန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် အလျားပေ ၁၈၀ အနံ ၁ ပေ အမြင့် ၁ ပေ Smart Village ခွင့်ပြုရန်ပုံငွေ ၂ ဒသမ သုညသန်းဖြင့် ကွန်ကရစ်ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။ ကျေးရွာနေပြည်သူများအနေဖြင့် ကျေးရွာဈေးတွင် စားသောက်ကုန်နှင့် အဝတ်အထည်အရောင်းအဝယ်လုပ်ငန်းများ တစ်နေရာတည်းတွင် လွယ်ကူစွာဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း ရေဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဇော်မျိုး(မြဝတီ)**


ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်


အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
ISO 9001
BUREAU VERITAS Certification
UKAS MANAGEMENT SYSTEMS
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၃၅၈၁၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
PYIN OO LWIN
NAN MYAING
PURE ARABICA COFFEE
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း / ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊ Internet Bill ပေးဆောင်ခြင်း ၊
E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
Myanmar MOBILE MONEY
မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty များပေးဆောင်ရာတွင်
MMM Service အသုံးပြု၍ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက်တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ ကမ္ဘာကြီး၏ မျက်မှောက်အခြေအနေအရပင်ဖြစ်စေ၊ မိမိတို့နိုင်ငံ၏ ပကတိအရှိတရားအရဖြစ်စေ၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးသည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးပန်းတိုင်၊ အမျိုးသားရေးတာဝန်ပင်ဖြစ်. . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ပြုလုပ်သော (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော်ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ဩဂုတ်လအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်း ကိုးဆင့်မြင့်တက်လာခဲ့ပြီး ကမ္ဘာ့အဆင့် ၆၉ နေရာတွင်ရပ်တည်

စာ - ၉ သို့

## တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

စာ - ၂၉ သို့





## မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

စာ - ၂၉ သို့

ရန်ကုန် ဧပြီ ၉

## ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဘော်လီဘောပြိုင်ပွဲ အလုံခရိုင်အမျိုးသား၊ အမျိုးသမီးအသင်းဗိုလ်စွဲ



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ၁၄ ခရိုင်အမျိုးသား၊ အမျိုးသမီးဘော်လီဘောဗိုလ်လုပွဲပြိုင်ပွဲကို ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း တက်ရောက်ကြည့်ရှုအားပေးသည်။

ဗိုလ်လုပွဲပြိုင်ပွဲ၌ အမျိုးသားပြိုင်ပွဲတွင် အလုံခရိုင်အသင်းက တွံတေးခရိုင်အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် အလုံခရိုင်အသင်းက တွံတေး

စာမျက်နှာ ၂၅ ကော်လံ ၄ ❑

**နိုင်ငံတကာသတင်း**

### အသံတိတ်လူသတ်မှု ကျူးလွန်နေကြတဲ့ ပညာတတ်အသိဉာဏ်မဲ့သူများ

စာ - ၂၂ သို့

### ယူရေးရှားဒေသလုံခြုံရေးအဖွဲ့ဖန်တီးမှုအတွက် ဆွေးနွေးပွဲစတင်ရန် ရုရှားနှင့်တရုတ်သဘောတူ

စာ - ၂၃ သို့

### အင်ဒိုနီးရှား၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုမြင့်တက်နေ

စာ - ၂၃ သို့

